

အို-ွန်းယဉ်စာပေ
ရီရီငွေး
တစ်ကျော့ပြန် ဝိညာဉ်ကျိန်စာ

# မြင့်မြတ် – ၈၁၉၀

### ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

[illegible]

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၂၂၁၀၂၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၁၂၂၀၆၀၉

ထုတ်ဝေသူ
ဒေါ်ရီရီငွေး
ရီရီငွေးစာပေ
အမှတ် (၅၈)၊ ဓမ္မိကဝတီလမ်း၊
စမ်းချောင်း၊ ရန်ကုန်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**
ဦးကျင်ရင်၊ ရွှေခြင်္သေ့ပုံနှိပ်တိုက်
အမှတ် ၂၂၅၊ (၃၂) လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်–ဇူလိုင်လ
တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀၊

၈၉၅.၈၃
ဝါစ်ကျော်ပြန်ဝိညာဉ်ကျိန်စာ / ရီရီငွေး – ရန်ကုန်။
ရီရီငွေးစာပေ ၊ ၂၀၀၉ ။
၂၃၂ – စာ ၊ ၁၁.၉ × ၁၇.၅ စင်တီ။
(၁) ရီရီဝါစ်ကျော်ပြန်ဝိညာဉ်ကျိန်စာ

မြင့်မြတ်-စာပေ

# ရီရီဒွေး

## တစ်ကျော့ပြန် ဝိညာဉ်ကျိန်စာ

အိုယွန်းယှဉ်စာပေတိုက်
အမှတ် (၅၈)၊ ဓမ္မကဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၆၆၁၄၀

၀၁၄၈-[illegible]

## မာတိကာ


အခန်း (၁) မိကျောင်းလူသားနှင့် မိကျောင်းတစ်သိုက်

အခန်း (၂) ခေါင်းရှည်ကို စိန်ခေါ်သူ

အခန်း (၃) ဂမ္ဘီရ-နတ်မိကျောင်းဒဏ္ဍာရီ

အခန်း (၄) ရေကျောက်ချချိန်

အခန်း (၅) တစ်ကျော့ပြန်ဝိညာဉ်ကျိန်စာ

အခန်း (၆) ကျောကုန်းပေါ်က မိကျောင်းကွက်

အခန်း (၇) စိန်မိကျောင်းဘုန်းပွင့်ထွန်း

အခန်း (၈) ရမ္မက်သားကောင်နှင့် မရဏာကမ္ဘာ

## အခန်း (၁)

## "မိကျောင်းလူသားနှင့် မိကျောင်းတစ်သိုက်"

နွေဦးရာသီ မတ်လ၏ ညနေခင်းကလေး ...

လက်ထောက်မင်းသား ဘုန်းပွင့်ထွန်းခေါ် ထွန်းစိန်၏ မြဇာတ်ပွဲသဘင်သည် သံခိပ်ဟူသော ပင်လယ်ကမ်းခြေအနီးရှိ ရွာကလေးသို့ ဇာတ်ကရန် ရောက်ရှိလာခဲ့သည်။

နောက်နေ့ညမှ ဇာတ်ကရမည်ဖြစ်၍ ကြိုတင်ရောက်နေကြပြီး ဇာတ်ရုံနောက်တွင် ဇာတ်သမားများစုဝေးကာ လုပ်ကိုင်စရာရှိသည့်အလုပ်များကို လုပ်ဆောင်နေကြသည်။

ပန်တျာဘုန်းပွင့်ထွန်းသည် ဇာတ်ရုံနှင့်မနီးမဝေးတွင်ရှိသည့် မြစ်ဆိပ်ကမ်းသို့ ရေချိုးရန်ထွက်သွားခဲ့သည်။

ဤတွင် တစ်သက်တွင်တစ်ကြိမ်မကြုံဖူး ထူးဆန်းသည့်

ဖြစ်ရပ်တစ်ခုနှင့် တိုက်တိုက်ဆိုင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

ပန်တျာဘုန်းပွင့်ထွန်းမှာ သံခိပ်ရွာသားတစ်ဦးဖြစ်ပြီး မိမိရွာသို့ ဇာတ်လာကရသဖြင့် ရွာသူရွာသားများနှင့် ရင်းနှီးခင်မင်စွာ ပြောဆိုနှုတ်ဆက်ပြီးနောက် ငယ်စဉ်က ရေချိုးနေကြအတိုင်း သံခိပ်မြစ်ကြီးအတွင်း ရေကူးနေခဲ့သည်။ ထိုမှ မြစ်လယ်သို့ ရေကူးနေစဉ် ...

မိကျောင်းတစ်သိုက်ရောက်လာပြီး ဘုန်းပွင့်ထွန်းဆီသို့ လာပြီး ဝိုင်းထားသဖြင့် ရွာသူရွာသားများက မြစ်ကမ်းဆီသို့ အပြေးလာခဲ့ကြသည်။

ထိုစဉ် ဇာတ်ဆရာဦးမြမောင်က ဆေးလိပ်ဝယ်နိုင်းသည့်အတွက် ကမ်းနားရှိကုန်စုံဆိုင်၌ ဆေးလိပ်ဝယ်နေသော မောင်ချစ်ကလေးသည် ရွာသားများ အပြေးလာသည်ကိုတွေ့သဖြင့်...

"ဦးလေး ဘာဖြစ်တာလဲ"

"ပန်တျာဘုန်းပွင့်ထွန်းကို မိကျောင်းတွေဝိုင်းကိုက်နေလို့"

"ဟာ...ဒါဆိုရင် ဇာတ်အဖွဲ့ကိုပြန်ပြောမှပဲ"

မောင်ချစ်ကလေးက ဤသို့တွေးကာ ဇာတ်ရုံဆီသို့ ခရိုက်ထိုး အပြေးလာခဲ့သည်။

"ပန်တျာဘုန်းပွင့်ထွန်းကို မိကျောင်းတွေဝိုင်းကိုက်နေလို့တဲ့"

မြဇာတ်ပွဲသဘင်မှ လက်တိုလက်တောင်းခိုင်းသည့် မောင်ချစ်လေး၏ အော်ဟစ်ပြောဆိုသံကြောင့် ဇာတ်အဖွဲ့သားအားလုံး အထိတ်တလန့်ဖြစ်သွားခဲ့သည်။

"ဟဲ့…မောင်ချစ်လေး မင်းကို ဘယ်သူပြောလို့လဲ"

"ဦးလေးက ကမ်းနားကို ဆေးလိပ်သွားဝယ်ခိုင်းလို့သွားတာ၊ ကမ်းစပ်တစ်ခုလုံး ရွာသားတွေဝိုင်းနေလို့ မေးကြည့်လိုက်တော့ ကျွန်တော်တို့မင်းသားက ရေဆင်းချိုးတာ မိကျောင်းတွေ ဝိုင်းကိုက်လို့ကြည့်နေကြတာတဲ့"

"ဟုတ်မှဟုတ်ရဲ့လား မောင်ချစ်လေးရယ်"

ပန်တျာဘုန်းပွင့်ထွန်း၏ချစ်သူ စိန်ဒေါင်းမလေး ရတနာက မယုံသင်္ကာသလို ခပ်လောလောကလေးမေးလိုက်သည်။ သည်တွင် မောင်ချစ်လေးက …

"အစ်မက ဘာဖြစ်လို့မေးနေတာလဲ၊ သိချင်ရင် သွားကြည့်ပါလား၊ ကျွန်တော်လည်းသွားကြည့်မယ်"

"အေးဟယ်၊ မောင်ချစ်ပြောတာမှန်တယ်၊ အစ်ကို့ကို မိကျောင်းတွေများဝိုင်းကိုက်နေတယ်ဆိုတာ ငါလည်း သွားကြည့်

ဦးမှဖြစ်မယ်"

ရတနာက စိတ်ပူစွာပြောလိုက်ရာ…

မင်းသမီးတစ်သိုက်နှင့် ယိမ်းသမတစ်စုအပါအဝင် ဇာတ်သမားများက …

"ဟာ…သူက ငါတို့ရဲ့လက်ထောက်မင်းသားပဲ၊ မိကျောင်းကိုက်ရင် သေမှာပေါ့၊ မဖြစ်ဘူး၊ လာ…သွားကြည့်ကြစို့"

ဇာတ်အဖွဲ့သားအားလုံးမှာ မိမိတို့ဇာတ်အဖွဲ့မှ လက်ထောက်မင်းသား ဘုန်းပွင့်ထူးခေါ် မောင်ထွန်းစိန်ကို မိကျောင်းများဝိုင်းကိုက်နေသည်ဟု ကြားသဖြင့် စိတ်ပူသွားပြီး ကမ်းစပ်သို့ အပြေးအလွှားသွားကြည့်ကြသည်။

ထိုအထဲတွင် ဘုန်းပွင့်ထွန်း၏ချစ်သူ စိန်ဒေါင်းမလေး ရတနာမှာ ချစ်သူဇောဖြင့် ထိပ်ဆုံးမှအပြေးကလေးသွားခဲ့သည်။ သူမ၏နှုတ်မှလည်း …

"အစ်ကို…ဘာမှမဖြစ်ပါစေနဲ့၊ မိကျောင်းရန်ကလွတ်ပါစေ" ဟူ၍ တဖွဖွရေရွတ်ရင်း ပြေးလာခဲ့သည်။

ကမ်းစပ်သို့အရောက်တွင် ရွာသူရွာသားများက ကမ်းလုံးညွတ်မျှ ကြည့်နေကြသည့်အတွက် လူအုပ်ကြီးထဲကို အတင်း

ဖြဲကာ ဝင်ရောက်ကြည့်လိုက်သောအခါ ...

ဟော...မြင်တွေ့လိုက်ရပါသည်။ မြင်ကွင်းတစ်ခု။ သည်မြင်ကွင်းကား သူမ၏ဘဝတစ်သက်တာတွင် တစ်ခါဖူးမျှ မမြင်ဖူးသည့် မြင်ကွင်းပင်ဖြစ်သည်။

သူမမြင်ရသည့်မြင်ကွင်းကား...

မြစ်လယ်ရေစီးကြောင်းတွင် မိကျောင်း တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်။ ပေါင်း ငါးကောင်ခန့်သည် ရေဝဲဂယက် တစ်ခုကဲ့သို့ တစ်ကောင်နှင့်တစ်ကောင် လှည့်ပတ်ကူးခတ်နေ သည်။

ထိုမိကျောင်းငါးကောင်၏အလယ်တွင် သူမ၏ချစ်သူ။

ပန်တျာဘုန်းပွင့်ထွန်းက မိကျောင်းများအလွယ်တွင် ကူးခတ်နေပြီး ၎င်း၏ပတ်ပတ်လည်တွင် ကြီးမားလှသည့်မိကျောင်း များက သူတို့၏ ရှည်လျားလှသောပါးစပ်ကြီးများကို ဖြဲလိုက် စေ့လိုက်နှင့်ကူးခတ်နေသည်။

"ဝုန်း"

"ဝုန်း"

"ဝုန်း"

ရေပြင်ကို အမြီးနှင့်ရိုက်ခတ်လိုက်သည့်အတွက် ဝုန်းဝုန်း

အသံကြီးများက ရင်ထဲတွင် ဒိတ်ကနဲ ဒိတ်ကနဲဖြစ်အောင် လန့်ဖြန့်သွားသည်။

ထိုစဉ် ဘုန်းပွင့်ထွန်းက မိကျောင်းကြီးများ၏ဝမ်းဗိုက်အောက်မှလျှိုပြီး တစ်ဖက်သို့ကူးခတ်သွားသည်။ ကျန်မိကျောင်းများက ဘုန်းပွင့်ထွန်းအနီးသို့ ကူးခတ်လာပြန်သည်။

"ဘုရား...ဘုရား...မိကျောင်းကြီးတွေက ငါ့ချစ်သူကို ကိုက်စားမလို့လားမသိဘူး"

အမလေး...မြတ်စွာဘုရားကယ်တော်မူပါ၊ အစ်ကို့ကို မိကျောင်းတွေ မကိုက်ပါစေနဲ့ဘုရား"

မင်းသမီးလေးရတနာက ဤသို့ ကြောက်လန့်တကြားဆုတောင်းနေမိသည်။ ဤတွင် ဘုန်းပွင့်ထွန်းက ရေထဲမှ ဘွားကနဲပေါ်လာပြီး မိကျောင်းတစ်ကောင်၏ကျောကုန်းပေါ်သို့ ခုန်တက်လိုက်သည်။

"အမလေး...သူရဲကောင်းကြီးရဲ့ ကမ်းစပ်ဘက်ကိုပြေးမယ်မကြံဘူး၊ မိကျောင်းရဲ့ကျောကုန်းပေါ်တောင် ခုန်တက်လိုက်သေးတယ်၊ ရှင့်ကိုကြည့်ရတာ ကြောက်လွန်းလို့ ကျွန်မတော့သေတော့မယ်"

ရတနာ၏ရင်ဘတ်မှာ ကြောက်လွန်း၍ တဆတ်ဆတ်

တုန်ယင်နေသည်။ သည်တွင် ဘုန်းပွင့်ထွန်းက ကောင်းကောင်း အငြိမ်မနေ။ သည့်မိကျောင်းကျောကုန်းမှ အခြားမိကျောင်းတစ်ကောင်၏ကျောကုန်းသို့ ခုန်၍ကူးလိုက်ပြန်သည်။

"အစ်ကိုတော့ သေတော့မှာပဲ"

"အစ်ကိုရေ…ကမ်းစပ်ကို အမြန်ကူးလာပါတော့"

ရတနာက အကျယ်ကြီးအော်ပြောလိုက်သည်။

သို့သော် ရေလယ်ခေါင်သို့ရောက်နေပြီး မိကျောင်းများ၏ အမြီးရိုက်သံတဝုန်းဝုန်းအသံများ ဖုံးလွှမ်းနေသည့်အတွက် ဘုန်းပွင့်ထွန်းက ရတနာ၏အသံကို မကြားရချေ။

ထိုစဉ် ဘုန်းပွင့်ထွန်းက …

"ငါးပေါက်တွေ ပစ်ချပေးပါဗျို့"

ဟူ၍ ပါးစပ်ရှေ့တွင် လက်နှစ်ဖက်ကိုအော်လန်သဖွယ်လုပ်ကာ အကျယ်ကြီးအော်ပြောလိုက်ရာ…

ကမ်းစပ်၌ကြည့်နေသော ရွာသူရွာသားများမှာ တံငါရွာဖြစ်သည့်အလျောက် အိမ်တိုင်းလိုလို ငါးပေါက်များရှိနေသည့်အတွက် ၎င်းတို့၏အိမ်မှ ငါးပေါက်များကို အပြေးအလွှားသွားယူပြီး ရေထဲသို့ပစ်ပေးလိုက်ကြသည်။ ကမ်းစပ်တွင် ငါးပေါက်အကောင်များ ပြန့်ကျဲသွားခဲ့သည်။ ကမ်းစပ်က ရွာသူရွာသား

များကလည်း …

"ထွန်းစိန်ရေ…ဒီမှာ ငါးပေါက်တွေပစ်ချလိုက်ပြီဟေ့"

ထိုသို့ အကျယ်ကြီးအော်ပြောလိုက်ကြသည်။ ငါးပစ်ချသည်ကိုတွေ့သောအခါ ထွန်းစိန်ခေါ် ဘုန်းပွင့်ထွန်းက မိကျောင်း၏ကျောကုန်းထက်မှခုန်ဆင်းပြီး ကမ်းစပ်သို့ကူးခတ်လာစဉ် မိကျောင်းတစ်သိုက်ကလည်း ၎င်း၏နောက်က ကူးခတ်ကာလိုက်လာခဲ့သည်။

ထို့နောက် ရေပေါ်တွင်ပေါ်နေသည့် ငါးပေါက်များကိုကောက်ယူပြီး ပါးစပ်ဟာထားသည့် မိကျောင်းများဆီသို့ ပစ်ပေးလိုက်သည်။ တစ်ချို့သောငါးများမှာ ရေတွင်ပေါ်လောပေါ်နေသဖြင့် အချို့သောမိကျောင်းများက ရေပေါ်တွင်ပေါ်လောပေါ်နေသည့် ငါးများကိုထိုးဟပ်ကာ စားသောက်နေသည်။

သူကမူ ရေထဲတွင်ကူးခတ်လိုက် မိကျောင်းများကို အစာကျွေးလိုက် မိကျောင်းများ၏ကျောကုန်းပေါ်တက်လိုက်နှင့် လွန်စွာအလုပ်ရှုပ်နေပါတော့သည်။

ထိုမြင်ကွင်းကား …

သူမအဖို့ မယုံကြည်စရာမြင်ကွင်းတစ်ခုပင် ဖြစ်သည်။

မိကျောင်းတစ်သိုက်အကြားတွင် ရောက်ရှိနေသည့်

ချစ်သူဘုန်းပွင့်ထွန်းကို အန္တရာယ်ကြီးစွာနှင့် ရင်ဆိုင်နေရသည်ဟု ထင်ထားသဖြင့် လွန်စွာစိုးရိမ်ပူပန်ခဲ့ရာ ယခုတွင် ပါစင်အောင် လွဲခဲ့ပြီ။

ချစ်သူကမူ …

မိကျောင်းများအလယ်တွင် …

"ငမိုးရေ…ငတိုးရေ…ငစိုးရေ…"ဟုခေါ်ကာ အစာ ကျွေးရင်း လွန်စွာပျော်ရွှင်မြူးတူးနေခဲ့သည်။ မိကျောင်းတစ်သိုက် ကလည်း ၄င်းကိုပတ်ချာဝိုင်းကာကူးခတ်ရင်း ငါးပေါက်များကို စားလိုက် ဘုန်းပွင့်ထွန်း၏နောက်သို့လိုက်ပြီး ရေပြင်ကို အမြီးနှင့် တဝုန်းဝုန်းရိုက်ကာ ပျော်ရွှင်စွာ ရေကစားနေပါတော့သည်။

ဤသို့ ထူးဆန်းလှသည့် မိကျောင်းများနှင့်လူသားတစ် ယောက် ရင်းနှီးစွာနေထိုင်ပုံမှာ ပြောမယုံကြုံဖူးမှသိဆိုသလို ဖြစ် ခဲ့ရသည်။

သူမသည် သည်အကြောင်းအရာကို အခြားသူတစ်ဦးဦး က ပြောပြပါမူ ယုံကြည်ရန်ခဲယဉ်းစွ။

မယုံပါ။ မည်သို့ပြောပြော မယုံရေးချမယုံပါ။

အခုတော့ လက်တွေ့မျက်မြင်ဖြစ်၍သာ ယုံလိုက်ရသည်။

ဒါပေမဲ့ အံ့ဩမှုအပြည့်နှင့် သူမကြည့်နေခဲ့သည်။

"ဒါဟာ တကယ်ပဲဖြစ်နေတာလား၊ ငါ အိပ်မက်များ မက်နေတာလား"

"မိကျောင်းနဲ့လူသား ဒီလို ချစ်ချစ်ခင်ခင် ရင်းရင်းနှီး နှီးနေတာ တစ်ခါမှမတွေ့မြင်ဖူးဘူး"

"အင်း…သူ တစ်ခါကပြောဖူးတယ်၊ သူဟာ မိကျောင်း ဝင်စားတာတဲ့"

မိကျောင်းတွေကလည်း သူ့ကိုချစ်လိုက်တာ၊ ကျော့ကုန်း ပေါ်ကတောင်မချာဘူး"

စိန်ဒေါင်းမလေးရတနာမှာ ဘုန်းပွင့်ထွန်း၏ ထူးခြား သည့်ဖြစ်ရပ်ကိုကြည့်ပြီး အံ့ဩနေစဉ် သူက ရတနာကိုတွေ့ သွားပြီး ..

"ရတနာ…အစ်ကိုလာပြီ"

ဟုပြောဆိုကာ ကမ်းစပ်သို့ပြေးတက်လာသည်။

ထိုမှအစပြုကာ မိကျောင်းလူသား(သို့မဟုတ်)မိကျောင်း ဝင်စားသူတစ်ဦး၏ ဤကဲ့သို့ ထူးခြားဆန်းကြယ်သောဖြစ်ရပ်၏ အစဦးအခြေခံဇစ်မြစ်ကို ပန်တျာဘုန်းပွင့်ထွန်း (သို့မဟုတ်)

မောင်ထွန်းစိန်က ရတနာအပါအဝင် ဇာတ်အဖွဲ့သားများကို ဤသို့ ပြောပြခဲ့ပါတော့သည်။

❂ ❂ ❂

မိကျောင်းလူသား (သို့မဟုတ်) မိကျောင်းဝင်စားသည့် ဘုန်းပွင့်ထွန်း၏ မွေးရပ်ဌာနေကား...

● သံခိတ်ဆိုသည့်ရွာကလေး ...

သည်ရွာကလေးကား သံခိတ်မြစ်ကမ်းဘေးမှာရှိသည်။ မြစ်ရိုးတစ်လျှောက်တွင် ခြေတန်ရှည်တဲအိမ်ကလေးများကို အစီအရီတွေ့နိုင်သည်။ ထိုမှ ရွာတွင်းသို့ဝင်လာလျှင် ပျဉ်ထောင်အိမ် မူလတန်းကျောင်း ရွာ့ဆေးပေးခန်း စသည်တို့ရှိသည်။ ထိုရွာက ရွာသားအများစုမှာ ရေလုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်းကြသည်။ ထိုမြစ်မှထွက်လျှင် ကပ္ပလီပင်လယ်ပြင်သို့ရောက်သည်။ ပင်လယ်ပြင်နှင့်မဝေးသည့်အတွက် အချို့က ငါးဖောင်လိုက်ရသည်။ ငါးပုစွန်များကို အစိမ်းလိုက်ရောင်းသူကရောင်းကြသည်။ ရွာသူမများမှာ ငါးပိ ငါးခြောက်လုပ်ငန်းကို လုပ်ကိုင်ကြသည်။ ကမ်းစပ်လွတာပြင်မှာ ဝါးလုံးတန်းများထိုးကာ ငါးခြောက်လှန်း

သူများဖြင့် စည်ကားနေသည်။ ရွာသူရွာသားများမှာ အားသည် ဟူ၍မရှိဘဲ အိမ်ရှိလူကုန် အလုပ်လုပ်ကြရသည်။ ငါးခြောက်ခွဲသူကခွဲ၊ ငါးခြောက်လှမ်းသူကလှမ်းနှင့် အလုပ်နှင့်လက် အားရသည်ဟူ၍ပင်မရှိပေ။

ထို့အတူ မှျင်ငပိလုပ်သူများကလည်း ပုဇွန်အသေးလေးများထဲတွင် ဂဏန်းသေးကလေးများနှင့် ငါးသေးကလေးများ ရောနှောနေသည်ကို ရွေးသူကရွေး။

ထိုပုဇွန်ကလေးများကို တောင်းသူကတောင်းနှင့် လွန်စွာ အလုပ်ရှုပ်နေခဲ့သည်။

သံခိပ်မြစ်သည် သံခိပ်ရွာကလေးကို ပတ်ဝိုင်း၍စီးဆင်းနေသည်။ သာမာန်အချိန်တွင် မြစ်မှာ မကျယ်လှသော်လည်း ဒီရေတက်ချိန်ဆိုလျှင် ရေပြည့်လျှံကာ ကြီးမားကျယ်ပြန့်သည့် မြစ်ကြီးတစ်စင်းအလား ထင်မှတ်ရသည်။ မြစ်ရိုးတစ်လျှောက် တွင် လမု ကနစို ပိတ်စွယ် သင်ပေါင်း စသည့် သစ်ပင်ကြီးများမှာ တစ်ကိုင်းနှင့်တစ်ကိုင်း အုပ်ဆိုင်းသန်းနေသည့်အတွက် အရိပ်ကောင်းလှပေသည်။

ထိုအပင်များ၏အောက်ခြေတွင်ကား ခရာဆူးချုံများ၊ ရင်းရဲ၊ ရေကတီ၊ ရေချင်းယားအပင်ငယ်များ ခြုံပုတ်များကို တွေ့

နိုင်သည်။ ခရာဆူးခြုံမှ ခရမ်းရောင်ပန်းပွင့်ကလေးများမှာ ရွှံ့နွံ တောကို အလှဆင်နေသည့်နှယ် လှပစွာ ပွင့်နေသည်ကို မြင်တွေ့ ရသည်။

ဟိုးတစ်ဘက်မြစ်ကမ်းစပ်တွင် .... ကိုင်းတောကြီးများ နှင့် ဝက်လာတောကြီးများရှိပြီး ကမ်းပါးတစ်လျှောက်တွင် ရေစပ် ပန်းနွယ် ရင်းနှောင်းနွယ် စသည် နွယ်ပင်နွယ်တန်းပင်များဖြင့် ချုံပုတ်များသဖွယ် ဖြစ်နေပါသည်။ ဒိုက်များနှင့် ရေမှော်ပင် များစွာရှိသဖြင့် ထိုနေရာတွင် ငါးများ အုပ်စုလိုက်ခိုအောင်းတတ် သည်။ ကိုင်းထူထပ်ပြီး ကိုင်းတောအလွန်တွင် ကျယ်ပြောသော ခနိတောကြီးကို တွေ့မြင်နိုင်သည်။

ထိုနေရာကား ကျယ်ပြောသောခနိတောကြီးရှိသဖြင့် ကလေးများမှာ လှေဖြင့်ကူးလာပြီး ခနိသီးများကိုခူးလေ့ရှိသည်။ ယခုလည်း ကလေးတစ်သိုက်သည် ဟိုးဘက်ကမ်းသို့ ခနိသီး ခူးရန် လှေလှော်လာခဲ့သည်။ ထိုကလေးတစ်သိုက်တွင် နီတွတ် တစ်ယောက်လည်း ပါဝင်ခဲ့သည်။

နီတွတ်၊ ဒင်္ဂါး၊ ဖိုးပေါက်နှင့် ကလေးငါးဦးခန့်သည် ခနိတောရှိရာသို့ လာခဲ့ကြသည်။ ထိုအုပ်စုထဲတွင် အသက်ဆယ့် နှစ်နှစ်ခန့်ရှိ နီတွတ်က ခေါင်းဆောင်လုပ်လာခဲ့သည်။

"ဟော့ကောင်တွေ ဓနိတောစပ်ရောက်ပြီ၊ ဟိုနားမှာ လှေရပ်မယ်"

"နီတွတ်…ဒီနားမှာရပ်တော့ ဘာဖြစ်လို့တုန်း"

"ဒီနားက ရွံ့နွံတွေပေါတယ်၊ ဟိုဘက်နားကမြေမာတယ်"

"ကဲ…မင်းပြောတဲ့နေရာမှာပဲ လှေရပ်လိုက်တော့မယ်"

နီတွတ်တို့အုပ်စုမှာ ကုန်းပေါ်နေသည့်နေရာတွင် လှေကိုရပ်လိုက်သည်။ ထို့နောက် ဓနိတောထဲဆင်းသွားကာ…

"ဒီ…ဓနိသီးကရင့်နေပြီ၊ လှီးလိုက်တော့မယ်"

"ငါက ဒီဘက်ကဓနိသီးတွေကို လှီးမယ်"

"များများရအောင်လှီးကြနော်"

ဓနိသီးများမှာ အခိုင်လိုက်သီးသည့်အတွက် အသင့်ပါလာသည့်ဓနိလှီးသည့် ဓားကောက်ကလေးများနှင့် လှီးလိုက်သည်။

နီတွတ်က ဓနိခိုင်ထဲမှ ဓနိသီးတစ်လုံးကိုလှီးကာ ခေါင်းဘက်မှ ထက်ခြမ်းခွဲလိုက်သည်။ ပြီးတော့ အထဲမှ ဓနိဆံကို ဓားကောက်နှင့်ကော်ပြီး စားကြည့်လိုက်သည်။

ထုတ်ထုတ်…ထုတ်ထုတ်နှင့် ထန်းသီးစားရသည့်အရသာမျိုး။

"အားပါး…အရမ်းကောင်းတာပဲ"

နီတွတ်က ခနိသီးစားရင်း အဖော်အပေါင်းများအား လှမ်း
ပြာလိုက်သည်။

"နီတွတ်…မင်းက ခနိသီးမလှီးဘဲ ဘာဖြစ်လို့စားနေရ
ာလဲ"

"စားချင်လို့စားတာ ဘာဖြစ်လဲ"

"အေး…စားနေတာကအရေးမကြီးဘူး၊ တော်ကြာ ရေ
ာက်လာတော့မယ်"

"ရေတက်တက်ကွာ"

"ရေတက်ရင် ပင့်လယ်ကြီးလောက်ကျယ်သွားမှာပေါ့၊
ို့ လှေလှော်ရတာ အများကြီးလှော်ရမှာပေါ့"

"လှော်…လှော်ကွာ"

နီတွတ်က ခနိသီးနောက်တစ်လုံးကိုခွဲစားရင်း ပြော့လိုက်
န်သည်။ သည်တွင် ဖိုးပေါက်က …

"အဲဒါက အရေးမကြီးဘူး။ ဒီရေနဲ့အတူ မိကျောင်းတွေ
ါလာတတ်တယ်လို့ ငါ့အမေကပြောဖူးတယ်"

"ဟုတ်တယ်၊ ဟိုတလောကပဲ မီးနေသည်မဝါနုကို
ဝတ်လျှော်နေတုန်း မိကျောင်းဆွဲသွားလို့ အလောင်းတော်ပြန်မရ

ဘူး"

"ဟုတ်တယ်ကွ၊ ငါလည်း မိဘတွေမသိအောင်
ထွက်လာတာ၊ ငါ့အမေကပြောတယ်၊ ဒီဘက်ကမ်းက ဒိုက်
သရိုက်တွေထဲမှာ မိကျောင်းတွေခိုအောင်းတဲ့နေရာတဲ့၊ ဘဦး
အဖေပြောတော့ မိကျောင်းကြီးကို ဒီဘက်ကမ်းမှာ ခဏခဏ
တယ်တဲ့"

"လူကြီးတွေက အလကားလျှောက်ပြောနေတာ၊ ငါ
ဓနိသီးခူးမှာစိုးလို့"

ပြောရင်းဆိုရင် ဓနိသီးများကို တစ်လုံးပြီးတစ်လုံး ခွဲ
နေခဲ့သည်။ ဓနိသီးများမှာလည်း မြောက်များစွာသီးနေသဖြ
ခူး၍မကုန်နိုင်အောင်ပင်။

ထိုသို့ခူးနေစဉ် အချိန်တွေ တရွေ့ရွေ့ကုန်ခဲ့သည်။

သဘာဝတရားက အချိန်မှန်မှန်လည်ပတ်နေသည့်အတွက်
ထိုမြစ်အတွင်း ဒီရေတွေ တစ်စတစ်စ တက်လာခဲ့သည်။

"ကဲ…ဒီနေ့တော့ ဒီလောက်နဲ့ပဲ ဓနိသီးခူးတာရပ်လိုက်
တော့"

"အေးကွာ…ခူးရင်းနဲ့ ညနေလည်းစောင်းလာပြီ
ရေလည်း တက်လာပြီ၊ လူကြီးတွေပြန်မရောက်ခင် တို့ပြန်မှဖြ

ယ်"

ကလေးတစ်သိုက်မှာ ...

ခနိခိုင်များကို မနိုင်မနင်းနှင့်သယ်ကာ ခနိတောအပြင် ဘက်သို့ ထုတ်လာခဲ့သည်။ သည်နေရာမှာ နီတွတ်က ဆရာကြီး။

"ဟေ့ကောင်တွေ မြန်မြန်လုပ်ဟေ့၊ မိုးတောင်ကညို့ နေပြီ"

"မင်းကရော ဝိုင်းသယ်ဦးလေကွာ"

"အေးပါကွာ"

နီတွတ်တို့အုပ်စုမှာ ခနိခိုင်များကိုဆွဲကာ တစ်ယောက်ကို တစ်ယောက် လက်ဆင့်ကမ်းပေးခဲ့သည်။ နောက်ဆုံးနေရာကနေ သည့် ဖိုးပေါက်က လှေဝမ်းထဲချထားပေးခဲ့သည်။

"ကဲ...ခနိခိုင်အားလုံးလည်း လှေပေါ်ရောက်ပြီ၊ လှေ ထွက်ကြစို့"

"ဟေ့ကောင်...ဒင်္ဂါး၊ လှေကို တွန်းစမ်းကွာ"

"အေးပါ...ငါတွန်းမယ်"

ကမ်းစပ်၌စိုက်ထားသည့်လှေကို ရေနက်ထဲသို့ရောက် စေရန် ဒင်္ဂါးက လှေ၏နောက်ပိုင်းရှိပဲ့ကို တွန်းလိုက်သည်။

လှေကလေးမှာ အရှိန်နှင့်စထွက်စဉ် ဒင်္ဂါးက လှေပေါ်

သို့ ကျင်လည်စွာ ခုန်ပြီးတက်လိုက်သည်။

"ဒီနေ့ ဓနိသီးခူးရတာ အရမ်းအဆင်ပြေတယ်"

"ဟုတ်တယ်…ဓနိသီးတွေအများကြီးရတယ်"

"ဒီ…ဓနိသီးတွေကို ဘုန်းကြီးကျောင်းအောက်မှာ ဖွက် ထားပြီး သူငယ်ချင်းတွေကို လိုက်ဝေမယ်"

"ကောင်းတယ်…ကောင်းတယ်…ကပ္ပိယကြီး ဦးဖြူသီး က ဓနိသီးအရမ်းကြိုက်တာ၊ သူ့ကိုပေးပြီး သူ့ဆီမှာထားပြီး ဝေ ကြတာပေါ့"

"အေး…ကောင်းတယ်"

နီတွတ်တို့ကလေးတစ်သိုက်မှာ သူငယ်ချင်းများကို ပျော် ပျော်ပါးပါးဝေရန် စကားတပြောပြောနှင့် လှေကိုလှော်လာခဲ့ကြ သည်။ သူတို့၏မျက်နှာပေါ်တွင် အပြုံးကလေးတွေဝေနေသည်။

ကလေးငယ်များကား ဖြူစင်ရိုးသားကြသည်။ သူတို့ စိတ်ထဲတွင် အပျော်ကလေးတွေသာရှိသည်။ အနာဂတ်၏ ကံကြမ္မာကို ကြိုတင်မတွေးသမလို ကံကြမ္မာ၏အတိမ်အနက်ကို လည်း ကြိုတင်မသိခဲ့ပေ။

ဆိုးဝါးနက်မှော်လှသည့် ကံကြမ္မာကား …

ကလေးငယ်များနောက်သို့ တောက်လျှောက်လာခဲ့သည်။

ဤသည်ကား…

မြစ်ကမ်းစပ်အနားရှိ ဒိုက်တောထဲမှာ သစ်တုံးကြီးတစ်တုံးလို မလှုပ်မယှက်ဝပ်တွား၍ နီတွတ်တို့လှေကို မမှိတ်မသုန်သောမျက်စေ့ဖြင့် စူးစိုက်ကြည့်နေသော မိကျောင်းကြီးတစ်ကောင်။

လှေကလေးကအထွက်…

မိကျောင်းကြီးကား သစ်တုံးတစ်တုံးလို ရေစီးထဲမှာ အသာမျောပြီးလိုက်ခဲ့သည်။ သည်နေရာကား ဒိုက်များ၊ ကျူပင်များ၊ ဓနိပင်များနှင့် ချိုင့်ဝှမ်းများရှိပြီး သုံမွေးဖွားကြီးပြင်းခဲ့ရာအရပ်ဖြစ်သည်။ သည်နောက် ချောင်းရေ၊ မြစ်ရေများကြားမှာ ခုန်ဆန်ကူးခပ်ရင်း သူကျင်လည်ကျက်စားရာနေရာတစ်ခု ဖြစ်ခဲ့သည်။

• ဤမိကျောင်းကြီးမှာ မြစ်အတွင်းသွားလာနေသော လှေများကိုမှောက်ပစ်ကာ လူတွေကို ကိုက်ချီတတ်သည်။ သည်မိကျောင်းထီးကြီးမှာ ခေါင်းရှည်သဖြင့် သူ့ကို ရွာသူရွာသားများက "ခေါင်းရှည်ကြီး" ဟု ကင်ပွန်းတပ်ထားခဲ့ကြသည်။

ချောင်းအတွင်း ရေဆင်းသောက်သည့်ခွေးများကိုလည်း အမြီးနှင့်ရိုက်ပြီး ရေလယ်သို့ဆွဲသွားတတ်သည်။ အဝတ်လျှော်သူများ ရေချိုးသူများကိုလည်း ချမ်းသာမပေး။ အမြီးနှင့်ရိုက်ပြီး

ခြေလက်များကို အရင်ဆုံးကိုက်ဖြတ်စားသောက်တတ်သည်။

ကျန်ရှိသောအပိုင်းများကို သူ့ကျောထက်က နှစ်ခွဆူး တောင်အကြားရှိ အလောင်းစင်ပေါ်သို့တင်ကာ သစ်ခွေး၊ အမှိုက်သရိုက်များဖြင့် ပြုလုပ်ထားသည့် သူ၏သားရဲတွင်းရှိရာသို့ ယူဆောင်သွားခဲ့သည်။ သူ၏သားရဲတွင်းကား မြစ်အတွင်းရှိ ချိုင့်ဝှမ်းထဲသို့ အသိုက်လုပ်ထားပြီး လူသေကောင် ခွေးသေကောင်များကို ယိုအထဲတွင်ထားကာ အပုပ်ခံထားလေ့ရှိသည်။ ဤသည်ကား ချက်ချင်းမစားသေးဘဲ သိုလှောင်ထားသည့်အစာဖြစ်သည်။

အခြားစားစရာများမရှိပါက ထိုအပုပ်ခံထားသည့် အစားအစာများကို ကိုက်ဖြတ်စားသောက်တတ်သည်။

ထိုအချိန်အခါမျိုးတွင် မည်သည့်သားကောင်မျှ မဖမ်းဘဲ ငြိမ်နေတတ်သည်။ ထိုသို့သောအခါမျိုးတွင် ထိုမြစ်ကလေးမှာ အန္တရာယ်ကင်းနေတတ်သည်။ ထိုသို့ဖြင့် မေ့မေ့ပျောက်ပျောက် နေချိန်တွင် သူ တစ်ဖန်ရောက်လာတတ်သည်။

ဤမိကျောင်းထီးကြီး၏အန္တရာယ်ကို စိုးကြောက်၍ မိဘများက သားသမီးများကို သူတို့မသိဘဲ မြစ်အတွင်း ဖြတ်သန်းခြင်းမပြုရန် တားမြစ်ခဲ့ကြသည်။ ယခုမူ မိဘစကားနားမထောင်သည့် ကလေးတစ်သိုက်။

ခနီသီးကိုသာမြင်ပြီး အန္တရာယ်ကိုမမြင်ခဲ့ပေ။

သူတို့က ပြုံးပျော်ကာ စကားများကိုဖောင်ဖွဲ့ပြောရင်းသည်ဘက်ကမ်းသို့ ကူးလာခဲ့သည်။

ထိုစဉ် မိကျောင်းကြီးကလည်း လှေနောက်သို့ ခပ်ဖြည်းဖြည်းကူးခပ်ရင်း လိုက်ပါလာခဲ့သည်။ မိကျောင်းကြီးအဖို့ သည်လှေလောက်ကို အသာကလေး ကျောကုန်းပေါ်တင်ပြီးမှောက်နိုင်သည်။ မိကျောင်းကြီးက အသိဉာဏ်ရှိသည်။ သည်ရေအနက်လောက်နဲ့ လှေကိုမမှောက်သေး။

ရေလယ်သို့ရောက်မှ လှေမှောက်ရန် တဖြည်းဖြည်းနောက်မှလိုက်လာခဲ့သည်။ ကံကြမ္မာဆိုးကိုမသိရှာသည့် နီတွတ်တို့ကလေးတစ်သိုက်မှာ မြစ်ကိုဖြတ်၍ လှော်ခတ်လာစဉ် ရေလယ်သို့ရောက်ခါနီးအချိန်၌ မိုးကောင်းကင်တစ်ခုလုံး ညို့မည်းမှောင်လာခဲ့သည်။

"ဂျိမ်း...တလိမ်းလိမ်း...ဂျိမ်း"

ဟူသည့် မိုးခြိမ်းသံကြီးကြားပြီး မိုးကြီးသည်းထန်စွာရွာခဲ့သည်။

"နီတွတ်ရေ...ပဲ့ကို သေသေချာချာကိုင်ထား၊ မိုးတွေသည်းလာပြီ"

"ဟုတ်တယ်၊ လှေလူးလိမ့်မယ်၊ သတိထားဟေ့"

"မင်းတို့ ကောင်းကောင်းလှော်ကြ"

မိုးသည်းထန်စွာ ရွာသွန်းသလို လေကလည်း ခပ်ကြမ်း ကြမ်းတိုက်သဖြင့် လှေကလေးမှာ ချောင်းအလယ်တွင် လူးလူး လိမ့်လိမ့်ဖြစ်နေသသည်။ ကလေးငယ်ကလေးများမှာ လှေ မမှောက်ရန်သတိထားပြီး လှေကို လှော်ခတ်နေရသည်။ သည် တွင် ...

မိကျောင်းဖိုကြီးအတွက် အကွက်ဆိုက်လာခဲ့ပြီ။

နက်ရှိုင်းလှသော ရေလယ်သို့လှေငယ်အရောက်...

သဘာဝတရားက ကူညီပေးသလို မိုးကြီးလေကြီးရွာ နေခဲ့ပြီ။

လူးလွန့်နေသည့်လှေကလေးဆီသို့ ခပ်ဖြည်းဖြည်းကူး ခပ်လာပြီး လှေအောက်သို့ သူ၏ခန္ဓာကိုယ်ကြီးကို ငုပ်လျှိုးဝင် လိုက်သည်။

ဒါက သူလုပ်နေကျအလုပ်ဖြစ်၍ သူ ကျွမ်းကျင်သည်။

ပြီးတော့...သူ့ရဲ့ခန္ဓာကိုယ်ကြီ းကို ရေပေါ်သို့ အားမာန် အပြည့်သွင်းကာ ပင့်ချီကာ မ,လိုက်သည်။

"အမလေး...လုပ်ကြပါဦး"

"အမေရေ...ကယ်ပါဦး"

"ကယ်တော်မူကြပါဖျို့"

ကလေးများဆီက ဆူညံသောအသံများ ထွက်ပေါ်လာခဲ့သည်။

မိကျောင်းကြီး၏ခန္ဓာကိုယ်ဖြင့် မ,လိုက်သည့်အတွက် နဂိုက လူးခတ်နေသည့်လှေကလေးမှာ ခနိခိုင်များကြောင့်လည်းကောင်း မိုးသည့်လေထန်ခြင်းကြောင့်လည်းကောင်း ရေလယ်တွင် လှေမှောက်ခဲ့လေပြီ။

ခနိသီးများလည်း ရေထဲသို့မျောနေခဲ့သည်။ သည်အထိပင် မိကျောင်းထီးကြီးကြောင့် လှေမှောက်သည်ဟုမသိဘဲ မိုးသည် ရေထန်၍ လှေမှောက်သည်ဟုထင်ကာ ရေထဲတွင် ကူးခပ်ခဲ့ကြသည်။

ပဲ့ကိုင်ရှင်နီတွတ်မှာ အခြားကလေးများထက် နောက်ရောက်နေသည်။ သူတို့အုပ်စုသည်။ မိဘများအိမ်ရှိရာ သည်ဘက်ကမ်းသို့ အမြန်ဆုံးကူးခပ်စဉ် နီတွတ်သည် ...

၄င်း၏အနားတွင် မိကျောင်းကြီးတစ်ကောင်ကို မမျှော်လင့်ဘဲ "ဘွားကနဲ" မြင်တွေ့လိုက်ရသဖြင့် လန့်ဖြန့်သွားကာ...

"ဟာ…မိကျောင်းကြီးပါလား၊ ငါ့ကိုကိုက်ရင်တော့ ဒုက္ခပါပဲ"

ထိုသို့တွေးလိုက်စဉ် မိကျောင်းကြီးက သူ၏အမြီးဖြင့် ပြင်းထန်စွာရိုက်လိုက်သည်။

"ဘုန်း"

"ဗွမ်း"

"ဘုန်း"

"အမလေး…လုပ်ကြပါဦး"

နီတွတ်မှာ ကြောက်လန့်သည်ကတစ်ကြောင်း နာကျင်မှုကြောင့် ရေထဲသို့နစ်မြုပ်သွားခဲ့သည်။

"ငါတော့ မိဘစကားကိုနားမထောင်မိလို့ မိကျောင်းအန္တရာယ်နဲ့တွေ့ရပြီ"

ထိုသို့စဉ်းစားကာ ရှိသမျှအင်အားဖြင့်ရုန်းကန်ကာ ရေပေါ်သို့ရောက်အောင် ကူးခတ်လိုက်သည်။ သည်တွင် သူ၏ပေါင်တစ်ဘက်မှာ ပူကနဲဖြစ်သွားပြီး အလွန်အမင်း နာကျင်မှုကိုခံစားလိုက်ရသည်။

"ငါ့ရဲ့ပေါင်ကို ကိုက်ဖြတ်လိုက်ပြီနဲ့တူတယ်"

နီတွတ် တွေးသည့်အတိုင်းမှန်ပေသည်။ မိကျောင်းကြီး

က နီတွတ်၏ပေါင်တစ်ချောင်းကို ကိုက်ထားလိုက်သည်။

ရေထဲတွင် သွေးနီရောင်များပေါ်လာခဲ့သည်။

သည့်နောက် သူ၏လည်တိုင်ကို တအားကုန်ခါယမ်းကိုက်ခဲလိုက်သည်။ ပြုတ်တူနှင့်ညှပ်ထားသည့်ပမာ သန်မာလှသဖြင့် ဆယ့်နှစ်နှစ်သားကလေးနီတွတ်မှာ မည်သို့မျှ မရုန်းနိုင်ခဲ့ပေ။

ဖိုးပေါက် ဒဂိုးနှင့်အခြားလူငယ်ကလေးများမှာ ရေလယ်တွင် တဗွမ်းဗွမ်းအသံကြားသဖြင့် လှည့်ကြည့်ရာ…

"ဟာ…မိကျောင်းကြီး"

"နီတွတ်ကို မိကျောင်းကြီးဆွဲသွားပြီ"

"သားတို့ကို…ကယ်ကြပါဦး"

ကလေးငယ်များမှာ ကြောက်ကြောက်လန့်လန့်ဖြင့် အော်ဟစ်ကာ ရေတွင်ကူးခတ်နေခဲ့သည်။

ကလေးများ၏အော်သံကို ကမ်းစပ်ရှိတဲထဲမှလူများက ကြားသဖြင့် မြစ်အတွင်းသို့ကြည့်လိုက်ရာ…

"ဟာ…ကလေးတွ ကြောက်အားလန့်အားနဲ့ ရေကူးနေပါလား"

"ဟောဟိုမှာ မိကျောင်းကြီးလားမသိဘူး"

"ဟုတ်ပါရဲ့၊ ခေါင်းကြီးကိုတွေ့လိုက်ရတယ်"

"ဟယ်…ကလေးတစ်ယောက်ကို မိကျောင်းဆွဲသွားပြီ"

ကမ်းစပ်မှ တစ်ယောက်တစ်ပေါက်အော်ဟစ်နေကြသဖြင့်…

"ဟဲ့…ဘာငိုင်နေတာလဲ၊ ကလေးတွေကိုကယ်ဖို့ လှေထုတ်လေ"

"အေး…ဟုတ်ပါရဲ့၊ လှေနဲ့လိုက်မှ"

တစ်ချို့သောရွာသားများသတိရကာ လှေဖြင့် ကလေးများကို အကူအညီပေးရန် လှော်ခတ်လာခဲ့ကြသည်။

နီတွတ်တစ်ယောက်မှာမူကား မိကျောင်းကြီး၏ကိုက်ခဲခြင်းကိုခံထားရသဖြင့် မည်သို့မျှ မရုန်းနိုင်ချေ။ ရေလယ်တွင် သွေးကွက်ကြီးများပေါ်လာပြီး ခဏအတွင်း သွေးကွက်ကြီးမှာ ကျယ်သထက်ကျယ်ပြန့်သွားခဲ့သည်။

လှေလှော်လာသည့်ရွာသားများသည် ကလေးများအနားသို့ ရောက်ရှိလာကာ …

"ဟဲ့…ဖိုးပေါက်တို့ ဒင်္ဂါးတို့ လှေပေါ်မြန်မြန်တက်ကြ"

"ဟုတ်ကဲ့ ဦးလေး"

"ဒါထက် ဟိုမှာ မိကျောင်းကြီးလား"

"ဟုတ်တယ် ဦးလေး၊ နီတွတ်တော့ မိကျောင်းဆွဲခံရ

ပြီ''

''ဟာ…ဒုက္ခပဲ''

''ကဲ…တက်…တကယ်''

ရွာသားဦးထင်ကျော်က ကလေးများကို လှေပေါ်တင်ကာ ကမ်းစပ်ဘက်သို့ လှေလှော်လာခဲ့သည်။

နီတွတ်၏ကံကြမ္မာမှာ ဆိုးဝါးလှပေသည်။ မိကျောင်းကြီး၏လည်မြိုကို ကိုက်ခဲခြင်းကြောင့် အသက်မျှော့မျှော့သာရှိချေသည်။ လည်ချောင်းမှသွေးများက တလစပ်စီးလျက် သူ၏စိတ်မှ မိဘနှစ်ပါးအားတမ်းတရင်း …

''အဖေနဲ့အမေရယ် သား ကန်တော့ခဲ့ပါတယ်''

နီတွတ်၏မျက်စေ့ထဲတွင် အမှောင်ထုကြီးဖုံးလွှမ်းသွားခဲ့သည်။ မိကျောင်းထီးကြီးမှာ အောင်သေအောင်သားကို စားခဲ့ရပြီဖြစ်၍ ကြွင်းကျန်သောအလောင်းကို သူ၏ဆူးတောင်နှစ်ခုကြားရှိ အလောင်းစင်တွင်တင်ကာ သူ၏သားရဲတွင်းဖြစ်သည့် တစ်ဘက်ကမ်းရှိ မြစ်ကွေ့အောက်သို့တင်ဆောင်သွားခဲ့သည်။

ဤသားရဲတွင်းကား ဖမ်းမိသည့် လူ၊ သတ္တဝါများကို အပုပ်ခံကာ သူနှင့်မိကျောင်းမနှစ်ဦးအတွက် အစားအစာအဖြစ် သိုလှောင်ထားရှိရာနေရာဖြစ်သည်။ ဤမြစ်အတွင်း၌ မိကျောင်း

ဖိုနှင့်မိကျောင်းမနှစ်ကောင် ကျက်စားသွားလာခဲ့သော်လည်း မိကျောင်းမကား လူသူ၊ ကျွဲ နွားများကို အန္တရာယ်မပေးခဲ့ပေ။ မိကျောင်းထီးကြီးကသာ ခွေးဖြစ်စေ၊ ကျွဲနွားဖြစ်စေ၊ လူဖြစ်စေ ရေထဲဆင်းသည့်သတ္တဝါများကို အမျိုးမျိုးအန္တရာယ်ပေးကာ အစားအစာသိုလှောင်ခြင်းအလုပ်ကို လုပ်ခဲ့သည်။ ယခုလည်း နောက်နေ့များတွင် အစားအစာ လွယ်လွယ်ကူကူမရနိုင်မှန်းသိ သဖြင့် နီတွတ်၏အလောင်းကို အပုပ်ခံရန် ရေအောက်ရှိ သူ၏ သားရဲတွင်းသို့ ယူဆောင်သွားခဲ့လေသည်။

❂ ❂ ❂

## အခန်း (၂)

## "ခေါင်းရှည်ကို စိန်ခေါ်သူ"

"ကိုထွန်းနိုင်...ကိုထွန်းနိုင်...နီတွတ်ကို မိကျောင်းဆွဲသွားလို့တဲ့"

လှေသမားကိုလှမောင်က အပြေးအလွှားလာရောက်ပြောစဉ် ...

"ဘာ"

ကိုထွန်းနိုင်မှာ အံ့ဩကြီးစွာဖြင့် ဟိန်းထွက်အောင် အော်လိုက်သည်။ သည်တွင် သူ၏ဇနီး အေးတင်မက ...

"သားလေးနီတွတ်ကို မိကျောင်းဆွဲသွားတယ်ဟုတ်လား"

"ဟုတ်တယ်...ကမ်းစပ်မှာ"

ထိုသို့ပြောလိုက်သည့်တပြိုင်နက်…

"သားလေး…နီတွတ်…အဖေလာပြီ"

ဟုအော်ဟစ်ကာ ကိုထွန်းနိုင်မှာ ချောင်းကမ်းစပ်ဆီသို့ တဟုန်ထိုး ပြေးဆင်းသွားခဲ့သည်။ သူ့နောက်မှ သူ့မိန်းမ အေးတင်မက အပြေးကလေးလိုက်လာခဲ့သည်။

ချောင်းစပ်သို့ရောက်ရှိလာသည့်အခါတွင် စောစောက အညိုးနှင့်ရှာသည့်မိုးသည်းသည်းကြီးလည်း တိတ်သွားခဲ့ပြီ။ အဟုန်ပြင်းစွာတိုက်ခတ်သည့် လေပြင်းကြီးလည်း သူမဟုတ် သလို ငြိမ်သက်သွားခဲ့ပြီ။

အခုတော့…မြစ်ရေပြင်ကျယ်ကြီးမှာ ပကတိငြိမ်သက်လျက် ရှိနေသည်။

"ဘယ်မှာလဲ နီတွတ်၊ သားလေးဘယ်မှာလဲ"

ကိုထွန်းနိုင်က သွေးရူးသွေးတမ်းနှင့် မေးလိုက်သည်။

သည်တော့ အဖြစ်အပျက် အစအဆုံးကိုတွေ့လိုက်ရသည့် လှေသမားကိုလှမောင်က …

အဖြစ်အပျက်အားလုံးကို ရှင်းပြခဲ့သည်။

မိုးသည်းသည်းရွာတုန်းမှာ ချောင်းလယ်မှာ လှေတစ်စင်း နစ်နေတာတွေ့လို့ လှေနဲ့သွားအကယ်မှာ ခေါင်းရှည်ကြီးလို့ ခေါ်တဲ့

မိကျောင်းကြီးဟာ ကလေးတစ်ယောက်ကိုကိုက်နေတာ တွေ့လိုက်ရရတယ်။ ရေထဲရောက်နေတဲ့ ဖိုးမောင်နဲ့ ဒင်္ဂါးတို့လူသိုက်ကို လှေပေါ်ဆွဲတင်ပြီးတော့ မိကျောင်းကိုက်ခံရတာ။ ဘယ်သူလဲလို့မေးလိုက်တယ်။ သူတို့က နီတွတ်လို့ပြန်ဖြေကြတယ်။ ဒါနဲ့ ကျွန်တော် လှမ်းကြည့်လိုက်တော့ ပထမ ပေါင်ကြီးကို ပါးစပ်နဲ့ ကိုက်ထားတာတွေ့လိုက်ရတယ်။ နောက်တော့ အဲဒီပေါင်ကို ဘယ်လို မြိုလိုက်သလဲမသိပါဘူး။ ချက်ချင်းဘာမှ မတွေ့ရတော့ဘူး။ တခဏကြာတော့ ပြန်ပေါ်လာတယ်။ ကလေးရဲ့ လည်ပင်းကိုကိုက်ပြီး ရေထဲငုံ့လျှိုးသွားတယ်။ အဲဒီကတည်းက ပြန်ပေါ်မလာတော့ဘူး၊ သွေးကွက်တွေ သွေးကွက်တွေကတော့ မြင်မကောင်းပါဘူးဗျာ၊ သေသေချာချာကြည့်လိုက်ရင် အခုတောင် ဟိုမှာ သွေးနဲ့ရေနဲ့ရောနေတဲ့ ပန်းရောင်အကွက်တွေရှိသေးတယ်"

ကိုထွန်းနိုင်က ရေလယ်ခေါင်ကို လှမ်းမျှော်ကြည့်လိုက်သည်။ မှန်ပေသည်။ တစ်ချို့နေရာတွင် ပန်းနုရောင်အကွက်များရှိနေသေးတုန်းပင်။ နာကျဉ်းကြေကွဲလွန်း၍ ရင်မှ တဆတ်ဆတ်တုန်ယင်နေသည်။

"တော်"

ကိုထွန်းနိုင်က မခံစားနိုင်လွန်း၍ ကျယ်လောင်စွာ
တောက်ခေါက်လိုက်သည်။ သည်တောက်ခေါက်သံတွင် ခေါင်း
ရှည်ကြီးမိကျောင်းထီးကြီးကို လွန်စွာမုန်းတီးခြင်း ကြေကွဲဝမ်း
နည်းခြင်း၊ မကျေနပ်ခြင်းတို့ ရောပြွန်းလျက်ရှိနေသည်။

ကိုထွန်းနိုင်သည် သွေးနှင့်ချောင်းရေ ရောနှောနေသည့်
အကွက်ကြီးကိုကြည့်ပြီး ဘယ်လိုမှ မခံစားနိုင်ပါ။

"သားလေးရေ...အဖေလာပြီ"

ဟု တအားကုန်းအော်ရင်း လှေဆိပ်ဆီသို့ အပြေးလာ
ခဲ့သည်။ ဆိုက်ထားသည့်လှေတစ်စင်းကို ကြိုးဖြေကာ တက်ကုန်
လှော်ရင်း ချောင်းလယ်ဆီသို့ တရှိန်ထိုး လှော်ခတ်သွားခဲ့သည်။

"သားရေ...လူလေး...အဖေလာပြီ...မင်းဘယ်မှာလဲ
အဖေ့ကို ပြောစမ်းပါ"

"ငါ့သားကို ဖမ်းသွားတဲ့မိကျောင်းကြီးဆီက ငါ့သားကို
ရအောင်ကယ်မယ်"

အရူးတစ်ယောက်လို တတွတ်တွတ်အော်ပြောရင်း ရေ
လယ်သို့ရောက်အောင် လှော်နေခဲ့သည်။ ရေလယ်ကား စောစော
တုန်းကနှင့် ဘာမှမဆိုင်။ ငြိမ်သက်နေဆဲ။

"သားလေးကို ဘယ်ဘက်ကိုခေါ်သွားတာလဲ၊ အဖေ့ကို

ပြောပါဦး"

ရေလယ်ရောက်တော့ ကိုထွန်းနိုင်တစ်ယောက် ဘယ်ဘက်ကိုလှော်ရမလား။ ညာဘက်ကိုလှော်ရမလား မသိအောင်ပင်။

"အင်း…မိကျောင်းအသိုက်တွ ဟိုဘက်ကမ်းမှာ ရှိတတ်တယ်လို့ ပြောသံကြားဖူးတယ်။ ဒီတော့ အဲဒီဘက်ကို လှော်သွားကြည့်မှပဲ"

ကိုထွန်းနိုင်က တစ်ဖက်ကမ်းသို့ ဆက်၍ လှော်သွားခဲ့သည်။ အချိန်ကား နေဝင်ဖြိုးဖျဖြစ်နေသဖြင့် အလင်းရောင်တို့ ဖျော့တော့နေသည့်အတွက် မကြာမီ အမှောင်ရိပ်သန်းပေရော့မည်။

သည်တော့ အေးတင်မက သူ့ယောကျ်ားအတွက် မည်သို့မျှ စိတ်မချနိုင်ပါ။

"ကိုထွန်းရေ…ဟိုဘက်ကမ်းမသွားနဲ့၊ ပြန်ကွေ့လာခဲ့ပါ"

ပါးစပ်ရှေ့တွင် လက်နှစ်ဖက်အုပ်ကာ အသံအကျယ်ကြီးအော်လိုက်သည်။ သို့သော် တစ်ဦးတည်းသောသားကလေးနီတွတ်အတွက် ယူကျုံးမရဖြစ်နေသော ကိုထွန်းနိုင်ကို သူမ

မည်သို့မျှ မတားဆီးနိုင်ခဲ့ပေ။

ကိုထွန်းနိုင်မှာ ခရာဆူးခြုံနားသို့ ရောက်သွားခဲ့သည်။

ခရာဆူးကို မိကျောင်းများကြောက်သည့်အတွက် ထိုနေရာတွင် မိကျောင်းမနေမှန်း သူသိလိုက်သည်။

ဗေဒါတွေဒိုက်တွ သမန်းမြက်ပင်တွေကြား သို့တည်းမဟုတ် လဗ္ဗာပြင်အနီးတွင် မိကျောင်းများနေတတ်မှန်း သူသိထားခဲ့သည့်အတွက် ဒိုက်တောများရှိရာသို့ သူ့လှေကို လှော်ခတ်လာခဲ့သည်။

ဒိုက်တောများရှိရာအရောက်တွင် ဒိုက်များကို လှော်တက်ဖြင့်ရိုက်ခတ်ကာ …

"ဘယ်မှာလဲ…ခေါင်းရှည်ကြီးထွက်ခဲ့ငမ်း"

"မင်းသေသေ ငါသေသေ တိုက်မယ်"

"ငါ့သားကို ပြန်ပေး"

သူ၏အသံက ဟိန်းထွက်သွားခဲ့သည်။

သားဇောနှင့်ဖြစ်၍ ဒိုက်များကို ဘယ်လောက်ကြာအောင် ရိုက်နေမိသည်မသိချေ။

"ကိုထွန်း…ကိုထွန်း စိတ်ကိုထိန်းပါဗျာ"

ဟူသော လှေသမားကိုလှမောင်၏အသံကို ကြားလိုက်

မှ နောက်သို့လှည့်ကြည့်လိုက်သည်။ သူလှေ၏နောက်တွင် လှဆယ်စီးခန့် သူ့နောက်သို့ လိုက်လာမှန်းသိလိုက်သည်။

ထိုလှေပေါ်မှ ကိုခင်လှ ကိုမိုး ကိုဝင်းတို့အားလုံးက သူ၏လှေကို ဝန်းရံလိုက်သည်။ သူ့ကို အားလုံးကို ဝိုင်းပြီး ဖြောင်းဖျခဲ့ကြသည်။

"ကိုထွန်းရယ် ခေါင်းရှည်ကြီးကို ကျုပ်တို့လည်း မရရ အောင်လိုက်ရှာပေးပါ့မယ်၊ အခု မိုးချုပ်နေပြီ၊ ပြန်ကြပါစို့"

"မပြန်နိုင်ဘူးဗျာ၊ ကျုပ်သားလေးမပါဘဲ မပြန်ဘူး"

လှေသမားများက ကိုထွန်းနိုင်ကို စာနာစိတ်ဖြင့်ကြည့် နေကြသည်။ မည်သူမှ စိတ်မကောင်းကြချေ။ ကိုထွန်းနိုင်မှာ ယောကျ်ားရင့်မာကြီးတစ်ယောက်ဖြစ်ရက်ပင် မျက်ရည်များ ဝိုင်းလာခဲ့သည်။

ပြီးတော့ အံကိုတင်းတင်းကြိတ်လိုက်သည်။

"ငါ့သားကိုသတ်တဲ့ ခေါင်းရှည်ကြီး၊ ကမ္ဘာကြေတောင် ဥဒါန်းမကြေဘူးဟေ့"

"မင်းကို ဒီနေ့တော့ အသက်ရှင်ခွင့်ပေးလိုက်ဦးမယ်၊ မနက်ဖြန်ကစပြီး မင်းကို ငါလာသတ်မယ်"

ကိုထွန်းနိုင်က အရူးတစ်ယောက်လိုအော်ဟစ်နေသည့်

အတွက် ကိုလှမောင်က ...

"ကိုထွန်းရယ် စိတ်ကိုထိန်းပါဗျာ"

"ကျုပ်...ယူကျုံးမရလွန်းလို့ပါဗျာ"

"မပူပါနဲ့ ကိုထွန်းရယ်၊ ဒီခေါင်းရှည်ကြီးကို ကျုပ်တို့ အားလုံး ဝိုင်းပြီးဖမ်းပေးပါ့မယ်"

ထိုစဉ် လှေသမားများသည် ကိုထွန်းနိုင်ကို ဝိုင်းပြီး ဖျောင်းဖျပေးကာ။

"မိုးချုပ်နေပြီ ပြန်ကြစို့ဗျာ"

ထိုသို့ပြောပြီး ကိုလှမောင်က ကိုထွန်းနိုင်၏လှေပေါ်သို့ ခုန်ကူးလိုက်သည်။

"ကိုထွန်း ခင်ဗျားလှေကို ကျုပ်လှော်ပေးမယ်၊ ခင်ဗျား ငြိမ်ငြိမ်ထိုင်ပြီး လိုက်ခဲ့ပါ"

"ဒါဆို ခင်ဗျားလှေကို ဘယ်သူလှော်မလဲ"

"စိန်ဝမ်းရှိတယ်၊ သူ့ကို အဖော်ခေါ်လာခဲ့တာ"

"ကောင်းပြီလေ"

သည်ချောင်း၏ တစ်ဖက်ကမ်းမှ ရွာရှိသည့်တစ်ဖက်ကမ်းသို့ လှေများပြန်လှော်ခဲ့ကြသည်။ ကမ်းစပ်မှာတော့ သားသေသွားသည့် အေးတင်မက လူးလိမ့်ငိုနေသည်။

"သားလေး သားလေးရယ်၊ အဖြစ်ဆိုးလှချည်လားလို့ ဟိုဘက်ကမ်းသွားတဲ့လူလေးတွေအားလုံး ပြန်ရောက်ခဲ့တယ်၊ သားလေးတစ်ယောက်ပဲကျန်ရစ်ခဲ့တယ် ငါ့သားလေး ဒီလောက် တောင် ကံဆိုးရှာသလား သားလေးရဲ့"

အေးတင်မကိုကြည့်ရင်း ရွာသူမများက မျက်ရည်မဆည် နိုင်အောင် ဖြစ်ခဲ့ရသည်။ တစ်ချို့ကလည်း အေးတင်မကိုဝိုင်းဆွဲ ထားခဲ့ကြသည်။ ရပ်ရွာဆိုသည်မှာ တစ်ယောက်နှင့်တစ်ယောက် ဆွေမျိုးသဖွယ်နေခဲ့ကြသဖြင့် အေးတင်မတစ်ယောက် အပူမီးနှင့် ရင်ဆိုင်နေရသည်ကိုတွေ့တော့ အားလုံးကမနေနိုင်ပဲ ဝိုင်းပြီးဖေးမ ကူညီခဲ့သည်။

"အေးတင်မရယ်၊ ဒီလောက်တောင်စိတ်ကို မလွှတ်ပါနဲ့ တရားနဲ့ဖြေပါ"

"အစ်မရယ်၊ ကျွန်မသားလေးမရှိတော့ဘူး ပြန်ရှာပေးကြ ပါ"

"အေးပါ အေးတင်မရယ်"

"လာပါ လာပါ"

တစ်ဦးတည်းသောသားကလေးအတွက် ယူကျုံးမရဖြစ် ကာ လူးလိမ့်ငိုကျွေးနေသည့် အေးတင်မကို အရိုးလှတို့အုပ်စုက

ချော့မော့အားပေးခဲ့ကြသည်။

သည်နေ့ သူကြီးအိမ်မှာ အစည်းအဝေးရှိသည်။

ခေါင်းရှည်နှင့်ပတ်သက်သည့် ဆွေးနွေးမှုဖြစ်၍ ရွာသူရွာသားများက တက်တက်ကြွကြွလာရောက်ခဲ့ကြသည်။

သူကြီးဦးအောင်မြက

"ဒီ ခေါင်းရှည်လို့ခေါ်တဲ့ မိကျောင်းဟာသုံးလမှာတစ်ကြိမ်လောက် ဒီရွာကိုပြန်ရောက်လာပြီး ရွာသူရွာသားတွေကို ဒုက္ခပေးလေ့ရှိတယ်"

"ဟုတ်ပါတယ် သူကြီး လွန်ခဲ့တဲ့သုံးလလောက်က ကျွန်တော့်မိန်းမခင်လှဟာ မြစ်ကမ်းစပ်က လှေဆိပ်မှာအဝတ်လျှော်နေတုန်း ခေါင်းရှည်ကြီးကအမြီးနဲ့ရိုက်ပြီး ရေထဲအကျမှာ ကိုက်သတ်ပစ်ခဲ့ပါတယ်"

"ဟုတ်ပါတယ် သူကြီး ကျွန်တော့်ကျွဲကြီးကိုလည်း ရေထဲအဆင်းမှာ ကိုက်ဆွဲသွားလို့ပါသွားခဲ့တယ် သူကြီး"

"ဟုတ်ပါတယ် ကျွန်တော့်ဘဲတွေ ချောင်းထဲမှာကျောင်းထားတုန်း အဲဒီခေါင်းရှည်ကြီးပဲ ဆွဲသွားပါတယ် သူကြီး"

"အခုတော့ကိုထွန်းရဲ့သားလေး နီတွတ်ကို လှေမှောက်ပြီး ကိုက်သတ်သွားပါတယ်သူကြီး"

ရှာသားတွေက သူတို့၏ခံစားချက်တွေ့ရှိချက်တွေအား လုံးကို တင်ပြခဲ့ကြတယ်။

တစ်ချို့က ဘဲတွေ နွားတွေ ခွေးတွေကိုခေါင်းရှည်ကြီး ဆွဲသွားကြောင်းတင်ပြဆွေးနွေးခဲ့ကြသည်။

"ဟုတ်ပြီ ဒီခေါင်းရှည်ကြီးဟာ သုံးလေးလမှာ တစ်ခါ ဆိုသလို ကျုပ်တို့ရွာကို ဒုက္ခပေးနေပြီ ဒီတော့ ဒီရန်ကင်းဝေးဖို့ အတွက် ကျုပ်တို့ရွာသားတွေဟာ စည်းစည်းလုံးလုံးနဲ့ ဒီခေါင်းရှည် ကြီးကို အသေရရ အရှင်ရရ ဖမ်းမှဖြစ်မယ်"

"ဒီ အဆိုကိုထောက်ခံပါတယ် သူကြီး"

"ထောက်ခံတာက အရေးမကြီးဘူး မိကျောင်းဖမ်းတယ် ဆိုတာ လက်ကြီးနဲ့ဖမ်းလို့မရဘူး သန္တတ်တို့ မှိန်းတို့စတဲ့လက်နက် နဲ့မှဖမ်းလို့ရတာ"

"သူကြီးပြောတာ မှန်ပါတယ်၊ ကျွန်တော်တို့ဟာ ရေမှ ဆိုးတွေပါ မိကျောင်းကိုမဖမ်းဖူးသေးပေမယ့် မိကျောင်းမုဆိုးဖြစ် တဲ့ ဆရာကြီးကောဖုလုဆီမှာ မိကျောင်းဖမ်းနည်းသွားသင်ပါ မယ်"

ကိုထွန်းနိုင်က သူ့ရင်တွင်းမှာရှိသည့်စကားကို ထုတ်ဖော် ပြောလိုက်သည်။

"ဟုတ်တယ် မောင်ထွန်းနိုင်ပြောတာမှန်တယ်၊ ဒီအတိုင်း ကိုယ့်ဘက်က မပိုင်ပဲနဲ့သွားမဖမ်းနဲ့နော် တော်ကြာမိကျောင်းစာဖြစ်သွားလိမ့်ဦးမယ်"

"ဟုတ်ပါတယ် ကျွန်တော်တို့လည်းကိုထွန်းနဲ့အတူ ဆရာကြီးကောပုလုဆီမှာ မိကျောင်းဖမ်းနည်းသွားသင်မယ်၊ ပြီးရင် ကျွန်တော်တို့ရွာသူရွာသားတွေကို ဒုက္ခပေးနေတဲ့ ဒီ ခေါင်းရှည် မိကျောင်းကြီးကို အသေသတ်မယ်"

"ကောင်းပါတယ်၊ ကောလုမုက မရန်းရွာမှာနေတာ ဆိုတော့ သိပ်မဝေးပါဘူး၊ ဒီကောင်ကတော့ မိကျောင်းတစ်မျိုး ထဲကိုပဲ ဖမ်းတာဆိုတော့ သူကတော့ မိကျောင်းမုဆိုးပဲ"

"သူကြီး…ဒါဆိုရင် ကျွန်တော်တို့သုံးယောက် ဆရာကြီးကောမုလုဆီမှာ မိကျောင်းဖမ်းနည်းသွားသင်ပါ့မယ်"

"အိမ်း…ဒါက အကောင်းဆုံးနည်းလမ်းပဲ၊ ကိုယ့်ရွာကို အန္တရာယ်ပေးတဲ့အကောင်ကို ကိုယ့်ရွာသားတွေရဲ့ စည်းလုံးညီညွတ်မှု ရဲရင့်မှုနဲ့ပဲ တွန်းလှန်ဖြိုဖျက်ရမယ်"

"ကောင်းပါပြီ…သူကြီး"

ထိုသို့ဖြင့် သူကြီးနှင့်ရွာသားများ အကေအလည်ဆွေးနွေးခဲ့ကြသည်။ သားတစ်ယောက်လုံး အစအနမျှပြန်မရအောင်

ဆုံးရှုံးခဲ့သည့် ကိုထွန်းနိုင်မှာ ခေါင်းရှည်မိကျောင်းကြီးဖမ်းမိဖို့ အရေးမှာ သူ့အတွက် အရေးအကြီးဆုံးကိစ္စတစ်ရပ်ပင်ဖြစ်ပေသည်။

ဘာပဲဖြစ်ဖြစ် မိကျောင်းမုဆိုး ကောမုလုကို တွေ့အောင်ရှာပြီး မိကျောင်းဖမ်းနည်းသင်ကြားရန် စိတ်ဒုံးဒုံးချလိုက်ပါတော့သည်။

အိမ်ပြန်ရောက်တော့ အေးတင်မကို အစအဆုံးပြောပြလိုက်သည်။

"အေးတင်မ…ငါတော့ ခေါင်းရှည်ကြီးကိုသတ်ဖို့ စိတ်ဒုန်းဒုန်းချလိုက်ပြီ"

"ကိုထွန်းရယ် ဟုတ်မှလည်းလုပ်စမ်းပါတော်၊ ဒီခေါင်းရှည်မိကျောင်းကြီးက အရမ်းကိုဉာဏ်များတာ၊ သူ အနားရောက်တာတောင် လူတွေက မသိကြဘူးတဲ့၊ သူလှမ်းဟပ်တာကလည်း မြန်မှမြန်တဲ့"

"ဘာပဲဖြစ်ဖြစ် ငါကတော့ ငါ့သားကိုသတ်ထားလို့ ဒင်းကို ကောင်းကောင်းသတ်မယ်"

"ကြည့်လဲလုပ်ပါဦး ယောကျ်ားရယ်၊ ဖွ…ဟဲ့…မပြောကောင်းမဆိုကောင်း ရှင်သာတစ်ခုခုဖြစ်ရင် ကျုပ်တော့ ဒုက္ခ

လှလှကြီးရောက်ရချည့်ရဲ့"

"အေးတင်မရယ်...ငါ့မိန်းမလုပ်နေပြီး ဒီလောက်တောင် တုံးရသလား"

"ဒါဆို ရှင်က ဘယ်လိုလုပ်မှာလဲ"

"ဒီကောင်ကြီးကိုဖမ်းဖို့မလွယ်ဘူးဆိုတာ ငါလည်းသိတာပေါ့၊ ဒီအတိုင်းသွားဖမ်းလို့ကတော့ ဒီကောင်ကြီးက လှေမှောက်ပစ်လို့ ငါပါ ဒုက္ခရောက်မှာပေါ့"

"အဲဒါပြောတာပေါ့"

အခု ငါတို့လုပ်မယ့်အစီအစဉ်က မရန်းက မိကျောင်းဖမ်းတဲ့ ရေမုဆိုး ကရင်လူမျိုး ဆရာကြီးဘောမုလှဆီမှာ မိကျောင်းဖမ်းနည်းသွားသင်မယ်၊ အဲဒါတောင် ငါတစ်ယောက်တည်းမဟုတ်ဘူး၊ တင်မောင်တို့ လှမောင်တို့လည်းပါတယ်၊ ငါတို့သုံးယောက်ဟာ မိကျောင်းဖမ်းနည်းသင်ပြီးရင် အဲဒီမိကျောင်းကြီးကို ရအောင်ဖမ်းပြမယ်"

"ကိုထွန်းရယ် ကံကြမ္မာလို့သာဖြေလိုက်ပါတော့၊ ပြုသူအသစ် ဖြစ်သူအဟောင်းတဲ့၊ အန္တရာယ်များတဲ့လမ်းကို မလျှောက်ချင်ပါနဲ့ယောက်ျားရယ်"

"အေးတင်မ...နင် ငါ့ကို ဘာမှမဖြောင်းဖျနဲ့၊ ငါဟာ

ယောကျ်ားတစ်ယောက်ဖြစ်တယ်၊ ငါလည်း ဘယ်သူ့ကိုမှမစော်ကားဘူး၊ ငါ့ကိုဖြစ်ဖြစ်၊ ငါ့မိသားစုကိုဖြစ်ဖြစ် ဒုက္ခပေးထားရင်လည်း ဒီကောင်ဟာ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် ပြန်ပြီး ဒုက္ခပေးရမှကျေနပ်မယ်၊ မင်းကရော မင်းသားအတွက် အနာကျဉ်းဘူးလား၊ ဝမ်းမနည်းဘူးလား၊ မကြေကွဲဘူးလား"

"ကိုထွန်းရယ်...ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ကျုပ်ကမိခင်ရှင့်၊ ကြင်နာတတ်တဲ့စိတ်ရှိတယ်၊ ကျုပ်သားအတွက် ဒီမိကျောင်းကြီးကို စိတ်မနာဘဲနေပါ့မလား၊ ကျုပ်စိတ်ထဲကအတိုင်းပြောရရင်၊ အဲဒီကောင်ကြီးကို ဒုတ်ဒုတ်တောက်စင်းပစ်လိုက်ချင်တယ်"

"အဲဒါ မင်းကမိန်းမစိတ်ပဲ၊ စိတ်ပဲရှိတာ၊ တုန့်ပြန်ဖို့မစဉ်းစားဘူး၊ ငါဟာယောကျ်ားတစ်ယောက်ပဲ၊ ဒါကြောင့် မင်းတို့လို စိတ်ထဲက တနုံ့နုံ့ဖြစ်မနေဘူး၊ စားဆိုစားချင်း၊ တုတ်ဆိုတုတ်ချင်း လက်ရုံးနဲ့တိုက်ဖို့ အဆင်သင့်ပဲ"

"ဒုက္ခပါပဲ၊ ရှင်ကလည်း ပြောမရပဲကိုး"

"မပြောနဲ့ကွာ၊ ငါ့ကိုတားတဲ့သူဟာ ငါ့ရန်သူပဲ"

"ရှင်စဉ်းစားပါဦး၊ ဒီချောင်းကြီးမှာ ခေါင်းရှည်နဲ့တွေ့တဲ့သူတိုင်းဟာ ကိစ္စချောသွားတာချည်းပဲ၊ ရှင့်ကို တားချင်လို့

တားနေတာမဟုတ်ဘူး၊ ရှင် ကိစ္စချောသွားမှာစိုးလို့ တားနေရတာ''

''ဒီမှာ လောကမှာ လူဟာ တစ်ခါပဲသေတယ်၊ နှစ်ခါမသေဘူး၊ အခုဟာ သူသေရင်သေ မသေရင်ကိုယ်သေပဲ''

''အလိုတော် ဒုက္ခပါပဲ''

''ဒီမှာ အေးတင်မ၊ နင် ငါ့ကိုမတားနဲ့နော်''

''တားတော့ဘာဖြစ်မှာလဲ''

''တားရင် နင့်ကို ငါ ကွာပြီးမှသွားမယ်''

''အလိုလေ…ရှင်က ကျုပ်ကိုကွာမယ်ဟုတ်လား၊ ဆယ့်သုံးနှစ်ကျော်ပေါင်းလာတဲ့မယားပါတော်''

''အေး…ဒါဆို ငါ့ကိုမတားနဲ့''

''မတားနဲ့ဆိုမတားပါဘူးတော်။ ကျုပ်မှာ သားလေးနီတွတ်ကခွဲသွားရတဲ့အထဲမှာ ရှင်ကခွဲမသွားပါနဲ့၊ ကျွန်မ မခံနိုင်လို့ပါ''

ပြောရင်းဆိုရင်း အေးတင်မ၏ပါးပြင်ပေါ်မှာ မျက်ရည်ပေါက်များ ပိုးပိုးပေါက်ပေါက်ကျလာခဲ့သည်။

''အေးပါ…အေးတင်မရယ်၊ ငါ စိတ်ဆိုးလို့ပြောမိတာပါ၊ နင် စိတ်မကောင်းမဖြစ်ပါနဲ့၊ မငိုနဲ့နော်''

"ဒါဆို မငိုတော့ပါဘူး"

"အိမ်း…ဒီလိုမှပေါ့အေးတင်မရယ်၊ ငါ မနက်ဖြန်က စပြီး ဟိုကောင်နှစ်ကောင်နဲ့ မရန်းရွာကိုသွားမယ်။ ဆရာကြီး ကောမုလုဆီမှာ ပညာသင်မယ်၊ အဲဒီရက်တွေမှာ ငါဟာ ငါးဖမ်း လှေနဲ့မလိုက်နိုင်ဘူး"

"ရပါတယ်ကိုထွန်းရယ်၊ ကျုပ်က အရီးလှတို့ဆီမှာ ငါး ခြောက်ခွဲပြီးရှာစားပါ့မယ်၊ ရှင်မပူပါနဲ့"

"အေး…ငါ့မိန်းမဟာ ဒီလိုပဲ ကြံ့ကြံ့ခိုင်ခိုင်တဲ့စိတ် ထားရမယ်"

"ကျုပ် စိတ်ဓာတ်ကြံ့ခိုင်ပါ့မယ် ကိုထွန်းရယ်"

"အေး…ဒီလိုပဲဖြစ်ရမယ်"

တကယ်တော့ အေးတင်မဟာ သူ့ယောကျ်ား ကိုထွန်း နိုင်ကို ဘယ်လိုမှ တားမရလို့ လက်လျှော့လိုက်ရတာပါ။ ကိုထွန်း နိုင်ဆိုတဲ့လူကလည်း လူတစ်မျိုး။ လုပ်ချင်တာကို တုံးတိုက်တိုက် ကျားကိုက်ကိုက်လုပ်မယ့်သူ။ ဓားမိုးရွာနေတာတောင် အဲဒီနေရာမှ ကို စိမ်ခေါ်ခဲ့ရင် ရောက်အောင်သွားမည့်လူစားမျိုး။

မတားနဲ့ တားရင် ထားခဲ့မယ်ဆိုတဲ့ကိုထွန်းနိုင်ဟာ သူ့ရဲ့ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ကြီးချခဲ့သည်။

အိပ်ယွန်းယုဉ်စာပေ

အေးတင်မဓါ်စိတ်ထဲမှာတော့…

"အန္တရာယ်ရှိတဲ့လမ်းမျိုးကို လျှောက်တဲ့ခင်ပွန်းအတွက် ဘယ်မိန်းမက ကြည်ကြည်ဖြူဖြူ ခွင့်ပြုချင်မှာလဲ ကိုထွန်းရယ်"

တကယ်ဆိုတော့ မိသားစုဘဝလေးမှာ ခင်ပွန်းသည်ဆိုတာ အရှင်သခင်ပဲမဟုတ်ဘူး။

ကျွန်မ ရှင့်ကို စိုးရိမ်လွန်းလို့ပါ ကိုထွန်းရယ်။

အခန်း (၃)

## "ဂမ္ဘီရ နတ်မီကျောင်းဒဏ္ဍာရီ"

နောက်တစ်နေ့ မနက်စောစောမှာ ကိုထွန်းနိုင်ရယ်၊ ကျောင်းဆွဲခံရတဲ့ မီးနေသည်မ မခင်လှရဲ့ယောကျ်ား ကိုတင်ဟင်ရယ်၊ လှေသမား ကိုလှမောင်ရယ် သူတို့သုံးယောက်ဟာ ရာကြီး ကောမုလုရှိရာ မရန်းရွာကိုသွားခဲ့ကြသည်။

ကောမုလုဆိုသူမှာ ကရင်လူမျိုးတစ်ဦးဖြစ်ပြီး သူက ရန်းရွာမှာ နေထိုင်သည့် မိကျောင်းမုဆိုးတစ်ယောက်ဖြစ်သည်။

"ဆရာကြီးကောမုလု ရှိပါသလား"

"အေး...ရှိတယ်ဝေ့...ဘာကိစ္စလဲ"

"ကျွန်တော်တို့ သံခိပ်ရွာက ကိုထွန်းနိုင်တို့ပါ"

"ဪ...သံခိပ်ရွာက ကိုထွန်းနိုင်တို့လား၊ အိမ်ထဲလာ

လေလကွယ်"

ဆရာကြီးကောမုလုက အိမ်ထဲသို့ဝင်ရန် ဖိတ်ခေါ်လိုက်
သော်။

"ခင်ဗျားတို့ ကျုပ်တို့ရွာဆီကို မျက်စေ့လည်လာကြ
တယ်နဲ့တူတယ်"

"မျက်စေ့မလည်ပါဘူး ဆရာကြီးရယ်၊ ဆရာကြီးဆီ
ကို သက်သက်လာခဲ့တာပဲ"

"ငါနဲ့ ပြောစရာစကားရှိလို့လား"

"ရှိပါတယ် ဆရာကြီး ဆရာကြီးဆီက မိကျောင်းဖမ်း
နည်းသင်ချင်လို့ပါ"

"အိုး…ကျားသားမိုးကြိုး၊ ရေမှုဆိုးအလုပ်က ပိုက်ဆံ
ဒီလောက်ရရဲ့သားနဲ့ ဘယ်လိုဖြစ်တာလဲ"

"အဖြစ်ကတော့ဒီလိုပါ၊ ကိုထွန်းနိုင်ရဲ့သားလေး နီတွတ်
ကို ခေါင်းရှည်ကြီးကဆွဲသွားလို့ သေရှာပြီ"

"ဟုတ်တယ်၊ ကျုပ်လည်း အဲဒီသတင်းကြားလိုက်တော့
စိတ်မကောင်းဖြစ်ရတယ်"

"ဟုတ်တယ်ဗျာ၊ လွန်ခဲ့တဲ့သုံးလကျော်လောက်က
မီးနေသည်မခင်လှကို ကိုက်သတ်တာ ဒီခေါင်းရှည်ကြီးပဲ"

သည်တွင် ဆရာကြီးကောမုလုက နားထောင်ပြီး …

"အိမ်း…ဒီတော့ မင်းတို့ ခေါင်းရှည်ကြီးကိုဖမ်းချင်တယ် ဆိုပါတော့"

"ဟုတ်ပါတယ်၊ အရင်းစစ်လိုက်ရင် ဒါပါပဲ"

"ဒါလည်း ဒီခေါင်းရှည်ကြီးကို ဖမ်းမှဖြစ်မယ်လို့ စိတ်ကူးနေတာနဲ့ အံကိုက်ပဲ၊ ငါတို့မရန်းဘက်မှာလည်း တစ်ချီတစ်ချီ ဒီကောင်ကြီး ရောက်လာပြီး တွေ့တာဆွဲတော့တာပဲ"

"ဩော်…ခေါင်းရှည်ကြီးက ဒီဘက်လည်းရောက်လာတာပဲလား"

"ဒီကောင်ကြီးက မြစ်ကြောတစ်လျှောက် သွားလာပြီး စားကျက်ရှာနေတာပေါ့ကွာ၊ ဟိုတစ်လောကပဲ ဖိုးညွန့်ရဲ့နွားကြီး ရေဆင်းသောက်နေတုန်း ခေါင်းရှည်ကြီးက ဆွဲသွားပါရောလား"

"ဟုတ်တယ်၊ ဒါကြောင့် ဒီကောင်ကြီးကို နှိမ်နင်းမှ ဖြစ်မယ်"

"အေးပါ…ကိုထွန်းနိုင်ရယ်၊ ဒီလောက်ဖြစ်နေမှတော့ ဒီကောင်ကြီးကိုနှိမ်နင်းဖို့ မိကျောင်းဖမ်းနည်း ပညာသင်ပေးရတာပေါ့"

"ကျေးဇူးပါပဲဆရာကြီးရယ်၊ ဒီမှာ စားစရာတွေနဲ့ကန်

တော့ပါတယ်''

ကိုထွန်းနိုင်တို့သုံးဦးက ၄င်းတို့ယူဆောင်လာသည့် ငါး
ငါးခြောက်များနှင့်တကွ စားသောက်ဖွယ်ရာများနှင့် ကန်တေ
လိုက်ကြပါသည်။

''ရပါတယ် ကိုထွန်းနိုင်ရယ်။ ဒုက္ခရှာလို့၊ ဘာမှမ
လည်း သင်ပေးပါတယ်''

ဆရာကြီးကောမုလုက ဤသို့ပြောပြီး ၄င်းတို့သုံးဦးအာ
လတာပြင်ဆီသို့ ခေါ်သွားခဲ့သည်။ ၄င်းတို့သုံးဦးသားမှာ ကု
ဂမ္ဘူလေးတစ်ခုတွင် နေရာရွေးချယ်ကာ ထိုင်လိုက်ကြသည်။

ဆရာကြီးကောမုလုက သူ၏မိကျောင်းမုဆိုးအကြောင်းကို
ပြောပြခဲ့သည်။

''လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်လောက်မှာ ငါဟာ 
ပညာကိုတတ်ကျွမ်းခဲ့တယ်၊ ငါ့ရဲ့ဆရာက ငါလိုကရင်လူမျိုးပဲ
ဖထီးလုံတဲ့၊ သူဟာ မိကျောင်းဖမ်းတဲ့အတတ်မှာ အရမ်းကျွမ်းကျင်
တယ်၊ အဲဒီအရပ်ကလူတွေက ဖထီးကို ''ရမန်း-ငထွေး'' လို့
တောင် ဘွဲ့ပေးခဲ့ကြတယ်။ မိကျောင်းမုဆိုးတစ်ယောက်မှာ ပါရမယ့်
လက်နက်တွေက ခနိဖူး၊ သန္တတ်၊ မှိန်း၊ ကြိုးခွေ၊ အစီကြိုးနဲ့
ဖော့တို့လိုအပ်တယ်။

ဆရာကြီးကောမုလုက မိကျောင်းမုဆိုးတို့၏ဘဝကို ပြောကြားခဲ့သည်။ သည်အချိန်မှာ လတာပြင်ကိုဖြတ်ပြီး တိုက်ခတ်လာသည့် လေညှင်းကလေးများက ရိုက်ဆော်သွေးနေသည်။ မိကျောင်းမုဆိုဘဝ အတွေ့အကြုံနှင့် နက်နဲလှသည့် ဂမ္ဘီရဆန်သော ဇာတ်လမ်းများစွာနှင့် တွေ့ကြုံခဲ့ရသည့် သူ၏ဘဝအကြောင်းကို ပြောပြခဲ့သည်။

"မိကျောင်းတွေက မာယာများတယ်၊ တစ်ခါတစ်ရံမှာ သူတို့ဟာ သစ်တုံးတစ်ခုလို့ ရေထဲမှာ အသာလေးမျောပြီးနေနိုင်တယ်။ မမြင်မကမ်းနဲ့ သစ်တုံးဆိုပြီးတော့ သွားမဆွဲလိုက်လေနဲ့ ကိုယ်ကြိုးနဲ့သွားမယ်မှတ်ပေတော့"

"ဟုတ်ကဲ့ပါ"

နောက်ပြီး လပြည့်ညတွေမှာ မိကျောင်းတွေဟာ ဒီလို လတာပြင်ပေါ်တက်လာပြီး မိကျောင်းမတွေနဲ့ ပျော်မြူးကြတယ်။ အဲဒီအချိန်မှာ သွားပြီးမဖမ်းလေနဲ့၊ အင်မတန်ဒေါသကြီးပြီး မည်းမည်းမြင်ရာ ကိုက်တော့တာပဲ၊ အဲဒီလိုအချိန်မျိုးမှာ "မ,လုပွဲ" လို့ခေါ်ရမလားပဲ၊ မိကျောင်းမတစ်ကောင်နဲ့ မိကျောင်းထီးသုံးလေးကောင်ရှိလို့ကတော့ မိကျောင်းထီးအချင်းချင်း သူသေသေ ကိုယ်သေသေကိုက်တော့တာပဲ၊ ရှုံးတဲ့မိကျောင်းထီးဟာ ရေထဲပြေးဆင်း

သွားလေ့ရှိတယ်၊ မိကျောင်းမဆီကိုလာခွင့်မရှိဘူး၊ ဒါတွေဟာ မိကျောင်းတွေရဲ့သဘာဝပေါ့၊ သူတို့ကိုဖမ်းချင်တယ်ဆိုရင် သူတို့ သဘာဝကို သိမှဖြစ်မယ်"

"ဒါနဲ့ နတ်မိကျောင်းဆိုတာရော တကယ်ရှိသလား ဆရာကြီး"

"နတ်မိကျောင်းဆိုတာက ဒဏ္ဍာရီဆန်ဆန် ဂမ္ဘီရဆန်တဲ့ အကြောင်းတွေပေါ့ကွယ်၊ ရှေးလူကြီးများ ပြောစကား မှတ်သားရတာကတော့ မိကျောင်းရဲ့ခေါင်းဟာ သုံးထောင်ပြည့်ရင် လူယောင်ဖန်ဆင်းနိုင်တယ်လို့ဆိုတာ၊ ရာဇဝင်ထဲမှာတောင်ရှိသေးတယ်၊ ငမိုးရိပ်မိကျောင်းဟာ နတ်မိကျောင်းဖြစ်လို့ လူယောင်ဆောင်ပြီး ရေကင်းသူမရွှေပွင့်နဲ့တောင် ညားသေးမဟုတ်ဘူး"

"ဟုတ်ကဲ့…အဲဒီဇာတ်လမ်းကလေးကို ကြားဖူးပါတယ်"

"အိမ်း…တစ်ခါတစ်ခါမှာ လောကကြီးမှာ ကိုယ်မသိသေးတဲ့လျှို့ဝှက်ချက်တွေကလည်း များသကွဲ့၊ နတ်မိကျောင်းပုံပြင် ဒဏ္ဍာရီတွေကလည်း အများသားကွဲ့၊ ဖျာပုံဘက်မှာလည်း ပါးဖြူမိကျောင်းကြီးဟာ အင်မတန်လူသိများတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲ၊ သူလည်း အရမ်းသောင်းကျန်းလွန်းလို့ နတ်မိကျောင်းနှစ်ကောင်က

သူ့ကို လက်တစ်ဖက်စီကိုက်ပြီး ပင်လယ်ထဲခေါ်သွားတဲ့အဖြစ်တွေကို လူကြီးတွေ ကောင်းကောင်းတွေ့လို့ရတာပဲလို့ပြောကြတယ်"

"ဟုတ်တယ်နော် ဆရာကြီး၊ နတ်မိကျောင်းဒဏ္ဍာရီတွေက အများသားပဲ"

"ဟုတ်တယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်လောက်က ရွှေသေတ္တာကြီးတစ်လုံးကို သံကြိုးနဲ့ရစ်ပတ်ပြီး ကျောပေါ်မှာတင်ထားတဲ့မိကျောင်းကြီးတစ်ကောင်ရဲ့အဖြစ်အပျက်ကလည်း တော်တော်ထူးဆန်းတယ်၊ အဲဒီမိကျောင်းကြီးကို တစ်ချို့က နတ်မိကျောင်းကြီးလို့ပြောကြတယ်"

"အဲဒီအကြောင်းကိုပြောပြပါ ဆရာကြီး"

"ထူးထူးဆန်းဆန်းအကြောင်းကို ကြားချင်တာမဟုတ်လား၊ ဒါဟာ ဂမ္ဘီရဆန်တဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ပါပဲ၊ ပြောပြပါ့မယ်၊ အဖြစ်ကတော့ဒီလိုပါ"

ထိုသို့အစချီကာ နတ်မိကျောင်းဒဏ္ဍာရီတစ်ပုဒ်ကို သူပြောပြခဲ့သည်။

အိုယွန်းယှဉ်စာပေ

တစ်ခါက မြစ်ကမ်းနဘေးမှာ ရွာတစ်ရွာရှိပြီး ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသည် ထိုမြစ်ကမ်းနားတွင် တည်ရှိခဲ့သည်။ ဘုန်းတော်ကြီးကျောင်းမှလှမ်းကြည့်လျှင် မြစ်ပြင်ကျယ်ကြီးကို မြင်နိုင်သည်။

ထိကျောင်းကြီးတွင် ကျောင်းထိုင်ဘုန်းကြီး ဦးစန္ဒိမာနှင့် ရဟန်းနှစ်ပါး ကိုရင်နှစ်ပါး ကျောင်းသားသုံးယောက်ရှိသည်။

ဦးပဉ္ဇင်းနှစ်ပါး၏ဘွဲ့အမည်ကား ရှင်ကုမာရနှင့် ရှင်သုမနတို့ ဖြစ်သည်။

တစ်ခုသော လပြည့်နေ့ည(၁၀)နာရီခန့်တွင် ကျောင်းသားလေးမောင်ခွေးမှ ...

"ဦးပဉ္ဇင်း မြစ်ထဲမှာ မိကျောင်းကြီးတစ်ကောင်ပေါ်နေတယ်"

ဟု လာပြောသဖြင့်ကြည့်လိုက်ရာ လင်းထိန်နေသော လရောင်အောက်တွင် မိကျောင်းကြီးတစ်ကောင်၏ဦးခေါင်းကြီးကို မြင်တွေ့လိုက်ရသည်။

"ဟုတ်တယ်...မိကျောင်းတစ်ကောင်ပဲ"

ထိုသို့ပြောနေစဉ် မိကျောင်းကြီး၏ဦးခေါင်းသာမက ကိုယ်ထည်ပိုင်းပါ တဖြည်းဖြည်းပေါ်လာခဲ့သည်။

ထူးဆန်းသည်က မိကျောင်းကြီး၏ကိုယ်ပေါ်တွင် ခပ်မည်းမည်းသေတ္တာသဏ္ဍာန်တစ်ခုကို တင်ထားသကဲ့သို့ တွေ့လိုက်ရသည်။

"ဟယ်...မိကျောင်းကျောကုန်းပေါ်မှာ ဘာကြီးတင်ထားသလဲမသိဘူး"

"ဟုတ်တယ်...ဦးပဥ္ဇင်း၊ သေတ္တာကြီးလိုလိုပဲ"

"အင်း...ဒါဆို ရှေးလူကြီးတွေ ပြောပြောနေတဲ့ နတ်မိကျောင်းသံကွင်းဆက်နဲ့ ရွှေသေတ္တာဖြစ်မယ်နဲ့တူတယ်၊ ဒီမိကျောင်းကြီးဟာ လပြည့်နေ့မှာ ဒီမြစ်ထဲရောက်ပြီး ရေပေါ်မှာပေါ်လာတတ်တယ်လို့ပြောတယ်၊ ဒီမိကျောင်းကြီးပဲဖြစ်မှာပါ"

ရှင်ကုမာရ ကြားဖူးနားဝရှိသော မိကျောင်းကြီးဖြစ်နေပါသည်။ ထိုမိကျောင်းကြီးကိုကြည့်နေစဉ် မိကျောင်းကြီးမှာ ရေလယ်မှ ဘုန်းတော်ကြီးကျောင်းဘက်သို့ တဖြည်းဖြည်းကူးခပ်လာခဲ့သည်။

လရောင်က လင်းထိန်နေသဖြင့် မိကျောင်းကြီးကို စေ့စေ့ကထက် ပိုပြီး ပြတ်သားစွာမြင်လိုက်ရသည်။

အမှန်ပင် သူ၏ကျောကုန်းထက်၌ သေတ္တာတစ်လုံးကို တင်ထားပြီး သံကြိုးကြီးဖြင့် ရစ်ပတ်ချည်နှောင်ထားသည်။

"ဟုတ်ပါရဲ့၊ သံကွင်းဆက်နဲ့ရွှေသေတ္တာနတ်မိကျောင်း ကြီးပဲ"

သေချာသွားပါပြီ။ ရှေးလူကြီးများပြောသည့် နတ် မိကျောင်းကြီး။

ရှင်ကုမာရနှင့် ကျောင်းသားလေးမှာ စူးစိုက်စွာကြည့်နေ စဉ် ရေအောက်သို့ငုပ်လျှိုးသွားလိုက် ပြန်ပေါ်လိုက်ဖြင့် သုံးကြိမ် သုံးခါ လုပ်ပြခဲ့သည်။

ထိုစဉ် ရှင်ကုမာရကလည်း ...

"ဒီမိကျောင်းကြီးဟာ အကြောင်းတစ်ခုခုရှိလို့ဖြစ်မယ်"

ဟု စိတ်ထဲမှာတွေးလိုက်မိသည်။

ထိုသို့တွေးနေစဉ်မှာပင် မိကျောင်းကြီးမှာ ရေလည်သို့ ပြန်ကူးသွားပြီး ရေလယ်သို့အရောက်တွင် ငုပ်လျှိုးသွားသည်ကို တွေ့လိုက်ရသည်။

"ဩော်...ထူးထူးဆန်းဆန်း မိကျောင်းကြီးပါလား"

ထိုသို့တွေးကာ အိပ်ခန်းထဲသို့ဝင်၍ အိပ်ခဲ့သည်။ ထိုစဉ် အိပ်မက်တစ်ခုမက်ခဲ့သည်။ ထိုအိပ်မက်ထဲတွင် မင်းညီမင်းသား ကဲ့သို့ ဝတ်စားဆင်ယင်ထားသည့် လုလင်ပျိုကလေးတစ်ဦး ရောက်ရှိလာပြီး ရှင်ကုမာရအား ဦးချကန်တော့ကာ ...

"အရှင်ဘုရား…တပည့်တော့ လျှောက်တက်စရာရှိလို့ လာခဲ့တာပါဘုရား"

"အိမ်း…လျှောက်တင်ပါ"

"တပည့်တော်ဟာ မွန်ဘုရင်တစ်ပါးရဲ့မိဖုရားကြီးဖြစ်သူ "မိနော်သမီ"ရဲ့ လက်ရုံးတော်တစ်ဆူ အားကိုးရတဲ့ သူရဲကောင်း စစ်သူကြီး "ဗြသာဒီ"ဖြစ်ပါတယ်ဘုရား၊ မွန်ဘုရင်ကြီးက စစ်ရှုံးလို့ သည်နယ်ဘက်ကိုပြေးလာရင်းနဲ့ မိဖုရားကြီးဟာ နတ်ရွာစံကံကုန်ခဲ့ပါတယ်။ မိဖုရားကြီးက သည်နယ်မှာ မီးသဂြိုဟ်ခဲ့ပြီး မိဖုရားကြီးပိုင်တဲ့ ရတနာပစ္စည်းတွေကို သေတ္တာထဲထည့်ပြီး လျှို့ဝှက်စွာ သိမ်းဆည်းထားခဲ့ပါတယ်ဘုရား၊ တပည့်တော် သေခါနီးမှာ စစ်ကဲဘိုးဘိုးက "အသင်သေဆုံးပါက ဤရတနာများကို စောင့်ကြပ်ရန် ကျွန်ုပ်အမိန့်ပေးလိုက်သည်" ဟူ၍ အမိန့်ရှိသဖြင့် တပည့်တော်ဟာ ရတနာသေတ္တာကို စောင့်ကြပ်နေရပါတယ်ဘုရား"

"အိမ်း"

"အခုအခါမှာ မသမာသူတစ်စုဟာ ဒီရတနာသေတ္တာထားတဲ့နေရာကို စုံစမ်းလိုက်ရှာနေတဲ့အတွက် အရှင့်ဆီလာပြီး လျှောက်တင်ချင်လို့ သည်နေ့ညက ရေလယ်မှာပြခြင်းဖြစ်ပါ

တယ်။ ရတနာသေတ္တာရှိတဲ့နေရာကတော့ မြစ်လယ်က ရေအောက် လိုက်ဂူထဲမှာဖြစ်ပါတယ်။ အဲဒါကို အရှင်ယူပြီး သိမ်းဆည်းထားပေးပါဘုရား''

''အိမ်း…ဒါတွေဟာ လောကီအလုပ်တွေဖြစ်တယ်၊ အရှင်တို့နဲ့မဆိုင်ပါ၊ ဒါကြောင့် ဒီကိစ္စကို အရှင် ဆောင်ရွက် ၀ မပေးနိုင်ပါ''

ထိုသို့ပြောပြီး မကြာမီ အိပ်ရာမှလန့်နိုးခဲ့သည်။

နောက်သုံးရက်ခန့်အကြာတွင် ရတနာသေတ္တာကို လိုချင်သည့်မိကျောင်းမုဆိုးတစ်သိုက် သည်နေရာသို့ရောက်ရှိလာခဲ့သည်။ အားလုံး စုစုပေါင်းသုံးဦးဖြစ်သည်။

သူတို့တွင် ဓနိဖူး၊ သန္တတ်၊ မှိန်း၊ ကြိုးခွေ၊ အစီကြိုးနှင့် ဖော့ စသည့် မုဆိုးလက်နက် အစုံအလင်ပါခဲ့သည်။ ရတနာများကို လိုချင်တပ်မက်လောဘဇောတက်နေသည့် မိကျောင်းမုဆိုး ရောဘုရင်ဟု တင်စားခေါ်ဆိုရသည့် နတ်မိကျောင်းတို့ မကြာမီ ဆုံတွေ့ကြတော့မည်။

မကြာမီအချိန်တွင် မိကျောင်းမုဆိုးတစ်သိုက် ရေလယ်သို့လှေဖြင့်လှော်ခတ်သွားခဲ့သည်။ ရေကျွမ်းကျင်သည့် မိကျောင်းမုဆိုးနှစ်ဦးက လက်နက်များကိုကိုင်ဆောင်ပြီး ရေထဲသို့ခုန်ဆင်း

သွားခဲ့သည်။ သူတို့သည် ရေလယ်ခေါင်အောက်ခြေရှိ ရတနာသေတ္တာရှိရာ လိုဏ်ဂူသို့ ဦးတည်သွားနေသည်။

ထိုလိုဏ်ဂူနားသို့မရောက်မီ ...

လိုဏ်ဂူထဲမှ သံကွင်းဆက်နှင့် ရွှေသေတ္တာနတ်မိကျောင်းကြီးသည် ရတနာသေတ္တာကိုတင်ဆောင်ပြီး လိုဏ်ဂူအပြင်ဘက်သို့ ကူးခတ်လာခဲ့သည်။

လိုဏ်ဂူရှေ့တွင် မုဆိုးနှစ်ယောက်နှင့် နတ်မိကျောင်းကြီး တွေ့ကြလေပြီ။ မုဆိုးတစ်ဦးက သန့္တတ်နှင့်လှမ်းပစ်လိုက်သည်။

ရေထဲတွင် အချိန်အဆက ရေသွးလမ်းကြောင်းကို လိုက်ပြီး လွဲချော်သွားခဲ့သည်။

သည်တွင် နောက်မုဆိုးတစ်ဦးက မှိန်းနှင့်လှမ်းအထိုး...

"ဘုန်း"

နတ်မိကျောင်းကြီး၏ ရှည်လျားလှသောအမြီးကြီးဖြင့် ထိုမုဆိုးကိုလှမ်းရိုက်လိုက်ရာ ချက်ကောင်းကိုထိမှန်ပြီး အနောက်ဘက်သို့လဲအကျ လျှင်မြန်သောအဟုန်ဖြင့် အနားသို့သွားပြီး မုဆိုး၏လည်တိုင်ကို ကိုက်ခဲလိုက်သည်။ ပြီးတော့ မိကျောင်းတို့၏ထုံးစံ အတွင်းဆွဲ၍ခါလိုက်ရာ သွေးပွက်များ မြင်မကောင်းအောင် ရေပေါ်တွင် ရဲကနဲတက်လာခဲ့သည်။

လှေပေါ်တွင်ကျန်ရစ်ခဲ့သော မုဆိုးတစ်ယောက်မှာ ဤသွေးကွက‌ကိုကြည့်ရှုံ့နှင့် သဘောပေါက်ကာ ကြောက်ရွံ့တုန်လှုပ်နေသည်။

နတ်မိကျောင်းကြီးမှာ ပထမဦးဆုံးမုဆိုးကို အောင်ပွဲဆင်ပြီးနောက် ဒုတိယမုဆိုးရှိရာသို့ တဟုန်ထိုးသွားကာ ၎င်း၏လက်တစ်ဖက်ကို လှမ်းကိုက်လိုက်ရာ မုဆိုး၏လက်တစ်ဖက်ပြတ်ပြီးပါလာသည်။

မုဆိုးလည်း ကြောက်အားလန့်အားဖြင့် ရေပေါ်သို့ကူးခတ်စဉ် ၎င်း၏ဝမ်းဗိုက်ကိုကိုက်ပြီး ရေအောက်သို့ထိုးချလိုက်ရာ ဒုတိယမုဆိုး၏ ခန္ဓာကိုယ်ကြီးမှာ ကန့်လန့်အသွင်ဖြင့် ပါလာခဲ့သည်။ ထို့နောက် ထိုခန္ဓာကိုယ်ကြီးအား လိုဏ်ဂူအနီးသို့ ကိုက်ချီသွားပြီး လိုဏ်ဂူနှင့်ခန္ဓာကိုယ်ကို အကြိမ်ကြိမ်ရိုက်စေခဲ့သည်။ ဒုတိယမုဆိုး၏ခန္ဓာကိုယ်ကား တစ်စစီပြတ်ထွက်လျက် ဦးခေါင်းကြီး၊ လက်ခြေ စသည့်အင်္ဂါရပ်များ ရေပေါ်သို့ ပေါ်လာခဲ့ပါတော့သည်။

"အမလေး ရေမုဆိုးဖိုးကျော်ရဲ့ ခေါင်းကြီးပါလား၊ ဟိုမှာလည်း လက်ကြီး၊ ဟိုမှာခြေပြတ်ကြီး ဘုရား…ဘုရား… သူတို့အားလုံး သေကုန်ကြပြီထင်ပါရဲ့၊ ငါ့ဆီကို ဘယ်တော့

ရောက်လာမလဲ"

ရေမှုဆိုးဖိုးထင်မှာ ကြောက်ရွံ့တုန်လှုပ်စွာဖြင့် လှေပေါ်တွင်ထိုင်နေစဉ်…

"ဗွမ်း"

ဟူသော မိကျောင်းအမြီးရိုက်သံနှင့်အတူ ဖိုးထင်လည်း ရေထဲသို့ရောက်ရှိသွားခဲ့သည်။ သည်တွင်ဳ နတ်မိကျောင်းကြီးက အနီးသို့ရောက်ရှိလာပြီး ဖိုးထင်၏လည်တိုင်ကိုကိုက်ခဲကာ တအားကုန်ခါယမ်းလိုက်သည်။ ဖိုးထင်မှာ အင်အားရှိသမျှ ရုန်းကန်ပါသော်လည်း သန်မာလှသည့် မိကျောင်း၏မေးရိုးက ပြုတ်တူဖွယ် ညှပ်ထားခဲ့သည်။ ထို့နောက် မိကျောင်းကြီးက ဖိုးထင်၏ခန္ဓာကိုယ်ကိုကိုက်ချီကာ ရေအောက်သို့ ဆွဲယူသွားသည်။ မကြာမီဖိုးထင်၏ခန္ဓာကိုယ်ကြီးကား ပျော့ခွေကာ အသက်ကင်းမဲ့သွားခဲ့သည်။

မြစ်ပြင်ကျယ်ကြီးတွင် သွေးကွက်များ အကွက်လိုက်အကွက်လိုက် ပျံ့နှံ့လျက်"

ထိုမြစ်လယ်ပြင်၌ ရေကျသောအခါ ကျောက်လိုဏ်ဂူကြီး၏ ကျောက်စွန်းများကို တွေ့နိုင်သည်ဟုဆိုပါသည်။

ဤသည်ကား လွန်ခဲ့သည့်နှစ်ပေါင်း(၁၀၀)ကျော်က

ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်တစ်ခုဖြစ်သည်။ တစ်ခါတစ်ခါ လသာသည့်ညများတွင် သံကွင်းဆက်နှင့်ရွှေသသေတ္တာပိုင်ရှင် နတ်မိကျောင်းကြီးသည် မြစ်အတွင်း၌ ကူးခတ်နေသည်ကိုတွေ့ ရသည်ဟု ဆိုစမှတ်ပြုခဲ့သည်မှာ ယခုတိုင်ပင်ဖြစ်သည်။ ဤ သည်ကား ဆရာကြီးပြောပြသည့် နတ်မိကျောင်းဒဏ္ဍာရီ တစ်ပုဒ် ဖြစ်ပါသည်။

ထို့နောက် ဆရာကြီးကောမုလုက ဤသို့ ဆက်၍ပြောခဲ့ သည်။

"မိဖုရားကြီးက သူသေခါနီးမှာ သူ့ရဲ့လက်ဝတ်ရတနာ တွေကို နောင်လာမယ့် အရိမေတ္တယျမြတ်စွာဘုရားရှင်အတွက် လှူဒါန်းဖို့ အဓိဋ္ဌာန်ပြုခဲ့တယ်လို့ သိရတယ်"

"ဪ...ထူးထူးဆန်းဆန်း ဒီရတနာတွေကို နတ် မိကျောင်းကြီးက စောင့်ရှောက်နေရတဲ့သဘောပေါ့နော်"

"ရှေးလူကြီးတွေပြောတဲ့အရဆိုရင်တော့ ဒီသဘောပဲ ဖြစ်မှာပေါ့ဗျာ၊ ဒါပေမဲ့ ကျုပ်တို့က ကြားဖူးနားဝပြောပြတာ နတ်မိကျောင်းနဲ့ပတ်သက်တဲ့ပုံပြင်တွေ ဒဏ္ဍာရီတွေကတော့ အများကြီးပဲပေါ့ဗျာ၊ ကျုပ်ပြောချင်တဲ့အဓိကအကြောင်းကတော့ မိကျောင်းတွေဟာ ရေထဲကိုရောက်ရင် သူတို့ရဲ့တိုက်ကွက်တွေ

ာ ကြောက်မယ်ဖွယ်ကောင်းလွန်းလို့ သတိထားရအောင် ပြော
ာပါ''

''ဟုတ်ပါတယ်၊ သူတို့ရဲ့ ရက်စက်ကြမ်းကြုပ်တဲ့ တိုက်
ွက်ကို သိထားမှ ဖမ်းလို့ရမှာပေါ့ဗျာ''

''ကဲ…ဒီနေ့တော့ ဒလောက်နဲ့ပဲနားမယ်၊ မနက်ဖြန်က
ပြီး မိကျောင်းစစ်ဆင်ရေးကို စပြီးသင်ပေးမယ်''

''ကောင်းပါပြီ''

✲ ✲ ✲

နောက်တစ်နေ့မှာ ဆရာကြီးကောမုလုသည် ကိုထွန်းနိုင်
ို့သုံးဦးအား မိကျောင်းစစ်ဆင်ရေး အခြေခံကစပြီး သင်ကြား
ပ်းခဲ့သည်။

မိကျောင်းဖမ်းရာတွင် အဓိကဖြစ်သည့် ဓနိဖူး၊ သန္တတ်
န်းကြိုးခွေနှင့် ဖော့တတ်ထားသည့် အစီကြိုးတို့ကို ယူဆောင်
ာပြီး …

''ဒီ…သန္တတ်နဲ့ မိကျောင်းကိုပစ်ပြီးဖမ်းရတယ်။ သန္တတ်
ား‌က အစီကြိုးကို ဒီလိုလျှော့ချည်တင်းချည်လုပ်ပေးလိုက်ရင်

မိကျောင်းဟာ ချည်ပြီးတုတ်ပြီးသားဖြစ်ပြီး ရေပေါ်ကို တဖြည်းဖြည်းပေါ်လာပြီး ရေဘုရင်က သားကောင်ဘဝကို ရောက်သွားတော့တာပဲ"

ဆရာကြီးကောမုလုက အစီကြိုးကိုကိုင်တွယ်ကာ လျှော်ချည်တင်းချည်လုပ်ပြပြီး သင်ကြားပေးခဲ့သည်။

"မိကျောင်းရဲ့သဘောဟာ ရေငုပ်တဲ့အခါမှာ ဘယ်တော့မှ တည့်တည့်မငုပ်ဘူး၊ ရှေ့ကိုထိုးပြီး ဦးစိုက်ချပြီး မငုပ်တဲ့သဘောပေါ့၊ တည့်တည့်ပြောရရင် မိကျောင်းတစ်ကောင်ဟာ ရေငုပ်ရင် နောက်ဆုတ်ပြီးငုပ်တာကိုပြောတာ"

"ဟုတ်ကဲ့"

"ရေငုပ်သွားတဲ့မိကျောင်းကို သန္တတ်နဲ့ပစ်ရင် ငုပ်တဲ့နေရာကိုမပစ်ရဘူး၊ နောက်ဘက် ခြောက်ပေအကွာလောက်ကို မှန်းပြီးပစ်ရတယ်၊ ဒါမှမိမှာ၊ နို့မဟုတ်ရင် ဘယ်လိုမှ မထိနိုင်ဘူး"

"ဟုတ်ကဲ့"

ကိုထွန်းနိုင်တို့အုပ်စုက "သန္တတ်" ဟုပြောသည့်ပစ္စည်းကို ကိုင်ကြည့်ခဲ့ကြသည်။ သန္တတ်ဆိုသည်မှာ မိကျောင်းမုဆိုး၏အခေါ်အဝေါ်ဖြစ်သည်။ တကယ်တော့ သန္တတ်ဆိုသည်

မိန်းငယ်ကလေးတစ်မျိုးပင် ဖြစ်သည်။

"တစ်ချို့မကျောင်းတွေဟာ သန္တတ်ထိသွားပေမယ့် လူမုဆိုးတွေရဲ့လက်ထဲမှာ အသေမခံဘူး၊ ရေအောက်ထဲထိုးစိုက်ပြီး အသေခံသွားကြတယ်၊ အဲဒါကို ရေကျောက်ချတယ်လို့ ပြောကြတယ်"

"ရေကျောက်ချတယ်ဟုတ်လား၊ ကျွန်တော်တို့တော့ ဒီစကားကို တစ်ခါမှမကြားဖူးဘူး"

"အဲဒီအချိန်ဟာ မိကျောင်းအတွက်ရော ရေမုဆိုးအတွက်ပါ အင်မတန်အရေးကြီးတဲ့အချိန်ပဲ"

"ဘာဖြစ်လို့လဲဆရာကြီး"

"မုဆိုးစည်း…သားကောင်စည်းဆိုတာရှိတယ်၊ ဒဏ်ရာရထားတဲ့မိကျောင်းဟာ ရေကျောက်ချချိန်မှာ သူ့ဘဝရဲ့နောက်ဆုံးအချိန်ဖြစ်တယ်၊ အဲဒီအချိန်မှာ သူ့ရဲ့ဇွဲသတ္တိဟာ အံ့မခန်းစရာပဲ၊ အဲဒီအချိန်မှာ မိကျောင်းကိုလိုချင်လို့ သူ့ရဲ့အနားကပ်သွားရင် အမြီးနဲ့ရိုင်ပြီး အနားကပ်တဲ့လူကို စိစိညက်ညက်ကျေအောင် အသေသတ်တော့တာပဲ၊ ဒါကြောင့် အဲဒီအချိန်မှာ မုဆိုးရဲ့စည်းကိုထားရမယ်၊ သားကောင်ကိုလက်လွှတ်ပေးရမယ်၊ သူမပေးချင်တဲ့ သူ့ရဲ့ခန္ဓာကိုယ်ကို မယူရဘူး"

"ဪ…ဒီလိုကိုး"

"နောက်ပြီး မြန်မာပြည်မှာရှိတဲ့မိကျောင်းအမျိုးအစား ကိုလည်း သိထားရမယ်ကွဲ့"

"ဟုတ်ကဲ့…ပြောပါ"

"ကမ္ဘာပေါ်မှာ မိကျောင်းအမျိုးအစား(၂၄)မျိုးရှိပေမယ့် တကယ်တမ်း မိကျောင်းကို သရုပ်ခွဲလိုက်ရင် မိကျောင်းခေါင်း ရှည်နဲ့ ခေါင်းတိုဆိုပြီး နှစ်မျိုးပဲရှိတယ်၊ ခေါင်းတိုက နှာတံတို ပြီးဝိုင်းတယ်၊ ခေါင်းကျယ်တယ်၊ ပါးစပ်ပိတ်လိုက်ရင် သွားက အပြင်ဘက်ကို အစွယ်ကောက်ကောက်လေးငေါထွက်နေတယ်၊ အထူးသဖြင့် မိကျောင်းတွေရဲ့ စတုတ္ထအောက်သွားဟာ အခြား သွားတွေထက်ပိုရှည်တယ်"

"မိကျောင်းခေါင်းရှည်ကရော ဘယ်လိုလဲ"

"မိကျောင်းခေါင်းရှည်က ရေအောက်မှာ အများဆုံး နေနိုင်လို့ တစ်နာရီကျော်ကျော်ပဲနေနိုင်တယ်၊ ပြီးရင် ရေပေါ် တက်ပြီးအသက်ရှူတယ်၊ ရေစပ်စပ်ကုန်းပေါ်မှာ သောင်ပြင်မှာ အိပ်တတ်တယ်၊ တို့မြန်မာနိုင်ငံမှာရှိတဲ့ မိကျောင်းတွေဟာ ခေါင်းရှည်အမျိုးအစားတွေဖြစ်တယ်။ မိကျောင်းတွေဟာ ဒီရေ အတက်အကျရှိတဲ့ ရေငံပိုင်းနဲ့ ရေချိုရေငံစပ်တဲ့ မြစ်ဝတို့

ချောင်းဝဲရှိတဲ့မြစ်ဝတို့ ဖျိုက်တောရှိတဲ့နေရာတွေမှာ အနေများ တယ်။

"ဟုတ်တယ် မိကျောင်းပေါတဲ့မြစ်မှာ ညဘက်ရောက် လို့ ဒုတ်မီး (ဓာတ်မီး)နဲ့ထိုးကြည့်ရင် မြစ်ဝတစ်လျှောက်မှာ မျက်လုံးတဝင်းဝင်းနဲ့ မိကျောင်းတွေကို တွေ့ရတယ်"

"သိပ်ဟုတ်တာပေါ့၊ မိကျောင်းတစ်ကောင်ရဲ့ဖွဲ့စည်းပုံ ကိုက အချိုးအစားကျနတယ်။ ရေကိုနိုင်တာလည်းမပြောနဲ့၊ နှာခေါင်း နားအုံနဲ့ မျက်လုံးက မျက်နှာပေါ်မှာမို့မောက်နေတော့ ရေပေါ်မှာ သစ်တုံးတစ်တုံးလို ကိုယ်ဖော့ပြီးနေတဲ့အခါမှာ နှာခေါင်းနဲ့မျက်လုံးက ရေပေါ်မှာ သူ့အလိုအလျှောက်ပေါ်နေပြီး အသက်ရှူရလွယ်သလို သူဖမ်းရမယ့်သားကောင်ကိုလည်း အလွယ် တကူမြင်နိုင်တာပေါ့ကွယ်"

"ဒါ့ကြောင့်လည်း ဘဲတွေရေကူးနေရင်း ခဏချင်း မိချကာင်းရောက်လာတာကိုး"

"ဟုတ်တယ်၊ ဒီထက်ထူးခြားပြောရရင် မိကျောင်းမှာ ဂမ္ဘီရဆန်တဲ့လျှို့ဝှက်ထားတဲ့ ရေမျက်လုံးတစ်စုံပါတယ်။ ဒါကြောင့် ရေမျက်လုံးနဲ့ကုန်းမျက်လုံးဆိုပြီး မျက်လုံး(၄)လုံးပါတယ်"

"ဟုတ်လား၊ ဆရာကြီးရယ် ကျွန်တော်တို့ သိတောင်

မသိဘူး"

"နောက်ပြီး ရေဘယ်လောက်ရေစီးသန်တဲ့မြစ်ဖြစ်ပလေ့စေ ရေကိုဆန်ပြီးတက်တာများ တစ်ချက်တောင် တုတ်တုတ်မလှုပ်ဘူး၊ ရှေ့ခြေနှစ်ချောင်းက အမြီးများထိ နှာခေါင်းနဲ့မျက်လုံးသာဖော်ပြီး ကျောက တည့်တည့်အနေအထားနဲ့ အမြီးက တက်မသဖွယ် ထိမ်းထားလိုက်တာ ဘယ်လိုဆန်တက်သွားမှန်းမသိဘူး၊ ရေခွဲအားကလည်း ကောင်းသပ။ ဒိုင်းမွန်းထောင်ပဲချပ်ပွင့်လိုရေခွဲသွားတာ။

"ဒါကြောင့် သူ့နောက်ကို ဘယ်လိုမှမလိုက်နိုင်ဘူး"

"နောက်ပြီး မိကျောင်းဟာ သူစားမယ့်သားကောင်ကိုဖမ်းတဲ့အခါမှာ ရေမှာဖြစ်ဖြစ် ကုန်းမှာဖြစ်ဖြစ် အမြီးနဲ့ရိုက်ပြီးဖမ်းတာများ အံကျပဲဗျာ၊ ပြီးတော့ သူ့ရဲ့ သန်မာတဲ့မေရိုးနဲ့ အမိအရကိုက်ပြီး ရေနက်ထဲဆွဲချသွားတာများ အဖမ်းခံရတဲ့သားကောင်ဟာ ဘယ်လိုမှ မရုန်းနိုင်ဘဲ ရေမွန်းပြီးသေသွားတဲ့အထိပဲ"

"တော်တော်မာယာများတဲ့ မိကျောင်းတွေပဲနော်"

"ဟုတ်တယ်ကွဲ့၊ မိကျောင်းတွေဟာ ရိုးရိုးအသားထက်အပုပ်ခံထားတဲ့အသားကို ပိုပြီးကြိုက်တယ်၊ ဒါ့ကြောင့် သူတို့ကိုက်ဖြတ်ထားတဲ့သားကောင်ကို ဆူးတောင်နှစ်ခုကြားမှာရှိတဲ့

အလောင်းစင်မှာတင်ပြီး သားရဲတွင်းကိုပို့ပြီး အပုပ်ခံလေ့ရှိတယ်"

"ဟုတ်တယ်နော်၊ ဒါ့ကြောင့် မိကျောင်းကိုက်ခံထားရတဲ့သူတွေဟာ အများအားဖြင့် အလောင်းတောင် ပြန်မရတတ်ဘူး"

"နောက်တစ်ခုက မိကျောင်းတွေရဲ့ ပါးနပ်တဲ့အကြောင်းကို ပြောရဦးမယ်၊ မိကျောင်းတွေဟာ အများအားဖြင့် လတာပြင်သောင်စပ်မှာ မေးတင်ပြီးအိပ်လေ့ရှိတယ်၊ အဲဒီလို လတာပြင်ဘက်ကို ခေါင်းပြုပြီးအိပ်ရင် အဲဒီမိကျောင်းရဲ့ ပတ်ဝန်းကျင်မှာ ရန်သူမရှိ ပြိုင်ဘက်မရှိတဲ့ရေဘုရင်ပဲ၊ ဒါမှမဟုတ် သောင်ပြင်စပ်ကို မျက်နှာမမူဘဲ မြစ်ဘက်ကို မျက်နှာမူထားရင်တော့ အဲဒီမိကျောင်းထက်ကြီးတဲ့ ရေဘုရင်မိကျောင်းကြီးရှိလို့ဆိုတာ သိနိုင်တယ်"

"မိကျောင်းတွေက သူ့ရဲ့ပြိုင်ဘက် ဒါမှမဟုတ် ရန်သူကို သိတယ်၊ ရန်သူဟာ အချိန်မရွေး သူ့ဆီကိုရောက်လာနိုင်တယ်၊ အဲဒီအခါမှာ အလွယ်တကူထွက်ပြေးနိုင်အောင်လို့ မြစ်ဘက်ကို ခေါင်းပြုပြီး သောင်ဘက်ကို အမြီးတင်ထားတာဖြစ်တယ်၊ ရန်သူလာတာနဲ့ ရေထဲကို အဆင်သင့် လျှောကနဲဆင်းသွားရုံပဲ၊ ရေထဲမှာကျတော့ ကုန်းပေါ်ထက်ပိုပြီး ပြေးရတာလွယ်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"မိကျောင်းတွေဟာ ဘာကြောင့်မှန်းမသိဘူး၊ ဆန္ဒမ်းကို အရမ်းကြောက်ကြတယ်၊ မိကျောင်းတွေကိုဖမ်းမိလို့ ဟင်းချက်စားဖို့အလုပ်မှာ မိကျောင်းသားကို ဆန္ဒမ်းနဲ့နယ်လိုက်ရင် သေထားပြီးသားအသားတောင် တဆပ်ဆပ်တုန်ပြီး အရည်ပျော်သွားတယ်ဆိုပဲ"

"ကျွန်တော်တို့ဆီက ခေါင်းရှည်ကြီးကလော ဒီလိုမဟုတ်ပေါင်ဗျာ၊ ဆန္ဒမ်းဝါထိန်နေတဲ့ မီးနေသည်တောင် ချမ်းသာမပေးဘူး၊ ကိုက်ချီဆွဲသွားလိုက်တာ အစတောင်မတွေ့ရဘူး"

"ဟုတ်တယ်၊ တစ်ချို့မိကျောင်းတွေက ဆန္ဒမ်းပြီးတယ်လို့များ ပြောရမလားပဲ"

"မိကျောင်းကို သန္တတ်နဲ့ပစ်ရင် ဘယ်နေရာဟာ ချက်ကောင်းဖြစ်ပါသလဲ"

"တကယ်တော့ သတ္တဝါတွေရဲ့သေကွက်ဟာ လည်ပင်းနဲ့ရင်ဘတ် အသည်းနှလုံးရှိတဲ့နေရာတွေပဲ၊ ဒါပေမဲ့ မိကျောင်းရဲ့လည်ပင်းနဲ့ ကျောဟာ မာကျောတောင့်တင်းတယ်၊ ကြမ်းတမ်းတဲ့အရေထူကြီးနဲ့ ဖုံးအုပ်ထားလို့ ထိုးဖောက်ဖို့မလွယ်ဘူး၊ ပျော့တဲ့နေရာဖြစ်တဲ့ ဝမ်းဗိုက်နဲ့ နံဘေးနေရာတွေကို ပစ်မှတ်ထားပြီး

ထိုးဖောက်ရတယ်ကွဲ့"

"ဟုတ်ကဲ့ပါ"

"ကဲ...ဒီနေ့တော့ ဒီလောက်နဲ့ပဲရပ်မယ်၊ မနက်စာ ထမင်းသွားစားကြစို့"

"ဟုတ်ကဲ့"

သည်နေ့အဖို့ သည်မျှနှင့်ရပ်နားပြီး နံနက်စာ ထမင်းစားခဲ့ကြတယ်။

❂ ❂ ❂

သည်လိုနှင့်ပင် ကိုထွန်းနိုင်တို့သုံးဦးကို ဆရာကြီးကောမုလုမှ ပညာသင်ပေးခဲ့ရာ တစ်လဟူသောအချိန် ကုန်ဆုံးခဲ့ပြီ၊ မိကျောင်းနှင့်မတွေ့ဆုံရသေးသဖြင့် မိကျောင်းအစစ်ကြီးအားမဖမ်းနိုင်သေးရုံကလွဲပြီး ကျန်သည့်ကိစ္စများကို တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားပေးခဲ့ပါသည်။

ကိုထွန်းနိုင်တို့သုံးဦးမှာ သည်ပညာကိုသင်ကြားတတ်မြောက်ခဲ့ပါပြီ။ လက်တွေ့စစ်သပ်ရန်သာလိုတော့သည်။ မရန်းဘက်တွင်လည်း မိကျောင်းများရှိပါသည်။ ထိုမိကျောင်းများက

ရှာသူရှာသားများကို ဒုက္ခမပေးသဖြင့် ရှာသူရှာသားများကလည်း ထိုမိကျောင်းများကို ဒုက္ခမပေးခဲ့ချေ။

"ကဲ…ကိုထွန်းနိုင် မိကျောင်းကို ဘယ်လိုဖမ်းရမယ် ဆိုတာ အားလုံးကိုသင်ပြီးပြီ၊ လက်တွေ့စမ်းရုံပဲကျန်တော့တယ်"

"ဟုတ်ပါတယ် ခင်ဗျား"

ထိုသို့ဖြင့် ဖရန်းတွင် ကျက်စားနေသည့်မိကျောင်းများကို ဖမ်းဆီးကာ လေ့ကျင့်ခဲ့ကြသည်။ ထိုမိကျောင်းများမှာ လူသားလည်း မစားစဖူး လူ့သွေးလည်းမသောက်စဖူး များစွာမလျှင်လှပေ။

တစ်ချို့အကောင်များမှာ သန္တတ်ဖြင့် ချက်ကောင်းကိုပစ်၍ဖမ်းပြီး အစီကြိုးကို လျှော့ချည်တင်းချည်လုပ်ပေးလိုက်သည်။ ကြိုးက တင်းသထက်တင်းသွားတော့ အလိုလိုချည်ပြီးတုတ်ပြီးသားဖြစ်သွားသည်။

သည်လိုမိကျောင်းမျိုးကား အလွယ်တကူကုန်းပေါ်သို့ဆွဲတင်နိုင်ခဲ့သည်။ ဆရာကြီးကောမုလုနှင့် ကိုထွန်းနိုင်တို့ တစ်သိုက်မှာ …

မိကျောင်းဖမ်းရာတွင် လွန်စွာကျွမ်းကျင်လှသည့် မိကျောင်း မုဆိုးများဘဝသို့ ရောက်ရှိသွားခဲ့သည်။

အိုယွန်းယုဥ်စာပေ

"ကဲ…ကိုထွန်းနိုင်တို့အုပ်စု မိကျောင်းဖမ်းရာမှာ အတော်ကိုကျွမ်းကျင်လှပြီ၊ ခင်ဗျားတို့ ရွာကိုပြန်ချင်ရင်ပြန်လို့ရပြီ"

"ကောင်းပါပြီ"

"ဒါဆိုရင် ကိုထွန်းနိုင်တို့ရွာကိုပြန်ရောက်ရင် ရေမုဆိုးပဲပြန်လုပ်မှာလား၊ မိကျောင်းမုဆိုးပဲလုပ်မလား ပြောကြပါဦး"

"ကျွန်တော်ကတော့ စိတ်ဓာတ်မျိုးပဲ၊ အမှန်တကယ်လုပ်စားမှာက ရေမုဆိုးပဲ၊ (ရေမုဆိုးဆိုသည်မှာ ငါးဖမ်းသောအလုပ်ကို လုပ်ကိုင်သူဟုဆိုလိုသည်) လုပ်မှာပါပဲ၊ ဒါပေမဲ့ ခေါင်းရှည်မိကျောင်းနဲ့တော့ ကမ္ဘာကြေတောင် ဥဒါန်းမကျေဘူး သူ့ကိုသတ်ရမှာ စိတ်အေးနိုင်မယ်"

"ခေါင်းရှည်ကိုဖမ်းကိုကတော့ အခြားမိကျောင်းတွေကိုဖမ်းသလောက် လွယ်မှာမဟုတ်ဘူး၊ သူဟာ လူသားကိုလည်းစားဖူးပြီးပြီ၊ လူ့သွေးကိုလည်းသောက်ဖူးပြီးပြီ၊ ဒါ့ကြောင့် ခေါင်းရှည်ဟာ လူသားတွေကို ဘယ်လိုဖမ်းစားရမလဲဆိုတာ ကျွမ်းကျင်နေပြီ"

"ဟုတ်ပါတယ်ဆရာ၊ သူ့ကိုပဲဖမ်းချင်တာဆိုတော့ ဘယ်လောက်ခက်ခဲပါစေ၊ ကျွန်တော်လုပ်မှာပဲ၊ နောက်ပိတ်ဆုံးမှာ သူ့ကိုသတ်နိုင်မယ်ဆိုရင် ကျွန်တော့်အသက်နဲ့ လဲရလဲရ

ပါပဲ''

''ဒါကတော့ ကိုထွန်းနိုင်တို့သဘောပါပဲ''

''ကျွန်တော်တို့တစ်တွေဟာ ရွာပြန်ရောက်တာနဲ့ ခေါင်းရှည်ရဲ့သတင်းကို စုံစမ်းမယ်၊ ဒီကောင်ကိုတွေ့တာနဲ့ ဆရာ့ဆီကိုလာခေါ်မယ်၊ ဆရာ…လိုက်ခဲ့ပါနော်''

''လိုက်မှာပေါ့ ကိုထွန်းနိုင်ရယ်၊ ကျုပ်လည်း လက်ရည်စမ်းချင်တာနဲ့ အတော်ပဲ''

အပေါ်အင်္ကျီဗလာ အောက်ပိုင်းက ရှမ်းဘောင်းဘီပွကြီးကိုဝတ်ဆင်ထားသော ဆရာကြီးကောမုလုမှာ ကွမ်းတမြုံ့မြုံ့ဝါးရင်း အားရပါးရပြောလိုက်သည်။

သည်တွင် ဆရာကြီးကောမုလု၏ဇနီး ဒေါ်ပုမက…

''ကိုထွန်းနိုင်ရေ…ဆရာကြီးကတော့ မိကျောင်းဆိုတဲ့ အသံကြားတာနဲ့ ခေါင်းမွေးထောင်လာပြီး အဲဒီနေရာကို အပြေးသွားတော့တာပဲ၊ ဒါကြောင့် ကိုထွန်းနိုင်တို့ခေါ်ရင် အမြန်ဆုံးရောက်လာမှာပါ၊ မပူပါနဲ့''

''ဟုတ်ကဲ့ပါဆရာကတော်ရယ်၊ ကျွန်တော်တို့ကိုပစ်မထားပါနဲ့၊ ဒီကောင်ကြီးရဲ့သတင်းကိုကြားတာနဲ့ ဆရာကြီးဆီအပြေးလာပြောပါ့မယ်''

"ကောင်းပါလေရဲ့တော်၊ မင်းတို့ဆရာကြီးက လိုက်ဖို့အဆင်သင့်ပါပဲ"

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ် အစ်မရယ်"

"အေး…နေမပူခင် သွားကြ…သွားကြ"

ထိုသို့ပြောပြီး ဒေါ်ပုမမှာ မောမောနှင့် အိမ်တိုင်ကိုမှီပြီး ထိုင်ချကာ အနီးရှိငါးသေတ္တာဘူးခွံအား ဆေးလိပ်ပြာခွက်လုပ်ထားသည့်အထဲမှာ ဆေးပေါ့လိပ်ကြီးကိုယူကာ မီးခြစ်နှင့်ခြစ်ပြီး မီးခိုးတစ်ထောင်းထောင်းဖြစ်အောင် ဖွာလိုက်ပါတော့သည်။

❂ ❂ ❂

# အခန်း (၄)

## "ခေါင်ရန်းပန်းနီနီနဲ့ ဘဲမလေး"

နံနက်ခင်း၏ရောင်နီကလေး ပေါ်ထွန်းလာခဲ့ပြီ။

ရေကြက်...တောကြက် သပိတ်လွယ်ငှက်အစရှိသည့် ကျေးငှက်သာရကာလေးများ၏ သာယာဖွယ်တေးသံကလေးတို့ဖြင့် နံနက်ခင်းကို နိုးထခဲ့သည်။

သည်တွင်...အေးတင်မ၏အသံစွာစွာကလေးဖြင့်...

"တော့်...ကိုထွန်းရေ...ထတော့..."

"မင်းကလည်းကွာ၊ အစောကြီးပဲရှိသေးတယ်"

"မစောတော့ဘူး၊ ဟိုဘက်အိမ်က ကိုဘမောင်ကြီးတို့တောင် ငါးဖမ်းလှေဆီ ဆင်းကြတော့မယ်"

"အေး...အေး...ဒါဆို ငါ မျက်နှာသစ်လိုက်ဦးမယ်"

"ကျုပ်တော့ ရှင့်အတွက် ထမင်းကြော်လည်းကြော်ပြီးပြီ၊ ငါးခြောက်ဖုတ်နဲ့အဖန်တစ်အိုးလည်း လုပ်ထားပြီးပြီ၊ မျက်နှာသစ်ပြီးရင် စားလိုက်တော့"

"အေးပါကွာ"

"မျက်နှာသစ်ပြီးရင် ကိုဘမောင်ကို ရှင် ငါးဖမ်းလှေနဲ့ လိုက်မယ့်အကြောင်း အော်ပြောလိုက်ဦး၊ မလိုဘူးထင်ပြီး ထားခဲ့ဦးမယ်"

"မင်းကလည်းကွာ၊ ငါ့အလုပ်ငါသိပါတယ်၊ ညကတည်းက ပြောပြီးပြီ"

အေးတင်မမှာ ယောကျ်ားငါးဖမ်းလှေထွက်မှ ငွေရမည်ဖြစ်၍ ငါးဖမ်းလှေနှင့်လိုက်နိုင်ရန် အားလုံး အဆင်သင့်လုပ်ထားခဲ့သည်။ ကိုထွန်းနိုင်မှာ စားသောက်ပြီး ငါးဖမ်းလှေရှိရာသို့ အသွားတွင် ...

"အေးတင်မရေ..."

"တော်"

"ငါလှေထွက်နေတုန်း ခေါင်းရှည်အကြောင်းကို နားစွင့်ထားနော်"

"ကျုပ်သိပါတယ်တော်"

“ခေါင်းရှည်တော့ ငါတို့ဘက်ကို မျက်စေ့လည်မလာ လိုက်နဲ့၊ ဒီတစ်ခါတော့ အပြတ်ရှင်းပစ်လိုက်မယ်”

“ကဲပါတော်…သွားမှာသာသွားစမ်းပါ၊ ခေါင်းရှည် အကြောင်းကြားရင် ရှင်ပြန်လာတော့ ပြောပါ့မယ်”

“အေး…ဒါဆို ငါသွားပြီဟေ့”

ပြောပြောဆိုဆို ပိုက်ကိုထမ်းပြီး ကိုထွန်းနိုင်ထွက်သွား ခဲ့သည်။

အေးတင်မမှာ ဆေးပေါ့လိပ်ကိုသောက်ရင်း စဉ်းစား နေမိသည်။

“အင်း…ကိုထွန်းတို့ မိကျောင်းဖမ်းသွားသင်တာ တစ် လကျော်နှစ်လကြာခဲ့တယ်၊ အခုပြန်ရောက်တာ တစ်ပတ်ကျော် သွားပြီဆိုတော့ နှစ်လကျော်ကျော် သုံးလကျော်ကျော်လောက် ဆိုရင် တစ်ခါလာတတ်တာ အခုဆိုရင် ခေါင်းရှည်ကြီးရောက်ခါ နီးပြီလားမသိဘူး”

“အင်း…မလာသေးတာကမှကောင်းသေးတယ်၊ ခေါင်း ရှည်ကြီးရောက်လာတာနဲ့ ကိုထွန်းက အဲဒီကောင်ကြီးကိုသတ်မှာ ခေါင်းရှည်ကြီးကလည်း လူသားစားမိကျောင်းဆိုတော့ လျှင် မြန်ဖြတ်လတ်နေပြီ၊ ငါ့ယောကျ်ားကိုထွန်းက ဒီမိကျောင်းကြီး

ကို နိုင်ပါ့မလားမသိဘူး"

ထိုသို့ တောင်တွေးမြောက်တွေးတွေးနေစဉ် ရွာလမ်းတစ်လျှောက်တွင် ကလေးများ ဗလုံးဗထွေးနှင့် အော်ဟစ်လာသဖြင့် ...

"ကလေးတွေ ဘာအော်လာပါလိမ့်"

ဆိုသည့်အတွေးဖြင့် လမ်းမသို့ထွက်ကြည့်လိုက်ရာ...

"ခေါင်းရှည်ကြီး ပြန်လာပြီဟေ့"

"ခေါင်းရှည်ကြီးက ခွေးကလေးငမဲကိုဆွဲသွားပြီဟေ့"

"ကလေးတွေ ရေထဲမဆင်းကြနဲ့"

ထိုသို့ အော်သံအမျိုးမျိုးကိုကြားရသည့်အတွက်...

"ဟိုက်...အကျိုးတောနည်းပါပြီ၊ ခေါင်းရှည်ပြန်ရောက်လာပြီ ခွေးလေးငမဲကိုဆွဲသွားပြီတဲ့၊ ဒီသတင်းသာ ကိုထွန်းသိရင် ငါးဖမ်းလှေနဲ့ လိုက်မှာမဟုတ်တော့ဘူး"

"ငါးမဖမ်းရင် ငွေလည်းရမှာမဟုတ်ဘူး၊ ငါ ဘယ်လိုလုပ်ရပါ့"

ခေါင်းရှည်ကြီးပြန်လာသည်ဟုကြားကတည်းက အေးတင်မကတစ်ယောက် အတော်ပင် စိတ်ချောက်ချားသွားခဲ့သည်။

တစ်နေ့လုံး ဟိုစဉ်းစားသည်စဉ်းစားနှင့် နေမထိထိုင်

မသာဖြစ်နေခဲ့သည်။ သည်လိုဖြင့် ဘယ်လိုမိုးချုပ်သွားမှန်းပ
မသိတော့ချေ။

ညနေခြောက်နာရီကျော်ခန့်အချိန်တွင် ငါးဖမ်းလှေများ
ဆိုက်ရောက်လာခဲ့သည်။

"အေးတင်မရေ…အေးတင်မ"

"တော်"

ကိုထွန်းမှာ သူ့ဝေစုရသည့် ငါးတစ်ဆွဲကိုဆွဲလာရင်း
အေးတင်မ၏အမည်ကို တကြော်ကြော်အော်ခေါ်နေခဲ့သည်။

"ရော့…အေးတင်မရေ မင်းဖို့ ဟင်းစားတွေအများကြီး
ယူလာခဲ့တယ်"

"ကောင်းပါလေရဲ့ရှင်၊ ငါးတွေက အများကြီးဆိုတော့
ငါးပိတို့ငါးခြောက်တို့ လုပ်ထားမှပဲ"

"အေးပါကွာ၊ ဒါနဲ့ ငါ သတင်းကောင်းတစ်ခုကြားခဲ့
ရတယ်"

"ဘာများတုန်းတော့"

သည်လိုသာ အေးတင်မကပြောလိုက်ရသည်။ စိတ်ထဲ
မှာတော့ …

"ဘုရား…ဘုရား…ခေါင်းရှည်ကြီးအကြောင်းမဖြစ်ပါ

...စနဲ့''

ဟူ၍ စိတ်ထဲမှ ကြိတ်၍ဆုတောင်းနေခဲ့သည်။

သို့သော် အေးတင်မ၏ဆုတောင်းမှာ မပြည့်ဝခဲ့ပါ။

''အေးတင်မရေ...ငါ့ရဲ့ရန်သူတော် ခေါင်းရှည်ကြီး ...ြန်ရောက်နေပြီဆိုပါလား''

''ဟုတ်ပါ့တော်...ဟုတ်ပါ့...ဒီနေ့တောင် ခွေးလေးငမဲ ...ကို ဆွဲသွားတယ်ဆိုလားပဲ''

''ဆွဲပလေ့စေ...ဒီကောင်တော့ ငါ့ရဲ့စည်းဝိုင်းထဲကို ...ကြာခင် ရောက်လာတော့မှာ''

''သိပ်ပြီးတော့ အတင့်မရဲပါနဲ့တော်''

''စိတ်ချ...မိန်မရေ...သိတ်ချ..မပိုင်ရင် ခြင်တောင် ...ရိုက်ဘူး၊ အတော်ပဲ ဒီကောင်ကြီးရောက်ကြောင်းကို ငါ့ဆရာ ...ကြီး ကောမုလုကို သွားပြောပြီး ခေါ်လာရမယ်''

''ဒါဆိုရင်...ရှင် ငါးဖမ်းလှေမလိုက်တော့ဘူးလား''

''မလိုက်တော့ဘူးဟေ့၊ မလိုက်တော့ဘူး၊ မနက်ဖြန်က ...ပြီး ခေါင်းရှည်ကြီးကို ဇီဝိန်ချွေဖို့ပဲလုပ်တော့မယ်''

''အဲဒါမှ ဒုက္ခပါပဲတော်''

အေးတင်မ မည်သို့မျှ မတတ်နိုင်တော့ပါ။

ကိုထွန်းနိုင်ယူဆောင်လာသည့် ငါးတစ္ဆိဖြင့် ဘယ်နှစ်ရက်မျှ စခန်းသွားရတော့မည်မသိချေ။

နောက်တစ်နေ့မှာတော့ …

ကိုထွန်းနိုင်က ဆရာကြီးကောမုလုကို အိမ်သို့ခေါ်ဆောင်လာခဲ့သည်။ ဆရာကြီးကောမုလုကလည်း ခေါင်းရှည်ကြီးကိုဖမ်းဖို့အရေးကို များစွာ စိတ်ထက်သန်နေသည့်အလျောက် ခေါ်သည်နှင့် လိုက်လာခဲ့သည်။

ဆရာကြီးကောမုလုနှင့် ကိုထွန်းနိုင်၊ ကိုတင်မောင်၊ ကိုလှမောင်တို့လေးဦးသား လတာပြင်ဘက်သို့ လျှောက်ကြည့်ခဲ့ကြသည်။

-လတာပြင်တွင် မိကျောင်း၏ဝမ်းဗိုက်နှင့် လျှော့သွားသည့်အရာများကို တွေ့ခဲ့ရသည်။

ထိုနေရာကို လှည့်ပတ်ကြည့်ရင် ဆရာကြီးကောမုလုက …

"ညတုန်းက ဒီလတာပြင်မှာ မိကျောင်းအိပ်သွားပုံရတယ်၊ မြဲကနဲကြည့်ရင် မသိရပေမယ့် သေသေချာချာကြည့်ရင် ဝမ်းဗိုက်နဲ့ လျှောဆင်းသွားတဲ့ အစင်းကြောင်းတွေရှိတယ်"

မိကျောင်းပညာကား ခထောက်ထိမကုန်သေးပေ။ လိုက်

လနက်လေ ကျယ်ဝန်းလေပါပဲ။ သေသေချာချာကြည့်မှ အစင်း ရာမှိန်မှိန်ကလေးများကို တွေ့ရှိရသည်။

"ဒါဆို…ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ ဆရာကြီး ကောမုလု"

"ခြေရာတွေ့နေမှတော့ ဘာလုပ်ဖို့လိုသေးလဲ၊ သူ့ကို ဖမ်းရုံပဲရှိတာပေါ့"

"ဆရာကြီး…ဒီကောင်ကြီးကိုဖမ်းဖို့ လွယ်ပါ့မလား"

"သူ့ကိုဖမ်းနိုင်အောင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့နည်းကို ရွေးကြတာပေါ့"

"ကဲ…ကိုထွန်းနိုင် ဘယ်နည်းကိုသုံးချင်လဲ၊ ပြောစမ်း ပါဦး"

ဆရာကြီးကောမုလုက ကိုထွန်းနိုင်ကို ပြန်မေးလိုက် သည်။

"ကျွန်တော်ရွေးရမယ်ဆိုရင်တော့ ဘဲကိုပန်းပန်တဲ့ နည်းပါပဲ ဆရာကြီး"

"သိပ်ဟုတ်တာပေါ့ကွာ၊ ဘဲကိုပန်းပန်တဲ့နည်းကို သုံး သင့်တာပေါ့"

တကယ်ဆိုတော့…

(ဘဲကိုပန်းပန်တဲ့နည်းကတော့ မိကျောင်းဖမ်းတဲ့နည်း ထဲမှာ အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးလို့ဆိုရပေမည်။ သည် နည်းမှာ ဆူဖြိုးတဲ့ဘဲမတစ်ကောင်ကိုရွေးပြီး ခေါင်းမှာ ပန်း နီနီရဲရဲပန်ပေးရပါ့မည်။ ဘဲ၏ဦးခေါင်းမှာ ပန်းပန်၍မရနိုင်ပါ။ ဒါ့ကြောင့် ခေါင်ရန်းပန်းနီနီကို ဦးခေါင်းထားပြီး မကျွတ်အောင် ကြိုးနှင့် ခပ်တင်းတင်းချည်နှောင်ထားရပါမည်။ ဘဲ၏ခြေထောက် တွင် ကြိုးချည်ပြီး လှေ၏အနောက်ဘက်တွင်ရှိသော လှေနံရံ နှင့် ကြိုးချည်ထားရပေမည်။ ပြီးလျှင် ထိုဘဲမကို ရေထဲသို့ ပစ်ချလိုက်ပြီး လှေကလေးကို ရပ်တံ့ထားရသည်။ ဤနည်းမှာ ဘဲမကို တယ်ကြက်လုပ်ပြီး မျှား၍ဖမ်းသည့်သဘောပင် ဖြစ် ပေသည်။)

"ဒါဆိုရင် ဘယ်နေ့ကစပြီးဖမ်းမလဲ"

"အလုပ်ဆိုတာ မြန်လေကောင်းလေပဲ၊ မနက်ဖြန် မနက်ကစမယ်ကွာ"

"ဒါဆို…ကိုထွန်း၊ ဘဲမဝဝတစ်ကောင်သာ ရှာထား ပေတော့"

"ရပါတယ်၊ ဘဲမဘယ်နှစ်ကောင်ယူမလဲ၊ ရှာထားလိုက် မယ်"

"ကောင်းပြီ...ကောင်းပြီ"

ထိုသို့ဖြင့် မိကျောင်းမုဆိုးကြီးတစ်သိုက် ဤသို့ တိုင်ပင်ခဲ့ကြသည်။

မနက်ဖြန်တွင် ...

မိကျောင်းမုဆိုးကြီး ဆရာကြီးကောမုလုတို့အဖွဲ့နှင့် ခေါင်းရှည်ကြီးတို့ ထိပ်တိုက်တွေ့မည့်ပွဲကြီးပွဲကောင်းဖြစ်သည်။ ဆရာကြီးကောမုလုကား အသက်ငါးဆယ်ကျော်ပေမယ့် ဗလကလည်းကောင်း၊ သန်မာသူတစ်ယောက်ဖြစ်ပြီး မိကျောင်းဖမ်းသည့်နေရာတွင် အလွန်ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။

သန္တတ်မပါ ခနီဖူးမပါသည့်တိုင်အောင် ရေထဲတွင် ဓားမြှောင်တစ်ချောင်းနှင့် မိကျောင်းကို နပမ်းလုံးကာ မိကျောင်းများရဲ့ဝိညာဉ်များကို ခြွေခဲ့သူဖြစ်သည်။

နောက်တစ်နေ့တွင် ၄င်းတို့လေးဦးသည် လှေငယ်တစ်စင်းနှင့် လှေဆိပ်မှ စတင်ထွက်ခွာလာခဲ့သည်။ လှေပေါ်တွင် မိကျောင်းဖမ်းကရိယာများဖြစ်သည့် ခနီဖူး၊ သန္တတ်၊ မှိန်း၊ ကြိုးခွေ၊ ယော့တပ်ထားသည့်အပြင် ပန်းနီနီပန်ထားသည့် ဘဲမ စသည်ဖြင့် လက်နက်အစုံအလင်ပါလာခဲ့သည်။

မိကျောင်းမုဆိုးတစ်သိုက် လှေဖြင့် ခနီတောဘက်ဆီ

သို့ လှော်ခတ်လာခဲ့သည်။

"ကဲ…လှုပ်ငန်းစပေတော့"

ဆရာကြီးကောမုလုက ဤသို့ပြောလိုက်သည်တွင် ကိုထွန်းနိုင်က ယူဆောင်လာသည့် ခေါင်ရမ်းပန်းနီနီပန်ထားသည့် ဘဲမကလေး၏ခြေထောက်တစ်ဖက်တွင် နိုင်ခန့်သောကြိုးဖြင့် ချည်ပြီး ထိုကြိုးကိုလျှော့ချပြီး ဘဲမကလေးကို ရေထဲသို့ ချလိုက်သည်။

ဘဲမလေးမှာ ရေထဲသို့ချလိုက်သဖြင့် လျှင်မြန်စွာရေထဲတွင် ကူးခတ်နေပါသည်။

"ဟုတ်ပြီ…ဟုတ်ပြီ၊ ကြိုးကိုလျှော့ထား၊ ပြီးရင် ဒီဘက်ကကြိုးကို လှေနံရံနဲ့ချည်ထား"

ဆရာကြီးကောမုလုက ကိုထွန်းနိုင်ကို ဤသို့ သင်ပြပေးနေသည်။

ပန်းနီနီပန်းထားသော ဘဲမလေးမှာ ရေထဲတွင် ပျော်ရွှင်မြူးတူးစွာဖြင့် ဟိုမှသည်မှ ကူးခတ်နေသည်။

မိကျောင်းမုဆိုးကြီး ကောမုလုက လှေဦးပိုင်းတွင် မုဆိုးထိုင်ထိုင်လျက် အမိန့်ပေးနေသည်။ ပဲ့ပိုင်းတွင် ကိုထွန်းနိုင်ကလှေတက်ကို ရေသံမကြားအောင် ကျွမ်းကျင်စွာလှော်ခတ်ရင်း

ခနိတောအနီး၌ ခေတ္တရပ်တံ့ထားလိုက်သည်။

ပန်းနီနီပန်ထားသည့်ဘဲမလေးမှာ ဖြစ်ပေါ်လာမည့် အန္တရာယ်ကိုမသိဘဲ ပျော်ရွှင်စွာကူးခတ်နေခဲ့သည်။ အမှန်မှာ ဘဲမလေးကို အစာသဖွယ်ဇန်းပြကာ ခေါင်းရှည်ကြီးကို မျှားနေခြင်းဖြစ်သည်။

ဘဲမကပဲ ကံကောင်းလေသလား… ခေါင်းရှည်ကြီးကပဲ အဝေးသို့ရောက်နေသလားမသိ အတော်အတန်ကြာသည့်တိုင် ခေါင်းရှည်ကြီး၏အရိပ်အယောင်ကိုမျှ မမြင်ရသေးချေ။

"ဆရာကြီး…ခေါင်းရှည်ကြီး ဘယ်များခရီးလွန်နေသလဲမသိ"

"ဖြစ်နိုင်တယ်၊ ကြည့်ရတာတော့ ဒီခနိတောနားမှာ မရှိလောက်ဘူး၊ မြစ်ကွေးက ဗျိုက်တောလောက်မှာ ရှိပုံရတယ် ကိုထွန်း"

"ဟုတ်ကဲ့ဆရာကြီး၊ ဒါဆို မြစ်ကွေ့နားကဗျိုက်တောနဲ့ မနီးမဝေးလောက်မှာ လှေကိုရပ်မယ်"

"ကောင်းတယ်…ကောင်းတယ်"

ကိုထွန်းနိုင်က ဘဲမလေး၏ခြေထောက်တွင် ချည်ထားသော ကြိုးမှဆွဲယူကာ ဘဲမလေးကို လှေပေါ်၌တင်လိုက်သည်။

ထို့နောက် ကိုထွန်းနိုင် လှေတက်ကို ရေသံမကြားအောင် ကျွမ်းကျင်စွာလှော်ခတ်ရင်း ဇိုက်တောနှင့် မနီးမဝေးနားတွင် ရပ်လိုက်သည်။

တကယ်တော့ အောက်အရပ်ကမိကျောင်းတွေဟာ သရွတ်များ မြစ်ကွေ့ ဒီရေစပ်စပ် ဇိုက်တောဆိုတဲ့နေရာတွေကို သိပ်ကြိုက်ကြသည်။

"ဒီနေရာကတော့ နေရာကောင်းပဲ၊ မိကျောင်းသိပ်ကြိုက်တဲ့သဘာဝရှိတယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"ကဲ…ဘဲမလေးကို ရေထဲချလိုက်ပေတော့"

"ဟုတ်ကဲ့"

ဘဲမလေးကို ရေထဲသို့ချလိုက်ပြန်သည်။ ဘဲမလေးမှာ ကုန်းပေါ်နေရသည်ထက် ရေထဲတွင်နေရသည်ကို ပျော်ပုံရသည်။ ရေထဲချလိုက်သည်နှင့် …

"ဂတ်"

"ဂတ်"

"ဂတ်"

ဟူသောအော်သံပေးကာ ရေထဲတွင် လှည့်ပတ်ပြီး ရေ

ကူးနေသည်။ သည်တွင် ဆရာကြီး ကောမုလုက ...

"ကိုထွန်းတို့ ကိုတင်မောင်တို့ရေ...မိကျောင်းလာရင် အဆင်သင့်ဖြစ်အောင် သန္တတ်ကို အဆင်သင့်ပြင်ထားပော့"

(မှတ်ချက် ။ သန္တတ်ဆိုသည်မှာ မှိန်းအငယ်စားဖြစ်ပြီး အသွားတွင် အထစ်အထစ်ပါရှိပြီး အရိုးကို ဝါးရိုးတပ်ထားလေ့ရှိပြီး သန္တတ်၏အရင်းတွင် ဖော့တတ်ထားသည့် အစီကြိုးတတ်ထားသည်။)

ဆရာကြီးကောမုလုတို့အုပ်စုမှာ ထိုနေရာ၌ စောင့်ဆိုင်းနေခဲ့ကြသည်။ တစ်နာရီကျော်ခန့်စောင့်ဆိုင်းနေသော်လည်း ပုန်းသူက ပေါ်မလာသေး။ ထို့ကြောင့်...

ကိုထွန်းနိုင်က ဆရာကြီးကို ဤသို့လှမ်းပြောလိုက်သည်။

"ခေါင်းရှည်ကြီးကလည်း ပေါ်မလာသေးဘူး၊ ကြာလိုက်တာ"

"မိကျောင်းမုဆိုးဆိုတာ စိတ်ရှည်မှပေါ့၊ တစ်နာရီလောက်စောင့်ရတာ စာမဖွဲ့လောက်ပါဘူး"

"ဆရာကြီး ဒါဆိုရင် ကျွန်တော်တို့အဖွဲ့ တစ်နေကုန်အောင်စောင့်ရမလားမသိဘူး"

ကိုတင်မောင်က သူ၏အထင်အမြင်ကို ဤသို့ပြောလိုက်

သည်။

''ကံကောင်းရင်တစ်ရက် ကံမကောင်းရင်တစ်လလည်း ဖြစ်နိုင်တယ်၊ ဒီထက်ကျော်ရင်လည်း ကျော်နိုင်တယ်''

ဟူ၍ ဆရာကြီးကောမုလုက ထပ်ပြောလိုက်သည်။

များစွာမကြာသေးခင်အချိန်တွင် လှေအနီးတစ်ဝိုက်တွင် ငါးပူတင်းငါးများ အုပ်စုလိုက်ကူးခတ်လာသည်ကို တွေ့လိုက်သည်။

''ဟော…ဟိုမှာ ငါးပူတင်းအုပ်တွေတွေ့လား ကိုထွန်း''

''တွေ့ပါတယ် ကိုဆရာကြီး''

''ဒါဆိုရင် မကြာခင် မိကျောင်းလာလိမ့်မယ်''

''အဲဒါ ဘယ်လိုကြောင့်ပါလဲ ဆရာကြီး''

''ငါးပူတင်းတွေဟာ မြစ်ရိုးထဲကို မိကျောင်းရောက်လာရင် ဒီငါးအုပ်တွေကလည်း ဝိုင်းအုံပြီးပါလာတတ်တယ်၊ အထူးသဖြင့် ငါးအုပ်ဟာ မိကျောင်းရဲ့ ရှေ့ပြေးအကြိုတော်ပေါ့''

''ဪ…ဟုတ်လား''

''ဟုတ်တယ်၊ ငါးပူတင်းငါးဆိုတာ အဆိပ်အတောက်ပြင်းလို့ လူတွေဟာ သိပ်မစားကြဘူး၊ ဒါပေမဲ့ ငါးပူတင်းငါးအုပ်လာတိုင်း မိကျောင်းမပါပေမယ့် မိကျောင်းလာရင် ဒီငါးအုပ်

တွေဟာ ရှေ့ပြေးအကြိုအဖြစ်ပါလာတတ်တာပဲ"

"ဟုတ်ကဲ့"

"ကဲ...ငါ့ကို...သန္တတ်ပေးထားတော့"

ဆရာကြီး ဦးကောမုလုက သန္တတ်ကို လှမ်းတောင်း သဖြင့်ပေးလိုက်သည်။ မိကျောင်းမုဆိုးတစ်သိုက်စောင့်ဆိုင်း နေစဉ် ...

ဘဲမလေးမှာ ...

"ဂတ်"

"ဂတ်"

"ဂတ်"

ဟူသောအသံဖြင့်အတူ ထိပ်ထိပ်ပျာပျာ ကူးခတ်နေပါ တော့သည်။

"ဟော...ဟော...ဘဲမလေးကို မိကျောင်းလာဆွဲနေပြီ"

"ဟုတ်တယ်...ဟုတ်တယ်"

ဘဲမလေးမှာ ကြည့်နေရင်းပင် တမဟုတ်ချင်း မိကျောင်း ကြီး၏ပါးစပ်ထဲသို့ ရောက်ရှိသွားခဲ့သည်။

ဆရာကြီးကောမုလုကား မိကျောင်းမုဆိုးပိုပိ အရိပ်ပြ လိုက်သည်နှင့် အကောင်ကို ဘွားကနဲမြင်တတ်သူ။ ဆရာကြီး

ကောမုလုသည် သန္တတ်ကိုကိုင်ထားပြီး ရေပြင်ကို သတိကြီးစွာဖြင့် စူးစိုက်ကြည့်နေသည်။ သူသည် စိတ်ကို တည်ငြိမ်အောင် စုစည်းပြီး အသက်ကိုဝဝရှူကာ ခေါင်းရှည်ကြီး၏အရိပ်အယောင်ကို စောင့်ကြည့်နေစဉ် လှေနှင့် မဝေးကွာသောနေရာတွင် ခေါင်းရှည်ကြီး၏ဦးခေါင်းကြီး ပေါ်အလာ ၄င်း၏နံဘေးသို့ အားနှင့်ချိန်ဆကာ သန္တတ်ကို ခပ်ပြင်းပြင်းပစ်လွှတ်လိုက်ပါသည်။

"ဒုတ်"

ထိုအသံနှင့်အတူ ခေါင်းရှည်ကြီးမှာ ရေထဲသို့ လျှပ်တပြက် ငုပ်လျှိုးသွားခဲ့သည်။ ၄င်းသန္တတ်ပစ်အလွှပေါ်တွင် လှေပေါ်တွင်ပါသည့် လူလေးဦးစလုံး လှေဝမ်းထဲသို့ ဒိုင်ဗင်ထိုးပြီး ဝမ်းလျားထိုးမှောက်လိုက်သည်။ ဤသည်မှာ မိကျောင်းမုဆိုးနှင့် ရေဘုရင်တို့၏ လျှင်မြန်ခြင်းပြိုင်ပွဲပင်ဖြစ်ပေသည်။

သန္တတ်ထိမှန်သည်နှင့် တပြိုင်နက် ...

ခေါင်းရှည်ကြီးက လှေပေါ်၌ရှိနေသူများကို ၄င်း၏အမြီးကြမ်းကြီးဖြင့် လျှင်မြန်သောအဟုန်ဖြင့် ရိုက်ချလိုက်သည်။

"ဘုန်း"

အသံကြီးကား အသည်းယားစရာ ကြောက်ခမန်းလိလိ။

ဆရာကြီးကောမုလုတို့အုပ်စုမှာ မိကျောင်းဖမ်းသင်တန်း

တက်ပြီးသားဖြစ်၍ သန္တတ်လာချိန်တွင် ဤသို့အပြီးနှင့်ရိုက်ကာ တုန့်ပြန်မည်ကို ကြိုတင်သိနှင့်ပြီးနေသည်။ ၎င်းတို့အုပ်စု အရှောင် ကောင်း၍သာ အသက်နှင့်ကိုယ် အိုးစားမကွဲခြင်းဖြစ်ပေသည်။ ဤသို့သာ မိကျောင်းဖမ်းသင်တန်း မတက်ထားပါက မိကျောင်း ၏တိုက်ကွက်တစ်ကွက်တည်းနှင့် မရဏကမ္ဘာသို့ တိုက်ရိုက် ရောက်သွားနိုင်သည်။

ဆရာကြီးကောမုလုက ...

"ခုနက ပစ်လိုက်တဲ့သန္တတ် ထိမှထိရဲ့လားမသိဘူး နောက်တစ်ချောင်း ထပ်ပစ်မှပဲ"

ဤသို့တွေးတောကာ မည်သည့်စကားတစ်ခွန်းမျှ မပြော ဘဲ နောက်ထပ်သန္တတ်တစ်ခုကို ကိုင်ပြီး ရေထဲသို့ ငုပ်လျှိုးသွား သောနေရာမှ သုံးကိုက်ခန့်အကွာအဝေးကိုမှန်းကာ ပစ်လွှတ်လိုက် သည်။

၎င်းပစ်လွှတ်လိုက်သည့်သန္တတ်မှာ ထိချက်ပြင်းသွားပုံရ သည်။ ခေါင်းရှည်ကြီးမှာ ဒဏ်ရာပြင်းထန်စွာရသွားသည့်အလား ရေထဲတွင် **အမြီး**ဖြင့် တဝုန်းဝုန်းရိုက်ခတ်နေသည်။

"ဝုန်း"

"ဝုန်း"

"ဝုန်း"

ငှင်း၏ရိုက်ခတ်မှုကြောင့် တည်ငြိမ်နေသောမြစ်ရေပြင်မှာ လှိုင်းလုံးကြီးများ ဝဲကတော့ထိုးသည့်နှယ် လှိုင်းများ ပြင်းထန်စွာ လှုပ်ရှားနေပါတော့သည်။ များမကြာမီ ရေပေါ်သို့ သွေးကွက်များ ရဲကနဲတက်လာခဲ့သည်။ သည်တွင် ကောမုလုက ...

"ဟုတ်ပြီကွ၊ ခေါင်းရှည်ကြီးကို သန္တတ်နှစ်လက် ထိသွားပြီ"

ထိုသို့ပြောနေစဉ် သန္တတ်ထိထားသည့်ခေါင်းရှည်ကြီးမှာ ဒဏ်ရာကြောင့် သွေးရှူးသွေးတန်ဖြစ်ကာ ရေပေါ်တွင် တရိပ်ရိပ် ပြေးနေပါသည်။

မိကျောင်းမုဆိုးကြီး ကောမုလုက သန္တတ်မှဖော့ကြိုးများကို လျှော့ချည်င်းချည်လုပ်ပေးခဲ့သည်။ ဖော့ကလေးကား ရေပေါ်မှာဗောလောပေါ်ပြီး ဟိုမှသည်မှ ပြေးနေသည်။

"ဆရာကြီး ဖော့ပြေးနေတာကိုကြည့်ရုံနဲ့ မိကျောင်းရဲ့ လမ်းကြောင်းကို သိနိုင်တာပေါ့နော်"

"ဟုတ်တယ်၊ ဒီကြိုးကိုလျှော့ချည်တင်းချည်လုပ်ပေးမှ ခေါင်းရှည်ကြီး အမောဆိုက်သွားမှာ၊ မောအောင် တမင်လုပ်ပေးနေတာ"

အိုယွန်းယုဉ်စာပေ

ဆရာကြီးကောမုလုက ကိုထွန်းတို့အုပ်စုကို ဤသို့ ရှင်းပြခဲ့သည်။ တခဏအကြာတွင် မိကျောင်းကြီးမှာ ရေအောက်သို့ငုပ်သွားပုံရသည်။ ဖော့ကလေးမှာ တစ်နေရာတည်း၌ ပေါ်နေသည်။ သည်တွင် ဆရာကြီးကောမုလုက…

"ခေါင်းရှည်ကြီးတော့ သန္တတ်က ချက်ကောင်းထိသွားပုံရတယ်။ ရေအောက်ကြမ်းပြင်အထိဆင်းသွားပြီး လူးလှိမ့်နေပုံရတယ်"

"အဲဒါ ဘာဖြစ်လို့လဲဆရာကြီး"

"ကမ်းနားကရွံ့နွံတွေက ပျော့ပြောင်းတယ်၊ လေနက်လေလေ ရေအောက်မြေကြီးက ပိုပြီးမာလေလေပဲ၊ မိကျောင်းဆိုတာကတော့ မြေမာမှာလူးလိမ့်ရင် သန္တတ်ပြုတ်မယ်လို့ထင်ပြီး မြေမာမှာ လာပြီးလူးလိမ့်တာကွဲ့"

"သြော်"

"ဒါပေမဲ့ လူက သတ္တဝါထက် အများကြီးအသိဉာဏ်ပိုတယ်၊ အဲဒီလို မြေမာမှာလူးရင် ကြိုးကိုသာအလျော့အတင်းလုပ်ပေးပေတော့၊ အဲဒီမိကျောင်းကို တစ်ရစ်ချင်း တစ်ရစ်ချင်း ရစ်ပတ်သလိုဖြစ်ပြီး ကြိုးတုတ်ပြီးသားဖြစ်သွားရော"

"သြော်"

"အဲဒီခေါင်းရှည်ကြီး မကြာခင် ရေပေါ်တက်လာတော့မယ်၊ ဘာဖြစ်လို့လဲသိလား"

"ပြောပါဆရာကြီး"

"သူ့မှာ ဒဏ်ရာကလည်းရထားတယ်၊ ရေအောက်မှာလည်း ကြာကြာမနေနိုင်တော့ အသက်ရှုဖို့ ရေပေါ်ကိုတက်လာတာပေါ့၊ အဲဒီအချိန်မှာ အစီကြိုးကို အလျှော့အတင်းလုပ်ပေးလိုက်၊ တစ်ခါတည်း ချည်ပြီးတုတ်ပြီးသား အကျဉ်းသားဘဝကို ရောက်လာတော့တာပဲ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ကိုထွန်းတို့အုပ်စုက ဆရာကြီး၏စကားကို စိတ်ဝင်စားစွာနားထောင်နေသည်။

ထိုသို့ပြောနေစဉ် …

"ဗွမ်း"

ခေါင်းရှည်ကြီးမှာ ရေပေါ်သို့ ဘွားကနဲပေါ်လာသည်။ မိကျောင်းကြီး၏ကိုယ်တွင် သွေးအလိမ်းလိမ်းနှင့် သန္တတ်နှစ်ချောင်းစိုက်ဝင်နေပြီး ကြိုးများဖြင့် ရစ်သိုင်းနေသည်။

"တွေ့လားဟေ့၊ ရေဘုရင်တော့ ငါတို့ရဲ့သားကောင်ဘဝကို ရောက်သွားပြီ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"သန္တတ်ကြိုးကိုဆွဲဟေ့၊ ကိုထွန်းက ကမ်းစပ်ဘက်ကို လှေလှော်သွား"

"ဟုတ်ကဲ့"

ကိုထွန်းနိုင်တို့အုပ်စုက လှေကလေးကို ကမ်းစပ်ဘက်သို့ လှော်ခတ်သွားသည်။ ကြိုးများရစ်ပတ်နေသော ခေါင်းရှည်ကြီးမှာ ဆရာကြီး ကောမုလုဏ်ဆွဲခေါ်ရာသို့ ပါလာခဲ့သည်။

မကြာမီ ကြိုးတုတ်ခံထားရသည့် ခေါင်းရှည်မိကျောင်းကြီးသည် ကုန်းပေါ်သို့ရောက်ရှိလာသည်။ သူ့မှာ မည်သို့မျှ ရုန်းနိုင်သည့်အင်အားမရှိ။ ခေါင်းရှည်ကြီး၏နံဘေးမှာ သန္တတ်တစ်ချောင်း။ ဝမ်းဗိုက်မှာ သန္တတ်တစ်ချောင်း။

သည်နှစ်ချောင်းက ခေါင်းရှည်ကြီး၏ချက်ကောင်းကို စိုက်ဝင်နေသည့်အတွက် ခေါင်းရှည်ကြီးမှာ ပြင်းထန်စွာ ဒဏ်ရာ ရနေခဲ့သည်။ သန္တတ်မှ ကြိုးများ၏ရစ်ပတ်မှုကြောင့် တစ်ကောင်လုံး ကြိုးတုတ်ထားသည့်နှယ် မည်သို့မျှရုန်း၍မရ။

အခုမှ ခေါင်းရှည်ကြီး ကောင်းကောင်းဝဋ်လည်ခဲ့ပြီ။

ဆယ်နှစ်ကျော်တိုင်တိုင် သည်ရေသည်မြေမှာ ကျက်စားပြီး လူ တိရစ္ဆာန်များစွာ၏ဇီဝိန်ကို ခြွေခဲ့သူ။

အခုတော့ ဒင်းအလှည့်ကိုရောက်လာပါပြီ။

သူက ဆရာကြီးကောမုလုတို့အုပ်စုကို မျက်လုံးလေး ပေကလပ် ပေကလပ်နှင့်ကြည့်လိုက် မှိတ်လိုက်လုပ်နေခဲ့သည်။

"ဟင်း…ဒင်းက အခုမှ မခုတ်တတ်တဲ့ကြောင်လို လုပ်နေသေးတယ်"

ကိုထွန်းနိုင်က သူ့ကိုကြည့်ပြီးပြောလိုက်သည်။ ထို့နောက် သားလေးနီတွတ်ကို ရက်ရက်စက်စက်ကိုက်သတ်သွားသည့် အဖြစ်ကို သတိရကာ …

"တယ်လေ…ဒင်းကို အပိုင်းပိုင်းခုတ်သတ်ပစ်လိုက်ရ"

ဒေါသတကြီး ဓားဖြင့်ခုတ်ရန် ရွယ်လိုက်သည်။ သည်တွင် ကိုတင်မောင်ကလည်း …

"ငါ့မိန်းမကိုသတ်တဲ့အကောင် ငါကိုယ်တိုင် ရဲဒင်းနဲ့ခေါင်းကိုဖြတ်မယ်"

ဤသို့ ကြိမ်းဝါးလိုက်သည်။

သည်တွင် ဆရာကြီးကောမုလုက …

"သိပ်လည်း ဒေါသမကြီးကြပါနဲ့ကွာ၊ အခုအချိန်မှာ သူဟာ ငါတို့ရဲ့သားကောင်ဖြစ်နေပါပြီ၊ ဒဏ်ရာကလည်းပြင်းတော့ မကြာခင်သေတော့မှာပါ၊ သေခါနီးသတ္တဝါတစ်ကောင်ကို

ဝေဒနာထပ်မပေးပါနဲ့တော့၊ သူ့အကြောင်းနဲ့သူ သွားပါစေတော့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီးကောမုလုပြောသည့်အတိုင်းပင် နောက်တစ်နေ့၌ ရေဘုရင့်ခေါင်းရှည်ကြီးမှာ ရထားသည့်ဒဏ်ရာဖြင့် ကုန်းပေါ်တွင် အသက်ပျောက်သွားခဲ့သည်။

✪ ✪ ✪

## အခန်း (၅)

## "မိကျောင်းသိုက်ရှာပုံတော်"

ကိုထွန်းနိုင်တို့တစ်ရွာလုံး ရေဘုရင်ခေါင်းရှည်ကြီးကို အောင်မြင်စွာနှိမ်နင်းနိုင်သည့်အတွက် အားလုံး ပြုံးပျော်နေခဲ့ကြသည်။ ထိုနေ့ညက ဆရာကြီးကောမုလုနှင့်တကွ ကိုထွန်းနိုင်တို့အုပ်စုကို ဂုဏ်ပြုပွဲကလေး ပြုလုပ်ပေးခဲ့သည်။ ထိုဂုဏ်ပြုပွဲတွင် သူကြီးကလည်း …

"မရန်းရွာကဆရာကြီး ဦးဆောင်ပြီး ကိုထွန်းနိုင်၊ ကိုတင်မောင်၊ ကိုလှမောင်တို့ပူးပေါင်းပြီး ကျုပ်တို့ရွာကို ဒုက္ခအမျိုးမျိုးပေးနေတဲ့ ခေါင်းရှည်ကြီးလို့ခေါ်တဲ့ မိကျောင်းကြီးကို အောင်မြင်စွာနှိမ်နင်းနိုင်တဲ့အတွက် ချီးကျူးဂုဏ်ပြုပါတယ်၊ ဂုဏ်ပြုလက်မှတ်နဲ့ ဆုတော်ငွေတစ်ထောင်ကျပ်တိတိ ချီးမြှင့်

ပါတယ်"

"ဖြောင်း"

"ဖြောင်း"

"ဖြောင်း"

ထိုသို့ဖြင့် ဂုဏ်ပြုအခမ်းအနားကျင်းပနေစဉ် လမ်းပေါ်မှ ကလေးတစ်သိုက်က ...

"မြစ်လယ်မှာ မိကျောင်းကြီးတစ်ကောင် ပေါ်နေပြီ" ဟူ၍ ပြေးပြေးပြော‌ပြော ပြောခဲ့သည်။

ထိုစဉ် ဆရာကြီးကောမုလုက ...

"ကလေးတို့ ဘယ်နားမှာ မိကျောင်းပေါ်တာလဲ"

"မြစ်လယ်မှာပါ"

"ကဲ...ဒါဆို အဘလိုက်ကြည့်မယ်"

"ကျွန်တော်တို့လဲလိုက်မယ်"

ထိုသို့ဖြင့် ဆရာကြီးဦးကောမုလုက ရှေ့မှနေ၍ မြစ်ဘက်ဆီသို့ အပြေးကလေးသွားခဲ့သည်။ သူ၏နောက်မှာတော့ ကိုထွန်းနိုင်တို့အပါအဝင် ရွာသူရွာသားများ။

ကမ်းလုံးညွတ်မျှ ရွာသူရွာသားများရောက်ရှိလာပြီး မြစ်ပြင်ကို လှမ်းကြည့်နေကြသည်။

အိုယွန်းယုဉ်စာပေ

"ဟော…ဟိုမှာ မိကျောင်းကြီး"

"ဝုန်း"

"ဝုန်း"

မိကျောင်းကြီး၏အမြီးရိုက်ခတ်သံ တဝုန်းဝုန်းကြားနေရသည်။ မိကျောင်းကြီး၏ခန္ဓာကိုယ်ကြီးမှာ ပေါ်လာလိုက် ငုပ်လျှိုးသွားလိုက်။ သည်လို ထူးထူးဆန်းဆန်းအဖြစ်အပျက်မျိုးကို သည်ရွာသူရွာသားများ တစ်ခါမျှမတွေ့ဖူး။

သည့်နောက် မိကျောင်းနှင့်ပတ်သက်သည့် အတွေ့အကြုံလည်း ကောင်းကောင်းမရှိ။ သိသူကတော့ ဆရာကြီး ဦးကောမုလုပင်ဖြစ်သည်။

"ဒီမိကျောင်းဟာ မိကျောင်းမပု"

မိကျောင်း၏ပုံသဏ္ဌာန်ကိုကြည့်ပြီး ချက်ချင်းပြောနိုင်သည်။

"အိမ်း…ခေါင်းရှည်ကြီးဟာ သူ့ရဲ့ကြင်ဖော်ကြင်ဖက်ဖြစ်နိုင်တယ်၊ ခေါင်းရှည်ကြီး အဖမ်းခံရတာကိုသိသွားပြီး မကျေမနပ်ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် သူ့ရဲ့ကြင်ဖော်ကြင်ဖက် ပျောက်သွားလို့ ဒေါသဖြစ်ပြီး လိုက်ရှာနေတာပဲဖြစ်မယ်"

ထိုသို့ ဆရာကြီးဦးကောမုလုကပြောနေစဉ် မိကျောင်းကြီး

မှာ ထပ်မံပေါ်လာပြန်သည်။

"အင်း...မိကျောင်းမကြီးမှာ ဇီးကြီးနဲ့ပါလား"

(ဇီးဆိုသည်မှာ ကိုယ်ဝန်ဆောင်ခြင်းဖြစ်သည်။)

ဆရာကြီးဦးကောမုလုသည် ကြည့်တာနှင့်သိသည်။ မိကျောင်းကို ကျွမ်းကျင်ပုံများ အောချလောက်ပေသည်။

ထိုသို့ကြည့်နေစဉ်မှာပင် မိကျောင်းမကြီးမှာ မြစ်ပြင်ကျယ်ကြီးဆီသို့ ကူးခတ်သွားသည်ကို တွေ့လိုက်ရသည်။

"ဆရာကြီး...ဒီမိကျောင်းမကြီးကို မဖမ်းဘူးလား"

"မိကျောင်းမကြီးပြန်လာပြီး ရွာသူရွာသားတွေကို အန္တရာယ်ပြုရင် ဒုက္ခပါပဲ"

"မိကျောင်းတစ်ကောင်သေလို့မှ မကြာသေးဘူး၊ နောက်မိကျောင်းတစ်ကောင်က ရောက်လာပြန်ပြီ"

"ဟုတ်ပါရဲ့၊ ကျုပ်တို့တော့ ဒုက္ခရောက်ရချည်ရဲ့"

မိကျောင်းမကြီးလွတ်သွားသဖြင့် ရွာသူရွာသားများက အမျိုးမျိုးပြောနေကြသည်။ သည်တွင် ဆရာကြီးကောမုလုက...

"သူကြီးနဲ့ရွာသူရွာသားများ ဘာမှစိတ်ဒုက္ခမရောက်ပါနဲ့၊ ဒီပြဿနာကို ကျုပ် ဖြေရှင်းနိုင်ပါတယ်"

"ဆရာကြီးက ဘယ်လိုဖြေရှင်းမှာလဲ၊ ပြောပါဦး"

"ဒီမိကျောင်းကြီးဟာ ဓီးနဲ့ဆိုတော့ မကြာခင်မှာ လတာပြင်တစ်နေရာရာမှာ ဥ,ဥပါလိမ့်မယ်၊ အဲဒီဥဥရင် မိကျောင်းမကြီးကို အသာလေးဖမ်းလိုက်ရုံပါပဲ"

"ဖြစ်ပါ့မလားဆရာကြီး"

"ကျုပ်နာမည် ကောမုလုပါ၊ ဒီပြဿနာကို ကောင်းကောင်းကြီးဖြေရှင်းနိုင်ပါတယ်"

"ဆရာကြီးပြောတာကို ယုံကြည်ပါတယ်၊ ကျွန်တော်တို့ရဲ့ဆရာကြီးရဲ့အစွမ်းအစကို ကောင်းကောင်းသိပါတယ်"

ကိုထွန်းနိုင်တို့အုပ်စုက ဆရာကြီးကောမုလု၏အစွမ်းကို သိသူပီပီ ထောက်ခံပြောဆိုခဲ့ကြသည်။

"သူကြီးနဲ့ရွာသူရွာသားများခင်ဗျား ဒီမိကျောင်းကြီးကို ကျုပ်ကိုယ်တိုင်ဖမ်းပေးပါ့မယ်၊ ဘာမှမပူပါနဲ့"

"ဒါဆို ဆရာကြီး ဦးကောမုလုပဲ ပြီးအောင်ကြည့်လုပ်ပေးပါ"

"ကောင်းပါပြီ၊ ဒီကိစ္စကို ကျုပ် တာဝန်ယူသူပါတယ်"

ခေါင်းရှည်ကြီးသေသွားလို့ စိတ်ချမ်းသာမယ်မျှမကြံသေး။ အခုတော့ မိကျောင်းမက တစ်စခန်းထခဲ့ပြီ။ မိကျောင်းအကြောင်းနားမလည်သည့် ရွာသူရွာသားများက မကျောင်းမ၏

အန္တရာယ်ကို စိုးရိမ်နေခဲ့ကြသည်။

သည်ဇာတ်လမ်းမှာ တာဝန်ယူသူက မိကျောင်းမုဆိုးကြီး ကောမုလုပဲဖြစ်ချေသည်။ နောက်လိုက်တစ်စုမှာ ကိုထွန်းနိုင်တို့ ကလွဲလို့ မည်သူများဖြစ်နိုင်မည်နည်း။

ကိုထွန်းနိုင်တို့အုပ်စုမှာ ငါးဖမ်းလှေထွက်ဖို့မအားသေးပေ။ မိကျောင်းအန္တရာယ်ရှင်းလင်းဖို့ မိကျောင်းမုဆိုးအဖြစ် ဆက်၍ လုပ်ရပေဦးတော့မည်။

"ကဲ…ဆရာကြီးရေ မိကျောင်းမကကိစ္စ ဘယ်လိုလုပ် မလဲ"

ကိုထွန်းက ဆရာကြီးကိုမေးလိုက်သည်။

"မိကျောင်းမက ဧီးကြီးနဲ့ဆိုတော့ ဝပ်ကျင်းလုပ်ကိုလုပ် ရမယ်။ သူ့ကို ရေထဲမှာဖမ်းတာထက် ကုန်းပေါ်မှာပဲဖမ်းမယ်၊ သူတို့က ရေဘုရင်ဆိုတော့ ကုန်းပေါ်မှာဆိုရင် ရေထဲမှာလောက် မစွမ်းဆောင်နိုင်ဘူး"

"ဟုတ်ပါတယ်ဆရာကြီး"

"မိကျောင်းသိုက်လုပ်ပုံဟာ ထူးခြားတယ်၊ သူတို့ဟာ ဒီရေဝင်နိုင်တဲ့ သရှင်ဖြုးချောင်း၊ ဗျိုက်တောရိုးအဖျားစပ်မှာ လျှို့ဝှက်စွာဥလေ့ရှိတယ်၊ အထူးသဖြင့် ငှက်ကြီးတောင်ပင်တွေ

ပေါက်တဲ့ သရွတ်ဖျားလတာပြင်ပေါ်မှာ မြေကြီးအနက်တစ်ထောင့်ထွာကျော်ကျော်လောက် ယက်တူးပြီး ဥလှေ့ရှိတယ်၊ ဒါကြောင့်ကျုပ်တို့ဟာ သရွတ်ဖျားချောင်း၊ ဇိုက်တောရိုးတွေရဲ့အခြေအနေကို ကြည့်ရမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ထိုအချိန်ကစပြီး မိကျောင်းသိုက်ရှာပုံတော်ဖွင့်ခဲ့ကြသည်။ သူတို့အုပ်စုသည် သရွတ်ချောင်းဖျား ဇိုက်တောစပ် လတာပြင်သို့သွားကာ မိကျောင်းဥကျင်းရှိမရှိ ရှာဖွေရေးဆင်းခဲ့သည်။

တစ်ပတ်ခန့်ကြာသည့်အချိန်အထိ မိကျောင်းသိုက်နှင့်ပတ်သက်သည့်ကိစ္စမှာ ထူးခြားမှုမရှိသေးပေ။

၄င်းတို့အုပ်စုမှာ သွားရင်းလာရင်းရှာဖွေရင်း ရေအိုင်စပ်စပ်နေရာသို့ ရောက်ရှိလာခဲ့သည်။

ကိုထွန်းနိုင်က ရေအိုင်ထဲသို့ဆင်းမည်အပြုတွင် ဆရာကြီးမှ …

"ကိုထွန်း ရေထဲမဆင်းနဲ့"

ဟူသော ကျယ်လောင်သည့်အသံကြီးဖြင့် လှမ်းအော်လိုက်ရာ ကိုထွန်းနိုင် …

"ဘာဖြစ်လို့လဲ ဆရာကြီး" ဟု လှမ်းမေးလိုက်စဉ်

ဆရာကြီးမှ အနီးရှိခနိတုံးတစ်တုံးကို ရေထဲသို့ လှမ်းပစ်လိုက်သည်။

"ဘုံး"

"ဒုံး"

အသံနှစ်ခုက ရေ့နောက်ထွက်ပေါ်လာပြီး ခနိတုံးမှာ ကိုထွန်းနိုင်တို့ရှိရာသို့ ပျံကျလာခဲ့သည်။ ဤသို့ပျံဝဲလာသည့် ခနိတုံး၏ထူးဆန်းသောဖြစ်ရပ်ကြောင့် ကိုထွန်းနိုင်နှင့်အဖွဲ့သားများ များစွာ အံ့ဩသွားသည်။

"ဟာ…ဘယ်လိုဖြစ်တာတုံး၊ ခနိတုံးက ပျံဝဲသွားတာပဲ"

"အဲဒီရေစပ်ထဲမှာ မိကျောင်းရှိတယ်၊ သူ့ရဲ့အမြီးနဲ့ရိုက်လိုက်လို့ ဒီခနိတုံးက မြောက်တက်လာတာ"

"မိကျောင်းက ဘယ်လိုများ အမြီးနဲ့ရိုက်လိုက်ပါလိမ့်၊ မြင်တောင်မမြင်လိုက်ရဘူး"

"ဒါကြောင့်ပြောတာပေါ့၊ မိကျောင်းတွေရဲ့သဘာဝဟာ လှေ့လာလို့ကို မကုန်နိုင်ဘူး၊ အခု ရေစပ်စပ်ရေနောက်ထဲမှာ မိကျောင်းမတစ်ကောင် ဥ,ဥဖို့ရောက်နေလိမ့်မယ်၊ လူသံကြားလို့ သစ်တုံးတစ်တုံးလိုငြိမ်နေတုန်း ခနိတုံးနဲ့ပစ်လိုက်တော့ အမြီးနဲ့ ပြန်ရိုက်လိုက်တာပဲ၊ တကယ်လို့သာ အမှတ်တမဲ့ရေထဲဆင်းသွား

ရင် မိကျောင်းမက အဲဒီဆင်းတဲ့လူကို ကိုက်ပြီး ရေထဲဆွဲသွားတော့တာပဲ''

''တော်သေးတာပေါ့၊ ဆရာကြီးကယ်ပေလို့ နို့မို့ရင် ကျွန်တော်တော့ အသက်နဲ့ကိုယ် အိုးစားကွဲတော့မှာပဲ''

''အေးပေါ့ကွာ၊ သတိမမူ ဂူမမြင်တဲ့''

''ဟုတ်ကဲ့ပါ ဆရာကြီး''

''အခုလိုဖြစ်တာခပ်ကောင်းကောင်းပဲ၊ ဟိုမိကျောင်းမတော့ ဝပ်ကျင်းလုပ်ဖို့ရောက်နေပြီ၊ ဒီနားတစ်ဝိုက်မှာ ငါတို့စောင့်ကြည့်ကြစို့''

''ဟုတ်ကဲ့ပါဆရာကြီး''

ထိုသို့ဖြင့် ဆရာကြီးကောမုလုအပါအဝင်လူစုမှာ ထိုနေရာအနီးတစ်ဝိုက်တွင် တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ကြည့်နေခဲ့ကြသည်။

အချိန်ကား တရွေ့ရွေ့ကုန်ဆုံးသွားခဲ့သည်။

စောင့်ရင်းစောင့်ရင်း ညနေစောင်းအချိန်သို့ ရောက်ရှိလာခဲ့သည်။ ဆရာကြီးတို့အုပ်စုမှာ ဗိုက်ကလည်းဆာ နေကလည်းဝင်ကာနီးပြီဖြစ်၍ အိမ်ပြန်မည်အပြုတွင် ...

ဗျိုက်တောရိုးတစ်လျှောက်မှ မိကျောင်းခေါင်းကြီး စတင်

ျုထွက်လာခဲ့သည်။

"ဟော…ဟိုမှာ…မိကျောင်းခေါင်းကြီးထွက်လာပြီ"

ကိုထွန်းနိုင်က ဤသို့ပြောလိုက်ရာ ဆရာကြီးက…

"ရှူး…တိုးတိုးပြော တောကြာ ဥမဥပဲ ပြန်ဆင်းသွားလိမ့်မယ်"

"ဟုတ်ကဲ့"

ကိုထွန်းနိုင်က လေသံတိုးတိုးလေးဖြင့် ပြန်ပြောလိုက်သည်။

ဟော…ထွက်လာပါပြီ။ ဗျိုက်တောရိုးထဲမှ ထွားသွားကာတက်လာသည့် မိကျောင်းမတစ်ကောင်။ ဗိုက်ကြီးကဖောင်းနေသည်။ ဥ,ဥရန်လာသည့် မိကျောင်းမ အမှန်ပင်ဖြစ်ပေမည်။

မိကျောင်းမကြီးသည် သရွတ်ပျားလတာပြင်ပေါ်သို့ ထွားသွားကာတက်လာပြီး လတာပြင်အား ယက်တူးနေသည်ကို တွေ့လိုက်ရသည်။

"ဆရာကြီး မိကျောင်းမကြီးကုန်းပေါ်ရောက်နေပြီး ဖမ်းလိုက်ရတော့မလား"

ကိုတင်မောင်က ဆရာကြီးအနားသို့သွားကာ ခပ်တိုးတိုးလေး မေးလိုက်သည်။

"ကိုတင်မောင် တီရစ္ဆာန်နဲ့လူမှာစည်းတစ်ခုရှိတယ်၊ အဲဒါ မုဆိုးစည်းမိကျောင်းစည်းပဲ၊ မိကျောင်းမတစ်ကောင်ဟာ ဥဥဖို့ ကုန်းပေါ်တက်လာရင် အဲဒီမိကျောင်းကိုမဖမ်းရဘူး၊ မသတ်ရဘူး၊ လွှတ်လွှတ်လပ်လပ် ဥဥခွင့်ပေးရမယ်၊ နောက်ဆုံးဥကနေ သားကောင်ပေါက်တဲ့အထိ မိခင်မိကျောင်းမကို မဖမ်းရဘူး၊ ဥကနေ အကောင်ပေါက်ပြီးမှဖမ်းရတယ်"

"ဒါဆို အကြာကြီးစောင့်ရမှာပေါ့"

"ဟုတ်တယ်၊ လွန်ရောကျွံရော နှစ်လပေါ့၊ နှစ်လကျော်ရင် အကောင်ပေါက်ပြီ"

ထိုသို့ပြောနေစဉ် မိကျောင်းမသည် လတာပြင်တွင် ပေါက်နေသောငှက်ကြီးတောင်ပင်မှာအရွက်ကို ပါးစပဖြင့် ကိုက်ဖြတ်ကာ ၄င်းတူးထားသည့် နုပေခန့်ရှိ တွင်းထဲသို့ဆင်းလိုက်သည်။

ထို့နောက် ဥများကိုဥချလိုက်သည်။ ၄င်း၏ဥများမှာ အလုံး(၃၀)ကျော်ခန့် ရှိပေသည်။

"ဟော...မိကျောင်းမ ဥဥနေပြီ"

"တိတ်တိတ်နေကြပါ"

ထိုစဉ် မိကျောင်းမမှာ ဥဥခြင်းကိစ္စပြီးစီးသွားခဲ့ပြီ။

မိကျောင်းမ၏အသိဉာဏ်ကား အံ့သြဖွယ်ကောင်းလေစွ။

ငှင်းဥပြီးသည့်ဥများအပေါ်၌ ငှက်ကြီးတောင်ရွက်ကိုဖုံးပြီး ငှင်းအပေါ်၌ ရွံ့နွံများယက်တင်ပြီး သရိုးကိုင်သကဲ့သို့ ဗိုက်နှင့် ရှပ်တိုက်ကာ သဘာဝအတိုင်း ငှက်ကြီးတောင်အရွက်က ရွံ့နွံ ထဲမြုပ်နေသလိုလို ပြုလုပ်လိုက်ပါသည်။

"ဟော...မိကျောင်းမ ရေထဲပြန်ဆင်းသွားပြီ"

ငှင်း၏ကိစ္စဆောင်ရွက်ပြီးချိန်တွင် တဖြည်းဖြည်း တွား သွားပြီး ရေထဲသို့ ပြန်ဆင်းသွားပါသည်။ ဥဥထားသည့်မိကျောင်း မလည်း အင်အားကုန်ခမ်းစွာ ရေထဲဆင်းသွားသကဲ့သို့ ပွဲကြည့် ပရိသတ်ဖြစ်သော ရေမှုဆိုးကျော်တစ်သိုက်မှာလည်း သည်လို အတွေ့အကြုံမျိုးကို တစ်ခါမှ မတွေ့ဖူးသဖြင့် အံ့သြစွာကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။

"မိကျောင်းမရဲ့သဘာဝက အတော် အံ့သြဖို့ကောင်းတာ ပဲ၊ သူ့အသိက်ကို အခြားသတ္တဝါတွေမမြင်အောင် ဖုံးအုပ်တာ များ မသိရင် ငှက်ကြီးတောင်ရွက် ရွံ့ထဲနစ်နေသလိုပဲ"

"ဒါဟာ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား မိခင်တစ်ယောက် ရဲ့ ကြီးမားတဲ့မေတ္တာကိုဖော်ပြတာပဲ"

"ဒါဆို အဲဒီမိကျောင်းမကို ဘယ်လိုလုပ်ရမှာလဲ"

"ကိုတင်မောင် တိရစ္ဆာန်နဲ့လူမှာစည်းတစ်ခုရှိတယ်၊ အဲဒါ မုဆိုးစည်းမိကျောင်းစည်းပဲ၊ မိကျောင်းမတစ်ကောင်ဟာ ဥဥဖို့ ကုန်းပေါ်တက်လာရင် အဲဒီမိကျောင်းကိုမဖမ်းရဘူး၊ မသတ်ရဘူး၊ လွတ်လွတ်လပ်လပ် ဥဥခွင့်ပေးရမယ်၊ နောက်ဆုံး ဥကနေ သားကောင်ပေါက်တဲ့အထိ မိခင်မိကျောင်းမကို မဖမ်းရဘူး၊ ဥကနေ အကောင်ပေါက်ပြီးမှဖမ်းရတယ်"

"ဒါဆို အကြာကြီးစောင့်ရမှာပေါ့"

"ဟုတ်တယ်၊ လွန်ရောကျွံရော နှစ်လပေါ့၊ နှစ်လကျော်ရင် အကောင်ပေါက်ပြီ"

ထိုသို့ပြောနေစဉ် မိကျောင်းမသည် လတာပြင်တွင် ပေါက်နေသောငှက်ကြီးတောင်ပင်မှာအရွက်ကို ပါးစပဖြင့် ကိုက်ဖြတ်ကာ ၎င်းတူးထားသည့် နုပေခန့်ရှိ တွင်းထဲသို့ဆင်းလိုက်သည်။

ထို့နောက် ဥများကိုဥချလိုက်သည်။ ၎င်း၏ဥများမှာ အလုံး(၃၀)ကျော်ခန့် ရှိပေသည်။

"ဟော...မိကျောင်းမ ဥဥနေပြီ"

"တိတ်တိတ်နေကြပါ"

ထိုစဉ် မိကျောင်းမမှာ ဥဥခြင်းကိစ္စပြီးစီးသွားခဲ့ပြီ။

မိကျောင်းမ၏အသိဉာဏ်ကား အံ့သြဖွယ်ကောင်းလေစွ။

ငှင်းဥပြီးသည့်ဥများအပေါ်၌ ငှက်ကြီးတောင်ရွက်ကိုဖုံးပြီး ငှင်းအပေါ်၌ ရွှံ့နွံများယက်တင်ပြီး သရိုးကိုင်သကဲ့သို့ ဗိုက်နှင့်ရှပ်တိုက်ကာ သဘာဝအတိုင်း ငှက်ကြီးတောင်အရွက်က ရွှံ့ဗွံထဲမြုပ်နေသလိုလို ပြုလုပ်လိုက်ပါသည်။

"ဟော…မိကျောင်းမ ရေထဲပြန်ဆင်းသွားပြီ"

ငှင်း၏ကိစ္စဆောင်ရွက်ပြီးချိန်တွင် တဖြည်းဖြည်း တွား သွားပြီး ရေထဲသို့ ပြန်ဆင်းသွားပါသည်။ ဥဥထားသည့်မိကျောင်း မလည်း အင်အားကုန်ခမ်းစွာ ရေထဲဆင်းသွားသကဲ့သို့ ပွဲကြည့် ပရိသတ်ဖြစ်သော ရေမှုဆိုးကျော်တစ်သိုက်မှာလည်း သည်လို အတွေ့အကြုံမျိုးကို တစ်ခါမှ မတွေ့ဖူးသဖြင့် အံ့သြစွာကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။

"မိကျောင်းမရဲ့သဘာဝက အတော် အံ့သြဖို့ကောင်းတာ ပဲ၊ သူ့အသိုက်ကို အခြားသတ္တဝါတွေမမြင်အောင် ဖုံးအုပ်တာ များ မသိရင် ငှက်ကြီးတောင်ရွက် ရွှံ့ထဲနစ်နေသလိုပဲ"

"ဒါဟာ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား မိခင်တစ်ယောက် ရဲ့ ကြီးမားတဲ့မေတ္တာကိုဖော်ပြတာပဲ"

"ဒါဆို အဲဒီမိကျောင်းမကို ဘယ်လိုလုပ်ရပါ့"

## အခန်း (၆)

## "ရေကျောက်ချချိန်"

ဆရာကြီးကောမုလုပြောသည့်အတိုင်း တစ်ရက်လျှင် နှစ်ကြိမ်ခန့် မိကျောင်းသိုက်ကို စောင့်နေခဲ့သည်။ တစ်ခါတစ်ရံ မကျောင်းမသည် ကုန်းပေါ်သို့တက်လာပြီး ၄င်း၏အသိုက်နား သို့သွားစောင့်နေသည်ကိုလည်း တွေ့ရသည်။

ကိုထွန်းနိုင်တို့အုပ်စုမှာ ဆရာကြီးကောမုလု၏စကား အတိုင်း မိကျောင်းမ၏ဥပေါက်ချိန်ကို စောင့်နေခဲ့သည်။ သို့သော် နေ့စဉ်နေ့တိုင်း မိကျောင်းသိုက်၏အခြေအနေကို စောင့်ကြည့် နေခဲ့သည်။

ထိုသို့ဖြင့် နှစ်လခန့်အကြာတွင် ကိုထွန်းနိုင်တို့အုပ်စု သည် မိကျောင်းသိုက်နှင့် အနီးဆုံးနေရာ၌စောင့်ကြည့်စဉ် ...

"အဟွတ်…အဟွတ်…အဟွတ်"

"အဟွတ်…အဟွတ်…အဟွတ်"

စသည့် ချောင်းဆိုးသံကဲ့သို့သော အသံကလေးများကို ကြားလိုက်ရသည်။ သည်တွင် ဆရာကြီးကောမုလုက …

"ကိုထွန်း…နားထောင်စမ်း၊ ချောင်းဆိုးသံလိုအသံတွေ ကြားနေရတယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်တို့လည်း ကြားတယ်"

"အေးကွဲ့…မိကျောင်းသိုက်ထဲကအသံတွေ ကြားရပြီဆိုတော့ မိကျောင်းလေးတွေ ဥထဲက ပေါက်တော့မယ်ကွဲ့"

"ဒါဆို ကျွန်တော်တို့ စောင့်ရကျိုးနပ်ခါနီးပြီပေါ့"

"အေး…စောင့်ရကျိုးနပ်ပြီဆိုပြီး ဝမ်းသာမနေနဲ့ဦး၊ ဥပေါက်ကာနီးလေ အန္တရာယ်ကြီးလေပဲ"

"ဟုတ်တယ်ဆရာကြီး၊ ဘယ်လိုအန္တရယ်ကြီးတာလဲ ပြောပြပါဦး"

"ဘယ်လိုအန္တရာယ်ကြီးတယ်ဆိုတာ ပြောပြမယ်၊ လူတွေက ဥပေါက်နီးနဲ့စောင့်ရတာကြာလို့ စိတ်မရှည်ဖြစ်နေကြတယ်၊ အဲဒီအချိန်မှာ ဥပေါက်တော့မယ်လို့သိရတော့ ဝမ်းသာ

အားရနဲ့ မိကျောင်းသိုက်ဆီကိုသွားကြတယ်။

မိကျောင်းမက ရေစပ်နားကအမြဲခြောင်းနေပြီး အဲဒီ ချောင်းဆိုးသံလိုအသံမျိုးကြားတာနဲ့ သူ့ရဲ့ဥကပေါက်တော့မယ် မှန်းသိတယ်၊ မိကျောင်းသိုက်ကို နှိုက်မယ့်လူက ဒီအကြောင်း မသိဘဲ မိကျောင်းသိုက်ကိုသွားနှိုက်ရင် မိကျောင်းမက ကုန်းပေါ် တက်လာပြီး အဲဒီလူတွေကို အမြီးနဲ့ရိုက်မယ်၊ ကိုက်မယ်၊ သား သမီးဇောနဲ့ ကိုက်တာမို့လို့ အသေကိုက်တော့တာပဲ''

''ကြောက်စရာကောင်းလိုက်တာ''

ထိုသို့ပြောနေစဉ် ရေစပ်ထဲမှ သစ်ရွက်သစ်ခွေးများကို ဖယ်ရှားသည့်အသံ ပေါ်ထွက်လာသဖြင့် လှမ်းကြည့်လိုက်ရာ… မိကျောင်းမသည် ရေစပ်ထဲမှ တဖြည်းဖြည်းတက်လာပြီး မိကျောင်းသိုက်ဆီသို့ အလျှင်အမြန်တွားသွားနေသည်ကို တွေ့ လိုက်ရပါသည်။

''ဟော…တွေ့လား၊ ပြောရင်းဆိုရင် မိကျောင်းမ ရောက်လာပြီ၊ အဲဒီအချိန်မှာ သူ့ရဲ့ဥတွေနားမှာ လူဖြစ်ဖြစ် မျောက် ဖြစ်ဖြစ် တွေ့တာနဲ့ ပြင်းပြင်းထန်ထန်တိုက်ခိုက်တော့တာပဲ''

''ဒါကြောင့် ရှေးလူကြီးတွေက ပြောတာ၊ မိကျောင်းရဲ့ သဘာဝကို နားမလည်ရင် မိကျောင်းဖမ်းဖို့မလွယ်ဘူးတဲ့''

"ဟော...ကြည့်စမ်း မိကျောင်းမကာ သူ့ဥတွေ အကောင်ပေါက်မယ်ဆိုတာသိလို့ အသိုက်ပေါ်က သစ်ရွက်ခြွေးတွေကို ယက်ရျပြီး ဖယ်နေပြီ"

"ဟော...ဟော...ဥတွေပေါ်လာပြီ"

ကိုထွန်းနိုင်တို့ကြည့်နေစဉ်မှာပင် ဥကလေးများတွင် အက်ကြောင်းကလေးပေါ်လာကာ မိကျောင်းပေါက်ကလေး၏ နှာတံထိပ်မှ အချွန်ကလေးဖြင့်ထိုးဖော်ကာပြီး အက်ကွဲကြောင်းမှ အကောင်ပေါက်ကလေးများ ထွက်လာပါသည်။

မိကျောင်းဥမှပေါက်ပုံကို ကြည့်ရသည်မှာ လွန်စွာကြည့်ကောင်းလှပါသည်။ မိကျောင်းပေါက်ကလေးများ နှာတံထိပ်မှ အချွန်ကလေးနှင့်ထိုးခွဲကာ ထွက်လာကြသည်မှာ ဟိုမှာတစ်ကောင်၊ သည်မှာတစ်ကောင်နှင့် ကြည့်ရင်းကြည့်ရင်း အကောင် အများကြီးဖြစ်လာပါတော့သည်။

"ဟာ...မိကျောင်းပေါက်ကလေးတွေ အများကြီးဖြစ်သွားပြီ"

"မိကျောင်းပေါက်ကလေးတွေရဲ့ နှာတံထိပ်မှာ အချွန်ကလေးတွေနဲ့"

"ဟော...ကြည့်ရင်းကြည့်ရင်း နှာတံထိပ်က အချွန်

ကလေးတွေ ကျိုးသွားပြီ"

ထိုစဉ် ခြောက်လက်မသာသာခန့်ရှိသော မိကျောင်းပေါက်ကလေးများအနားသို့ မိကျောင်းမကြီးရောက်ရှိလာပြီး အကောင်မပေါက်သေးသည့် ကျန်သည့်ဥများကို သူ့နှာခေါင်းဖြင့် နမ်းရှုံ့နေသည်။

ထိုစဉ် လတာပြင်ပေါ်ရှိ ကနစိုပင်ပေါ်မှ မျောက်မတစ်ကောင်သည် မိကျောင်းမကြီးကိုမမြင်ဘဲ ဥကိုသာမြင်ပြီး အစွန်းဘက်သို့ရောက်ရှိနေသည်။ ဥတစ်ခုကို အပြေးကလေးကောက်လိုက်သည်။

ထိုမျောက်မကား ဆိုးဝါးသည့်ကံကြမ္မာကို တပါတည်းယူဆောင်လာပုံရသည်။ မျောက်မက ဥကိုကိုင်လိုက်သည်နှင့် တပြိုင်နက် မိကျောင်းမကြီးက အမြီးဖြင့်ရိုက်လိုက်ရာ ···

"ဘုန်း"

ဟူသောအသံဖြင့် မျောက်မမှာ ခွေခွေကလေး လဲကျသွားသည်။ မျောက်မယူလိုက်သည့် ဥကလေးမှာ မြေပြင်ပေါ်သို့ကျသွားပြီး အကောင်ကလေးပေါက်လာသည်။

မျောက်မမှာ သွေးအန်ပြီး ထိုနေရာတွင် လဲကျသေဆုံးသွားသည် မိကျောင်းမသည် ကျန်မြောက်များ၏အန္တရာယ်ကို

တွေးမိပုံရသည်။ ၎င်း၏အသိုက်ဖြင့် သားပေါက်ကလေးများကို ရေစပ်သို့တွန်းလိုက်ရာ အချို့မိကျောင်းပေါက်ကလေးများ ရေထဲသို့ ရောက်ရှိသွားသည်။

"ဟော…မိကျောင်းမက သူ့ရဲ့သားပေါက်ကလေးတွေကို ရေထဲတွန်းချနေပြီ"

"ကုန်းပေါ်မှာလည်း မိကျောင်းပေါက်ကလေးတွေ လေးငါးကောင်ကျန်နေတယ်"

"ဟုတ်တယ်၊ အဲဒါ မျောက်တွေ အန္တရာယ်ပေးမှာကြောက်လို့ သူ့သားပေါက်တွေကို အန္တရာယ်ကင်းတဲ့ရေထဲကို ပို့ပေးတာ"

"ကဲ…မိကျောင်းမကြီးပါ၊ ရေထဲဆင်းပြေးပြီး ဒါဆို ဘယ်လိုလုပ်မလဲ ဆရာကြီး"

"အခုအချိန်မှာမှ မိကျောင်းမကြီးကိုမဖမ်းရင်း နောက်ဖမ်းဖို့မလွယ်တော့ဘူး၊ ခက်တာပဲ"

ဆရာကြီးကောမုလုက ခပ်ငြီးငြီးပြောလိုက်သည်။

ထို့နောက် ဆရာကြီးက ဆက်၍ပြောလိုက်သည်။

"ဆရာကြီးလည်း အလိုကတော့ မိကျောင်းမကြီးကို အခုလိုအချိန်မှာ မဖမ်းချင်သေးဘူး အခုမှ ဥပေါက်တာဆိုတော့

ဥပေါက်ကလေးတွေနဲ့ မိကျောင်းမကြီးဟာ ရေစပ်မှာပဲနေဦးမှာ အခုတော့ မျောက်တစ်အုပ်ရှုပ်တာနဲ့ မိကျောင်းမကြီးဟာ ရေထဲက မိကျောင်းပေါက်ကလေးတွေကိုခေါ်ပြီး အဝေးပြီးပြေးတော့မှာ"

"ဒါဆို ဟိုကုန်းပေါ်မှာ ကျန်နေတဲ့မိကျောင်းလေးငါး ကောင်ကို ဘယ်လိုလုပ်မလဲ"

"အဲဒီ အကောင်လေးတွေကို မျောက်တွေ မနှောင့်ယှက် အောင်ကိုထွန်းတို့အုပ်စုက ဖမ်းထားလိုက်ပါ၊ ပြီးရင် လုံခြုံတဲ့ နေရာမှာထားလိုက်တော့၊ အခုချက်ချင်း မိကျောင်းမနောက်လိုက်မှ ဖြစ်မယ်"

"ဒါဆို သန္တတ်တို့ ကြိုးတို့သွားယူလိုက်ဦးမယ် ဆရာကြီး"

"အေး…မြန်မြန်သွားယူ"

ကိုတင်မောင်က သန္တတ်၊ ကြိုး၊ ဓားမြှောင် စသည့် မိကျောင်းဖမ်းလက်နက်မျိုးစုံနှင့် ဘဲမလေးတစ်ကောင်ကိုပါ ယူဆောင်ကာ အပြေးအလွှား ရောက်ရှိလာခဲ့သည်။

"ဆရာကြီး…မိကျောင်းဖမ်းတဲ့လက်နက် အပြည့်အစုံ ယူလာခဲ့ပါပြီ"

"အေး…ကိုထွန်းရော ကိုတင်မောင်ရော လှေပေါ်

တက်"

"ဟုတ်ကဲ့ဆရာကြီး"

"မိကျောင်းမကြီးဟာ မိကျောင်းပေါက်ကလေးရှိနေတော့ ဒီမြစ်ရိုးတလျှောက်မှာပဲရှိမယ်၊ ဝေးဝေးမသွားသေးဘူး၊ ဘဲမလေးနဲ့မျှားမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ထိုသို့ဖြင့် ဆရာကြီးကောမုလုသည် မြစ်အတွင်းရှိ ရေစီးကြောင်းအတိုင်း လှော်ခတ်လာခဲ့သည်။

ရေလည်သို့အရောက်တွင် လှေကိုရပ်တံ့လိုက်ပြီး ဘဲမလေးကို ကြိုးရှည်ရှည်ဖြင့်ချည်ကာ ရေထဲသို့ချလိုက်သည်။ ဘဲမလေးမှာမူကား ရေထဲသို့ချလိုက်သည်နှင့် တပြိုင်နက် မည်သည့်အန္တရာယ်ကိုမျှမမြင်ဘဲ ပျော်ရွှင်စွာ ကူးခတ်နေပါတော့သည်။

တစ်နာရီခန့်ကြာသောအခါ ...

ရေစီးကြောင်းထဲတွင် ဗူးပေါင်းကလေးများပလုံစီပြီး အစီအရီပေါ်လာပါတော့သည်။

"ကိုထွန်းတို့ သတိထားဟေ့၊ မိကျောင်းမတော့လာပြီး ဘဲမလေးကို ဆွဲတော့မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ထိုသို့ပြောနေစဉ် ဘဲမလေး၏အနီးရှိ ရေစီးကြောင်းတွင် ဂယက်ငယ်ကလေးများပေါ်လာပါသည်။ မကြာမီ မိကျောင်းမ၏ခေါင်းမည်းမည်းကြီးပေါ်လာပြီး ဘဲမလေးကို လှမ်းဟပ်လိုက်ပါတော့သည်။

"ဖလပ်"

"ဖလပ်"

ဘဲမလေးမှာ ကြောက်အားလန့်အားနှင့် တောင်ပံခတ်လိုက်သည်။ သို့သော်လည်း အချိန်ကား နောက်ကျသွားခဲ့ပြီ။ ဘဲမလေးမှာ တမဟုတ်ချင်း မိကျောင်းမ၏ပါးစပ်ထဲသို့ ရောက်ရှိသွားခဲ့ပြီ။

သည်တွင် ဆရာကြီးကောမုလု၏လှုပ်ရှားမှုကား လွန်စွာမြန်မဆန်လှပေသည်။

"ဒုတ်"

ဆရာကြီးကောမုလုက မိကျောင်းမကို သန္တတ်နှင့်လှမ်းပစ်လိုက်ရာ သန္တတ်နှင့်ထိသွားခဲ့သည်။ မိကျောင်းမကား သန္တတ်ထိသွားသည့်အတွက် ရေအောက်သို့ ငုပ်လျှိုးသွားပုံရသည်။

ဆရာကြီးက ကြိုးကိုလျှော့ပေးလိုက်သည်။ ဖောင့်များတပ်

ထားသည့်ကြိုးကလေးမှာ ရေအောက်သို့ သန္တတ်နှင့်အတူပါသွား ခဲ့သည်။

"အင်း...မိကျောင်းမဟာ ရေအောက်က ကြမ်းပြင်နဲ့ လူးလိမ့်နေပုံရတယ်၊ ဒါကြောင့် ကြိုးကို အတော်လျှော့ထားရတာ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"သန္တတ်ထိသွားတဲ့မိကျောင်းတွေဟာ ဒဏ်ရာကနာတော့ ရေအောက်က ကြမ်းပြင်နဲ့ လူးလိမ့်လိုက်ရင် သန္တတ်ပြုတ်သွား မယ်ထင်တာ။ ဒါပေမဲ့ အဲဒီလိုလုပ်လေ သန္တတ်က ပိုပြီး အသား ထဲဝင်လေပဲ၊ ကြည့်နေကြည့်နေ ခဏကြာရင် ရေပေါ်ကိုပြန် တက်လာလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

မိကျောင်းဖမ်းသည့်အတွေ့အကြုံရှိသည့် ဆရာကြီး ကောမှလု၏စကားအတိုင်းပင် မကြာမီ မိကျောင်းမကြီးမှာ ရေပေါ်သို့ ပေါ်လာခဲ့သည်။

ဤအခွင့်အရေးကို အမိအရစောင့်နေသည့် ဆရာကြီးက နောက်ထပ်သန္တတ်တစ်ချောင်းကို ထပ်ပစ်လိုက်သည်။

"ဒုတ်"

မိကျောင်းမကြီး၏ ချက်ကောင်းကိုထိမှန်သွားပုံရသည်။

ရေပြင်တွင် နီရဲသောသွေးကွက်ကြီးပေါ်လာပြီး ရေပြင်တွင် အမြီးနှင့် ရိုက်ခတ်သံတဝုန်းဝုန်း ကြားလိုက်ရပါသည်။

"ဝုန်း…ဝုန်း"

ရေပြင်တစ်ဝိုက်တွင် သွေးညှီများဖုံးသွားသကဲ့သို့ သွေးများကား ရဲကနဲ ရေပြင်ပေါ်သို့ပေါ်လာခဲ့သည်။ သန္တတ်ထိထားသော မိကျောင်းမက ဖွဲ့ကောင်းလှသည်။ သန္တတ်နှင့်ချောင်းထိထားသည့်တိုင် တော်တော်နှင့်အလျှော့ပေးမည့်ပုံမရဘဲ ရေပြင်ပေါ်တွင် တရိပ်ရိပ်ပြေးနေသည်။

"ဟော…မိကျောင်းမက ရေပြင်မှာပြေးနေတယ်၊ ဖော့ကြိုးတွေက မိကျောင်းမသွားရာအရပ်ကို ပြနေတယ်"

"ဟုတ်ကဲ့ပါဆရာကြီး"

ဆရာကြီးကား ကွမ်းကိုင်ငုံရင်း သန္တတ်မှ ဖော့ကြိုးများကို လျှော့ချည်တင်းချည်လုပ်ပေးနေသည်။ မိကျောင်းမမှာ ရေပြင်တွင်ပြေးလိုက်နောက်ပြန်လိုက်နှင့် ကြိုးအလျှော့အတင်းအတိုင်း လုပ်ဆောင်နေရသည်။

ထိုသို့ဖြင့် တစ်နာရီခန့် လျှော့ချည်တင်းချည်လုပ်ပေးရာ ဆရာကြီးက …

"မိကျောင်းမကို တမင်မောအောင်လုပ်ပေးနေတာ၊.

နောက်ပြီး မိကျောင်းတွေဟာ ရေထဲမှာ တစ်နာရီထက်ပိုပြီး မနေနိုင်ဘူး၊ ရေပြင်ပေါ်ကိုတက်ပြီး အသက်ရှူလိမ့်မယ်၊ အဲဒီအခါမှာ သန္တတ်တစ်ချောင်းနဲ့ ထပ်ပစ်လိုက်မယ်၊ ဒါဆိုရင် ဒီမိကျောင်းမ ဘယ်လိုမှမခံနိုင်တော့ဘူး"

"ဟုတ်ကဲ့ပါဆရာကြီး"

ကိုထွန်းတို့အုပ်စုလည်း မိကျောင်းမှကို မောအောင်လုပ်ပြီးနောက် ရေပေါ်သို့ပြန်တက်မည့်အချိန်ကို စောင့်ဆိုင်နေခဲ့သည်။

ထိုစဉ် ရေပြင်ပေါ်၌ ဦးခေါင်းမည်းမည်းကြီးကို လှမ်းတွေ့လိုက်ရသည်။

"ဟော…မိကျောင်းမပေါ်လာပြီ"

မိကျောင်းမအား သန္တတ်နှင့်ချိန်စဉ် ရေအောက်သို့ ငုပ်လျှိုးသွားခဲ့သည်။

ဆရာကြီးက သန္တတ်နှင့်လှမ်းပစ်လိုက်သော်လည်း မထိချေ။

မိကျောင်းမုဆိုးကြီး ဆရာကောမုလုသည် ပါလာသည့် သန္တတ်သုံးချောင်းစလုံးကုန်သွားသည့်အတွက် မိကျောင်းမကို နောက်ထပ် ပစ်စရာသန္တတ်မရှိတော့ချေ။ မိကျောင်းမ၏ကိုယ်တွင် သန္တတ်နှစ်ချောင်းခန့်စိုက်ဝင်နေပြီ။ ၎င်းက ရန်းလေလေ ကြိုးမှာ

အထပ်ထပ်ရစ်ပတ်လေလေ ဖြစ်နေပါသည်။

ထိုစဉ် မိကျောင်းမှာ ရေပေါ်သို့ သုံးကြိမ်သုံးခါပေါ်လိုက်ငုပ်လိုက် ဖြစ်နေပါသည်။ ရေပေါ်သို့ပေါ်လာစဉ် မိကျောင်းမကိုယ်မှာ ကြိုးများနှင့်ရစ်ပတ်နေပြီး ထိုသို့ရစ်ပတ်ခြင်းကြောင့် ဒေါသထွက်ကာ ၎င်း၏ပါးစပ်ကြီးကိုဖြဲထားသဖြင့် မိကျောင်းမမှာ ကြောက်မက်ဖွယ် သတ္တဝါတစ်ဦးနှယ် ဖြစ်နေပါသည်။

မိကျောင်းမကိုကြည့်ရတာ ကြိုးတွေနဲ့အထပ်ထပ်ရစ်ပတ်ထားလို့ စိတ်ဆိုးနေတဲ့ပုံပဲ"

"ဟုတ်တယ်၊ ပါးစပ်ကိုဖြဲတာများ ကြောက်ဖို့ကောင်းလိုက်တာ"

ထိုသို့ပြောနေစဉ် အရှိန်ပြင်းစွာဖြင့် မိကျောင်းမမှာ ရေထဲသို့ ဦးစိုက်ထိုးပြီး ငုပ်သွားခဲ့သည်။

ကိုထွန်းနိုင်တို့ စောင့်ကြည့်သော်လည်း မိကျောင်းမမှာ ပြန်၍ပေါ်မလာတော့ချေ။

သည်တွင် မိကျောင်းမုဆိုး ကောမုလုသည် မိကျောင်းမ၏အခြေအနေကို ချက်ချင်းသဘောပေါက်လိုက်သည်။

"ငါတို့ကြိုးစားသမျှတော့ အချည်းနှီးဖြစ်ပါပြီ"

"ဆရာကြီး…ဘာဖြစ်လို့လဲ"

"မိကျောင်းမကြီးတော့ ရေကျောက်ချသွားပြီထင်ပါရဲ့"

ဖြစ်ရိုးဖြစ်စဉ်ထက် ဆန်းကျယ်သည့်ဆရာကြီး၏စကားကို ယုံရအခက် မယုံရအခက် ဝေခွဲ၍မရအောင် ဖြစ်နေပါသည်။

"ဆရာကြီး…ရေကျောက်ချတယ်ဆိုတာ ဘယ်လိုပြောတာလဲ၊ ခုကာနဝဲ သန္တက်ထိထားလို့ သူ့တစ်ကိုယ်လုံး ချည်ပြီးတုတ်ပြီးသားဖြစ်နေပြီ"

"အေး…ဒါဆို မင်းနဲ့ငါ ရေအောက်ကိုငုပ်ကြည့်ကြမယ်"

ပြောပြောဆိုဆို ဆရာကြီးကောမုလုနှင့် ကိုတင်မောင်တို့နှစ်ဦးသား ရေထဲသို့ ငုပ်လျှိုးလိုက်သည်။ မြစ်လယ်ရေကြည်ရေအောက်တွင် သူ၏ဦးခေါင်းကို ထိုးစိုက်နေသော မိကျောင်းမကြီးကို သူတို့နှစ်ဦးစလုံး တွေ့ရသည်။

မိကျောင်းမကြီးမှာ ရေကျောက်ချသွားပြီး ငြိမ်သက်နေပါသည်။

ကိုတင်မောင်မှာ မိကျောင်းတစ်ကောင်၏ရေကျောက်ချခြင်းကို အံ့သြစွာကြည့်ရင်း ၄င်း၏အမြီးနားသို့ ကူးခပ်သွားစဉ်ဆရာကြီးက …

"အနားမကပ်နဲ့၊ အန္တရာယ်ရှိတယ်"

ဟူ၍ လှမ်းပြောလိုက်သည်။ သို့သော် သတိပေးချက်မှာ အခါနှောင်းသွားခဲ့ပြီး ဆရာကြီး၏အော်ပြောသံသည် ရေမှ တဆင့်တုန်ခါမှုဖြစ်ကာ မိကျောင်းကြီးကသိသွားပြီး မိကျောင်း၏အမြီးမှာ လှုပ်ယမ်းလာပါတော့သည်။ သည့်နောက်တွင် မိကျောင်းမကြီး၏အမြီးဖြင့် အရှိန်ပြင်းစွာ ကိုတင်မောင်ကို ရိုက်လိုက်ပါသည်။

မိကျောင်းမကြီး၏အမြီးနှင့်ရိုက်ချက်မှာ ပြင်းထန်လွန်းသဖြင့် ...

"ဘုန်း"

ဟူသောအသံနှင့်အတူ ကိုတင်မောင် လွင့်သွားပြီး သွေးများ ချင်းချင်းနီးသွားပါတော့သည်။ ဆရာကြီးကောမှုလုသည် အဝေးသို့လွင့်သွားသည့် ကိုတင်မောင်ကိုလိုက်ဆွဲပြီး ပခုံးထက်တင်ကာ လှေဆီသို့ ကူးခတ်လာခဲ့သည်။

ကိုထွန်းနိုင်က ကိုတင်မောင်ကို လှေပေါ်သို့ဆွဲလိုက်စဉ် ကိုတင်မောင်မှာ အသက်မြှော့မြှော့သာရှိတော့သည်။ ရင်ပတ်ကို အမြီးနှင့်ရိုက်လိုက်သည်။ အရှိန်ကြောင့် ရင်ပတ်တစ်ခုလုံး သွေးချင်းချင်းနီနေပြီး ပါးစပ်မှ သွေးပွက်ပွက်အန်ကာ ပျော့ခွေသွားပါတော့သည်။

သည်တွင် ကိုထွန်းနိုင်က …

"ကိုဘင်မောင်…သတိထားပါ"

"အင်း…အင်း…အင်း…အော့…"

ထိုငြီးငြူသံအဆုံးတွင် ကိုတင်မောင်တစ်ယောက် ဇက်ကြိုးကာ သေဆုံးသွားခဲ့သည်။

"ဆရာကြီး ကိုတင်မောင်သေသွားပြီ"

"အိမ်း…ငါသိတယ်၊ မိကျောင်းတစ်ကောင်ရဲ့ အင်မတန်ရက်စက်ကြမ်းကြုတ်ပြီး ကြောက်စရာအကောင်းဆုံးအချိန်ဟာ ရေကျောက်ချချိန်ပဲ"

"ဟုတ်ကဲ့…ဆရာကြီး"

"တချို့မိကျောင်းတွေဟာ အင်မတန်အငြိုးကြီးတယ်၊ ရေမုဆိုးတွေရဲ့လက်က မလွတ်တော့ဘူးဆိုရင် သူ့ရဲ့ခန္ဓာကိုယ်ကို ရေမုဆိုးတွေရဲ့လက်မှာမအပ်တော့ဘဲ ရွှံ့နွံ့ထဲမှာ ခေါင်းစိုက်ပြီး အသေခံသွားတယ်၊ အဲဒါကို မိကျောင်းတွေရဲ့ရေကျောက်ချချိန်လို့ခေါ်တယ်၊ အဲဒီလို ရေကျောက်ချချိန်မှာ သူတို့အနားကို ဘယ်ရေမုဆိုးမှအလာမခံဘူး၊ သူတို့စိတ်ထဲမှာ အနီးအနားလာတဲ့သူမှန်သမျှ သူတို့ရဲ့ရန်သူလို သဘောထားတဲ့အတွက် အမြီးနဲ့ရိုက်

သတ်တော့တာပဲ၊ အဲဒီမိကျောင်းအမျိုးအစားထဲမှာ ဒီမိကျောင်းမလည်း ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကိုတင်မောင်က အစွမ်းကုန်အော်ပြီးသတိပေးပေမယ့် နောက်ကျသွားပြီ၊ ဘယ်လိုမှ မတားဆီးနိုင်ခဲ့ဘူး"

ကိုထွန်းနိုင်မှာ ဆရာကြီး၏ပြောစကားကိုနားထောင်ရင်း ကိုတင်မောင်ကို လှမ်းကြည့်မိသည်။ ကံဆိုးရှာသည့် ကိုတင်မောင်တို့လင်မယား။ သူတို့လင်မယားနှစ်ယောက်စလုံးပင် မိကျောင်းရန်နဲ့ သေဆုံးခဲ့ရသည်။

သူ၏မိန်းမကို မိကျောင်းဆွဲခံရသဖြင့် ယူကျုံးမရဖြစ်ကာ မိကျောင်းမုဆိုးအလုပ်ကို သင်ကြားခဲ့သည်။ လွန်ခဲ့သောမိနစ်ပိုင်းကပင် သန်မာဖျတ်လတ်စွာ မိကျောင်းဖမ်းခဲ့သော ကိုတင်မောင်တစ်ယောက် မိကျောင်းတစ်ကောင်၏ရေကျောက်ချချိန်ကို သွားကြည့်ရာမှ အန္တရာယ်နှင့်ရင်ဆိုင်တွေ့ကာ အသက်ဝိညာဉ်မဲ့ခဲ့ချေပြီ။

ကိုတင်မောင်၏အလောင်းကိုတင်ကာ ရွာဆီသို့လှေလှော်ခဲ့သည်။ ကိုထွန်းနိုင်တို့၏အ[illegible]ခရီးမှာ မည်သည့်မိကျောင်းမှ

မပါဘဲ ကိုတင်မောင်၏အလောင်းကိုတင်ပြီး ပြန်လာခဲ့ရသဖြင့် မျက်နှာပန်မလှပသည့်အပြန်ခရီးပင် ဖြစ်ခဲ့ပါတော့သည်။

○ ○ ○

## အခန်း (၇)

## "တစ်ကျော့ပြန်ဝိညာဉ်ကျိန်စာ"

ကိုတင်မောင် ကွယ်လွန်အနိစ္စရောက်သွားသည့်အတွက် အားလုံးမှာ စိတ်မချမ်းသာဖြစ်ခဲ့ရသည်။ ဆရာကြီးကောမုလုသည် ကိုတင်မောင်၏အလောင်းကိုကြည့်ရင်း ယူကျုံးမရဖြစ်နေရှာသည်။

"ကျုပ်ရဲ့ဘဝမှာ မိကျောင်းဖမ်းတဲ့သက်တမ်းတလျှောက် လူသေဖူးတာဆိုလို့ ဒီအဖြစ်အပျက်က ပထမဦးဆုံးပါပဲ၊ ကျုပ်က သူ့ကို မိကျောင်းရဲ့အနားကိုမသွားဖို့ပြောခဲ့တာ၊ သူ နားမထောင်ဘူး၊ သူ့ရဲ့အထင်က မိကျောင်းကြီးက ဦးခေါင်းကိုရွှံ့နွံထဲမှာထိုးပြီး ငြိမ်နေတာကို ချက်ချင်းသေသွားပြီလို့ထင်တာကိုး၊ မိကျောင်းဟာ ဒီလောက်နဲ့ အသက်မသေဘူး၊ အင်မတန်အသက်ပြင်းတဲ့ တိရစ္ဆာန်ပဲ"

အိုယွန်းယုဉ်စာပေ

"ဟုတ်ပါတယ်ဆရာကြီးရယ်၊ သူဟာ သတိတစ်ချက် လစ်သွားလို့ ခံလိုက်ရတာပါ"

"ဘာပဲဖြစ်ဖြစ်ကိုထွန်းရယ်၊ ဆရာကြီးတစ်ယောက်လုံး ပါပါရက်နဲ့ ဒီလို တပည့်တစ်ယောက်ကို ဆုံးရှုံးလိုက်ရတာ ဆရာကြီးမှာ အပြစ်မကင်းပါဘူး"

"ဒီလိုလည်းဘယ်ဟုတ်ပါ့မလဲ ဆရာကြီးရယ်၊ ကံကြမ္မာ ကဖန်လာတာကိုး"

"ဘာပဲဖြစ်ဖြစ် ဆရာညံ့လို့ တပည့်သေရတာ၊ ဒီတော့ ဆရာကြီးလည်း ရေမှုဆိုးအလုပ်ကို စွန့်လွှတ်တော့မယ်"

"အဲဒီလိုမဆုံးဖြတ်ပါနဲ့ ဆရာကြီးရယ်၊ ဒါဟာ မမျှော် လင့်ဘဲဖြစ်ခဲ့ရတဲ့အဖြစ်အပျက်ပါ၊ ဆရာကြီးနဲ့ မဆိုင်ပါဘူး"

"အေးလေ…ဒီလိုပဲဖြေရတော့မှာပေါ့"

ဆရာကြီးကောမုလုမှာ လွန်စွာ စိတ်မကောင်းဖြစ်ခဲ့သည်။ မိကျောင်းမှုဆိုးဘွဲ့ကိုခံယူထားသည့် ဆရာကြီးမှာ မိကျောင်းဖမ်း ရင်း တပည့်တစ်ယောက်၏ အသက်နှင့်လဲလှယ်ခဲ့ရသည့်အတွက် မှုဆိုးသိက္ခာကျခဲ့ပြီ။ ကျိတ်မနိုင်ခဲမရအောင် ခံစားရလွန်းသည်။ ဆရာကြီးမှာ ကိုတင်မောင်၏အလောင်းကိုကြည့်ရင်း တောက် တခေါက်ခေါက်နှင့် မကျေနိုင်မချမ်းနိုင်အောင် ဖြစ်နေမိသည်။

ဆွေမရှိမျိုးမရှိ ကိုတင်မောင်၏အလောင်းကို ရွာသူရွာသားတွေက ကောင်းမွန်စွာ သင်္ဂြိုဟ်ခဲ့ကြသည်။ သည်ရျာပနတွင် ဆရာကြီးကောမုလုတို့အုပ်စုမှာ လွန်စွာ စိတ်မကောင်းဖြစ်ခဲ့ကြသည်။

လောကကြီးက သူတပြန်ကိုယ်တပြန်ဟုပင် ဆိုရမည်လော။ ကိုတင်မောင်၏မိန်းမကို ခေါင်းရှည်ကြီးခေါ် မိကျောင်းမ၏ချစ်လင်က ကိုက်ခဲသတ်ဖြတ်ခဲ့သည်။ ဒါကို ကိုတင်မောင်က မကျေနပ်၍ လက်တုံ့ပြန်လိုက်ရာ ခေါင်းရှည်ကြီးအဖမ်းခံရပြီး မိုက်ဓာတ်သိမ်းသွားခဲ့သည်။ သည့်နောက် မိကျောင်းမက သောင်းကျန်းသည့်အတွက် ကိုတင်မောင်တို့အုပ်စုက ဖမ်းဆီးရာ မိကျောင်းမက အနိုင်မခံအရှုံးမပေးဘဲ ရေမှုဆိုးတစ်သိုက်ကို စိန်ခေါ်ကာ ရေကျောက်ချပြီး အငြိုးအပိုင် မြစ်ရေလျှင်ကြောအတွင်း သေတွင်းကိုဆင်းသွားခဲ့ပြီ

မိကျောင်းနှင့်လူသား အားပြိုင်ပွဲမှာ လူသားများ၏လက်တွင်းသို့ အရောက်မခံခဲ့သော မိကျောင်းမ၏ သံမဏိစိတ်ဓာတ်မှာ မိကျောင်းတစ်ရာတွင် တစ်ကောင်မျှမရှိနိုင်သော စိတ်ဓာတ်မျိုးပင်ဖြစ်ပေသည်။

ကိုထွန်းနိုင်က ဆရာကြီးကောမုလုကို ခရမ်းသို့ပြန်လည်

လိုက်လံပို့ဆောင်ပေးခဲ့သည်။ ထိုမှအပြန်တွင် ငါးလှေမလိုက်သေးဘဲ အိမ်နောက်ဖေးတွင်ထိုင်ကာ မြစ်ပြင်ကြီးကို ငေးမောကြည့်ရှုနေခဲ့သည်။

"ဒီမြစ်ကြီးထဲမှာ ငါ့သားလေးနီတွတ်လည်း သေခဲ့ရပြီးပြီ၊ ကိုတင်မောင်ရဲ့မိန်းမလည်း သေခဲ့ပြီးပြီ၊ ပြီးတော့ မိကျောင်းနှစ်ကောင်လည်း သေသွားပြီ"

ကိုထွန်းနိုင်က ဤသို့ငေးရင်း ဇနီးသည်အေးတင်မကို ပြောလိုက်သည်။

"ဟုတ်ပါ့တော်...ဟုတ်ပါ့...အဲဒါက အရေးမကြီးဘူး၊ မိကျောင်းပေါက်ကလေးငါးကောင်ကို ဘယ်လိုလုပ်ရမလဲ၊ ရှင်မရမ်းကိုသွားတဲ့နေ့ကတည်းက အိမ်မှာလာပို့ထားတယ်"

"အဲဒီတော့ မင်းက ဘာလုပ်ထားလဲ"

"ကျုပ်လည်း ရေစည်ထဲမှာထားပြီး ငါးပေါက်ကလေးတွေ ကျွေးထားလိုက်တယ်"

"အေးပေါ့ကွာ၊ နောက်တော့ ရေထဲလွှတ်တာပေါ့"

ကိုထွန်းနိုင်က မိကျောင်းပေါက်ကိစ္စကို ခပ်အေးအေးပဲ ပြောလိုက်သည်။ အေးတင်မကတော့ ထုံးစံအတိုင်း အိမ်ကိစ္စတွေနှင့် အလုပ်ရှုပ်နေသည်။

သည်နေ့ညအဖို့ အေးတင်မမှာ မောမောနှင့် အိပ်ပျော်သွားခဲ့သည်။ အိပ်မက်ထဲတွင် မိကျောင်းခေါင်းရှည်ကြီးက နီတွတ်ကိုလှမ်းဟပ်ပြီး ရေထဲသို့ ခပ်ကြမ်းကြမ်းဆွဲချသွားသည်။ နီတွတ်က ရုန်းသည်။ ခေါင်းရှည်ကြီးက သည်းသည်းမည်းမည်း ကိုက်ခဲကာ အမြီးဖြင့်ရမ်းသဖြင့် ရေပြင်တစ်ခုလုံး တဝုန်းဝုန်း မြည်သံမှာ ကြောက်ခမန်းလိလိ။

"သားလေး...သေပါပြီ၊ ငါ့သားလေးကိုပြန်လွှတ်ပါ"

အေးတင်မက အသံကုန်အော်ဟစ်လိုက်သည်။ နောက်တော့ ခေါင်းရှည်ကြီး၏ကျောပေါ်တွင် နီတွတ်၏ဝိညာဉ်ကိုတွေ့လိုက်ရသည်။ ၎င်းက...

"အမေ...အမေ...မငိုပါနဲ့၊ သား ရင်တွေပူလှပြီ၊ အမေ ဒီခေါင်းရှည်ကြီးက သားကိုသတ်လိုက်လို့ သူလည်းသေသွားပြီ၊ သားလိုပဲ ဝိညာဉ်ဘဝကိုရောက်သွားပြီ"

ဤတွင် နီတွတ်၏ဝိညာဉ်က ခေါင်းရှည်ကြီး၏ဝိညာဉ်အား ...

"ခေါင်းရှည်ကြီး မင်းဟာ ငါ့ကိုသတ်ခဲ့လို့ အခု မင်းအသတ်ခံရပြီ၊ ဒါပေမဲ့ ငါဟာ ငါ့မိဘကို ဘာမှမလုပ်ကျွေးခဲ့ရသေးခင် မင်းသတ်လိုက်တဲ့အတွက် အဲဒီဝဋ်ကြွေးကို ပြန်ပြီးဆပ်

ရမယ်၊ ဒီတော့ မင်းဟာ ငါ့မိဘထံမှာ ငါ့ကိုယ်စား အလုပ်အကျွေး ပြုရမယ်"

ထိုသို့ နီတွတ်ကပြောဆိုလိုက်ရာ မိကျောင်းကြီး၏ ခန္ဓာကိုယ်ထဲကို လိပ်ပြာကလေးတစ်ကောင်ထွက်လာပြီး မအေးတင်၏ ဟတတတပါစပ်ထဲသို့ ဝင်သွားပါသည်။

အေးတင်မ၏ပါးစပ်မှတဆင့် လည်ချောင်း။ ထိုမှ ဝမ်းဗိုက်ထဲသို့ ်သွားရာ သူမမှာ ဆို့နင့်နင့်ဖြစ်သွားပြီး လန့်နိုးသွားပါတော့သည်။

"အမလေး…အိပ်မက်ကလည်း ဘယ်လိုကြီးမှန်းမသိဘူး၊ ငါ့သားနီတွတ်က ငါ့ဆီကိုပြန်မလာဘဲ ဘယ့်နှယ်ခေါင်းရှည်ကြီးက ငါ့ဆီလာမတဲ့။ အဆီအငေါ်မတည့်လိုက်တာနော်"

အေးတင်မှာ ခေါင်းရှည်ကြီးကိုမြင်ယောင်ပြီး လန့်လန့်ဖြန့်ဖြန့်ဖြစ်ကာ ရေအိုးစင်မှရေတစ်ခွက်ကို ခပ်သောက်ရင်း…

"ဟင်း…အိပ်မက်ဆိုးကြီး…အိပ်မက်ဆိုးကြီး"

ဟူ၍ ယောင်ရမ်းရေရွတ်လိုက်သည်။

အေးတင်မှာ ထူးခြားသောအိပ်မက်အကြောင်းကို စဉ်းစားရင်း ပြန်အိပ်ပျော်သွားခဲ့သည်။ သူမနိုးလာချိန်မှာ အာရုံဦး

၏အလင်းဖျော့ကလေးပင် လင်းလာခဲ့ပြီ။

သူမ၏လုပ်ဆောင်နေကျ ဝတ္တရားအတိုင်း ထမင်းအိုး တည်ရင်း အိပ်မည်အကြောင်းတွေးနေမိသည်။

"ငါပဲ ငါ့သားနီတွတ်ကို သတိရပြီး စိတ်စွဲလန်းလို့ အိပ်မက်ဆိုးတွေမက်တာလား"

ထိုသို့တွေးနေစဉ် …

"အေးတင်မ" ဟူသောခေါ်သံကို ကြားလိုက်ရသဖြင့် လန့်ဖြန့်သွားကာ …

"အမလေး…ဘယ်သူတုန်း"

သူမကလည်း ခပ်လန့်လန့်နှင့်ပြန်ထူးလိုက်သည်။

"အေးတင်မ…မင်း ဘယ်လိုဖြစ်တောလဲ၊ မင်းလင် ငထွန်းရဲ့အသံတောင် မမှတ်မိအောင် ဘာတွေစဉ်းစားနေလို့လဲ"

"ဟို…ဟို…ခေါင်းရှည်ကြီး"

"ဘာခေါင်းရှည်ကြီးလဲ…ခေါင်းရှည်ကြီးက သေပြီ"

"သေလို့ ဒုက္ခပေါ့တော်"

"ခေါင်းရှည်သေတာနဲ့ မင်းက ဘာဖြစ်လို့ ဒုက္ခတ,နေ ရတာလဲ"

"အမလေး…အခုမှ ဒုက္ခအစစ်နဲ့လာတိုးနေလို့တော့"

"ကဲပါ...အေးတင်မရယ် စကားပြောမယ်ဆိုလည်း မြန်မြန်ပြောပေါ့၊ မင်းပြောမယ့်စကားကိုစောင့်ရတာနဲ့ ငါတော့ ဒုက္ခဖြစ်နေပြီ"

"ကျုပ်အိပ်မက်ကြောင့်ပေါ့တော်၊ အိပ်မက်ထဲမှာ ကျုပ်သားလေးနီတွတ်က ကျိန်စာတိုက်လိုက်လို့ ခေါင်းရှည်မိကျောင်းကြီးက ကျုပ်ရဲ့ဝမ်းဗိုက်ထဲမှာ ဝင်စားမလို့တဲ့တော့၊ အမလေး သားလေးနီတွတ်ကမဝင်စားရဘဲ ခေါင်းရှည်ကြီးကလာပြီးဝင်စားမလို့တဲ့၊ မတော်လို့မွေးလာရင်တောင် ခေါင်းရှည်ရှည်နဲ့မိကျောင်းပုံမျိုးမွေးလာရင် မခက်ပါလား၊ အဲဒါကြောင့် ဒုက္ခတနေတာပေါ့တော်"

"အေး...မင်းပြောမှ ငါလည်းပြောရဦးမယ်၊ ဟိုတစ်နေ့က ငါလည်း အိပ်မက်မက်တယ်၊ အဲဒါက ငါ့သားလေးနီတွတ်နဲ့ ကိုတင်မောင်ရဲ့ဝိညာဉ်နှစ်ခုက ခေါင်းရှည်ကြီးကို သန္ဓတ်နဲ့လိုက်လို့ အဲဒီခေါင်းရှည်ကြီးက ငါတို့အိမ်ထဲပြေးဝင်လာတယ်၊ ငါတို့မွေးထားတဲ့မိကျောင်းငါးကောင်က သူ့ဖအေ ခေါင်းရှည်ကြီးနဲ့အတူ ရေစပ်မှာ ပျော်ရွှင်မြူးတူးနေတယ်၊ ခေါင်းရှည်ကြီးက မိကျောင်းဖြစ်သွားလိုက်၊ လူဖြစ်သွားလိုက်နဲ့ ဝိုင်းကြီးပတ်ပတ်ကခုန်နေတာ ပျော်စရာကြီးပဲ"

"ရှင်ကသာပျော်နေ၊ ကျုပ်ကတော့ စိတ်ညစ်လို့သေတော့မယ်"

"အေး…အိပ်မက်တော့အဆန်းသားပဲ၊ ဗေဒင်ဆရာကြီး ဦးဒေဝဆီ သွားမေးကြည့်မှပဲ"

"ကောင်းပါတော်၊ ကျုပ်လည်းလိုက်မယ်"

"အေး…ထမင်းအိုးချက်ပြီးတော့ သွားကြတာပေါ့"

"အေး…အေး"

ကိုထွန်းနိုင်က မျက်နှာသစ်ရင်း အိပ်မက်နှစ်ခု၏ထူးခြားချက်ကို စဉ်းစားနေမိသည်။ ထိုသို့ဖြင့် နံနက်(၉)နာရီခန့်တွင် ဗေဒင်ဆရာကြီး ဦးဒေဝဆီသို့ သွားခဲ့ကြသည်။

အိပ်မက်နှစ်ခုအကြောင်းကို ဦးဒေဝအား ကိုထွန်းနိုင်တို့ လင်မယားနှစ်ဦးက ပြောပြခဲ့သည်။

ဦးဒေဝက သေချာစွာနားထောင်ပြီးနောက်…

"အိမ်း…ဒီအိပ်မက်နှစ်ခုကို ကောက်ချက်ချလိုက်တော့ ခင်ဗျားတို့အတွက် အကျိုးပေးမယ့်သားကောင်းသမီးကောင်း မွေးဖွားမယ့်အတိတ်နိမိတ်ကောင်းပါပဲ"

"ဟုတ်ရဲ့လားဆရာကြီးရယ်၊ ရက်စက်ကြမ်းကြုတ်ကဲ့ မိကျောင်းကြီးဝင်စားမယ်ဆိုတော့ ကျွန်မကြောက်တာပေါ့"

"ဒါတွေမပြောနဲ့တော့၊ မင်းတို့အိပ်မက်က အိပ်မက်ဆိုး မဟုတ်ပါဘူး၊ အိပ်မက်ကောင်းပါ၊ မင်းတို့အတွက် နိတ္တတ် ကိုယ်စား မိဘကိုလုပ်ကျွေးမယ့်သားသမီးကောင်းလေး မွေးဖွား လိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီးဦးဒေဝအား ဗေဒင်ဟောအဖြစ် ဆန်တစ်ပြည် နှင့် ငွေတစ်ဆယ်ကျပ်ဖြင့်ကန်တော့ပြီး ပြန်လာခဲ့သည်။

"ကိုထွန်းရေ...ဗေဒင်ဆရာကြီးဟောလိုက်ပုံကတော့ စိတ်ချမ်းသာဖို့အကောင်းသားပဲ"

"အေးကွာ...စိတ်ချမ်းသာအောင်သာနေပါ၊ မင်းမှာ မင်းသားဆုံးပြီးကတည်းက မင်းစိတ်ချမ်းသာတယ်လို့ကို မရှိဘူး"

"ကဲပါတော် ရှင်လည်း ငါးလှေလိုက်ဖို့လုပ်ပါဦး၊ ဒါမှ ကျုပ်လည်း ဝမ်းဝဝစားရမှာ"

"အေးပါ...မနက်ဖြန်ကစပြီး ငါလည်း ငါးလှေလိုက် ပါ့မယ်"

ကိုထွန်းနိုင်တို့လင်မယားနှစ်ယောက်မှာ မင်္ဂလာအတိတ် နိမိတ်ကို ဖတ်ပေးလိုက်သည့်ဆရာကြီးဦးဒေဝစကားကြောင့် ဝမ်းသာအားရဖြင့် အိမ်သို့ပြန်လာခဲ့သည်။

ဒိုယွန်းယုဉ်စာပေ

နောက်သုံးလခန့်အကြာတွင် ...

အေးတင်မမှာ တအော့အော့ တအန်အန်နှင့် ကိုယ်လက်မအီမသာဖြစ်နေပါတော့သည်။ သူက လက်သည်ဒေါ်ဖွားတင်ကို သွားပြရာ ...

"အေးတင်မရယ်၊ ညည်းမလည်း မွေးဖူးဖွားဖူးတာပဲ၊ အဲဒါ ကိုယ်ဝန်ရှိတာအေ့၊ သုံးလလောက်ရှိပြီ"

"ဟုတ်လား...ဒါဆို ကျုပ်အိပ်မက်မက်တာ မှန်ပြီပေါ့တော်"

"အိပ်မက်မက်တယ်ဟုတ်လား၊ အိပ်မက်နဲ့လာတဲ့ ကလေးက မိဘကိုအကျိုးပေးတာများတယ်၊ သားကောင်းသမီးကောင်းရတနာကလေး မွေးပါစေတော်"

"ကြီးဒေါ်ဖွားပေးတဲ့ဆုနဲ့ ပြည့်စုံပါစေတော်"

လက်သည်ဒေါ်ဖွားတင်၏စကားကြောင့် ကိုယ်ဝန်ရှိကြောင်းသေချာသွားခဲ့ပြီ။ ကိုထွန်းနိုင်မှာ ပိုက်ချမှအပြန်တွင် အေးတင်မက ...

"ကိုထွန်းရေ ကျုပ်မှာ ကိုယ်ဝန်သုံးလလောက်ရှိပြီတဲ့တော့"

ဟူ၍ ဝမ်းသာအားရပြောလိုက်ပါသည်။

အိုယွှန်းယုဥ်စာပေ

သည်တွင် ကိုထွန်းနိုင်ကလည်း …

"အေးကွာ…ငါ့သားလေးကိုယ်စား နောက်ထပ်သား သမီးရတာ ဝမ်းသာစရာပဲ၊ ငါတို့ကလေးကို ကောင်းကောင်းမွေး ရမယ်၊ ငါတို့ကြီးလာရင် ငါတို့ကလေးက ငါတို့ရဲ့လက်ကတုံး တောင်မွေးပေါ့"

"ဒါပေါ့တော်၊ ကျုပ်မှာလည်း နို့တွတ်မရှိကတည်းက ကလေးလိုချင်လွန်းလို့ သူများရဲ့ကလေးတွေကို လျှောက်ချီနေရ တာ၊ အခုတော့မှပဲ ကိုယ့်ကလေးကိုယ်ချီရတော့မယ်"

"ကောင်းပါ့ကွာ"

ကိုထွန်းနိုင်မှာ ဇနီးသည်ထံမှ ကိုယ်ဝန်ရှိကြောင်းကြား သိရသဖြင့် သူလည်း ပျော်ရွှင်သွားခဲ့သည်။ ထို့နောက် ကိုထွန်း နိုင်မှာ မိကျောင်းပေါက်ကလေးများကိုမွေးထားသည်ကို သတိရ သွားပြီး …

"မိန်းမရေ မိကျောင်းပေါက်ကလေးတွေကို ဆက်ပြီး မွေးထားဦးနော်၊ လွှတ်မပစ်လိုက်နဲ့ဦး"

"မလွှတ်ပစ်ပါဘူး၊ အခုမှ သုံးလကျော်ကျော်လောက် ရှိသေးတာ၊ အကောင်ကြီးလာမှ တိရိစ္ဆာန်ရုံကို လှူမယ်ဆို"

"အေးပါ မိန်းမရယ်"

အေးတင်မမှာ ကိုယ်ဝန်ရှိပြီဟုသိကတည်းက စိတ်မှာ ပျော်ရွှင်နေခဲ့သည်။ သူမချစ်မြတ်နိုးလှသည့်သားကလေး နီတွတ် ကိုယ်စား သားသမီးရတာနာရမယ်ဆိုတော့ သူမ လွန်စွာ ပျော် ရွှင်ခဲ့သည်။

သူမ၏အိမ်နောက်ဖေးရှိ မြစ်စပ်တွင် မိကျောင်းငါးကောင် ကို ခြံခတ်ကာမွေးထားခဲ့သည်။ နေ့စဉ်ပင် ငါးအသေကောင်များ ကိုကျွေးခဲ့သည်။ သည်မိကျောင်းများမှာ အေးတင်မကိုရော ကိုထွန်းနိုင်ကိုပါ အစာကျွေးနေသည့်အတွက် သခင်မှန်းသိနေ သည်။

အေးတင်မက အစာကျွေးသောအခါ လက်ထဲတွင် ငါး သေများကိုင်ကာ ...

"သားတို့သမီးတို့ရေ...လာကြ...ဒီ...ဒီ...ဒီ"

ဟုခေါ်လိုက်လျှင် မိကျောင်းငါးကောင်မှာ အပြေးကူးခတ် လာသည်။

အေးတင်မက အရင်ရောက်လာသည့်မိကျောင်းကို ငါးများကျွေးလျှင် အတင်းဟပ်ကာကိုက်ချီပြီးမှ ရေထဲသို့ပြန်ကူး သွားခဲ့သည်။ ပြီးလျှင် ကျန်အကောင်များကို ဆက်ပြီးကျွေးသည်။

မိကျောင်းများဟပ်၍ စားနေသည်ကိုကြည့်ကာ...

"စားကြ…စားကြ…မကြာမီ နင်တို့အဖေလာလိမ့်မယ်…စားကြ…စားကြ"

ဟူ၍ပြောကာ မိကျောင်းများကို အစာကျွေးနေခဲ့သည်။

သည်လိုနှင့်ပင် အချိန်စေ့ရောက်သောအခါ အေးတင်မတစ်ယောက် မိုက်နာလာပါတော့သည်။

"အမလေး…မိုက်နာလိုက်တာတော်၊ လက်သည်အဖွားကြီးကို သွားခေါ်ပေးပါဦး"

"အေး…အေး…ငါသွားခေါ်လိုက်ဦးမယ်"

ကိုထွန်းနိုင်က လက်သည်ဒေါ်ဖွားတင်ကြီးကို သွားခေါ်လိုက်သည်။ ဒေါ်ဖွားတင်ကြီးက အေးတင်မမိုက်နာသည်ဟုဆိုသဖြင့် အပြေးအလွှားနှင့် လိုက်လာခဲ့သည်။ အမျိုးသမီးတစ်သိုက်က သူမအနားမှာ စောင့်ရှောက်နေကြသည်။

"အေးတင်မရေ…ငါလာပြီဟေ့…အားမငယ်နဲ့"

"ဟုတ်ကဲ့ပါ ကြီးတော်ဖွားရယ်"

"အမလေး…မိုက်နာလာပြန်ပြီ"

"ဟဲ့…မွေးကာနီးနေပြီပဲ"

"ဟောတော့…ပြောရင်းဆိုရင်း…ရေမွှာတောင်ပေါက်သွားပြီ"

"ညှစ်လိုက်…ညှစ်လိုက်"

"အမလေး"

"မွေးပြီ…မွေးပြီ…ယောက်ျားလေးတော့"

"ဟယ်…ကလေးက ဖြူဖြူဖွေးဖွေးကြီး"

"ဝဝတုတ်တုတ်ကြီးတော့"

အမျိုးသမီးတစ်သိုက်က ဆူညံစွာပြောဆိုနေကြသည်။ လက်သည်ဒေါ်ဖွားတင်က ကလေးကို ချက်ကြိုးဖြတ်ပေးပြီး မကောင်းသည့်အညစ်အကြေးများကို မိကျောင်းပေါက်များမွေးထားသည့်ခြံအနီးရှိ မြစ်ရေထဲသို့ သွန်ပစ်လိုက်သည်။

"ဗွမ်း"

ရေထဲသို့သွန်ပစ်လိုက်စဉ် မိကျောင်းငါးကောင်မှာ ခြံအတွင်း၌ ကျယ်လောင်စွာ ရေကိုတဗွမ်းဗွမ်းလုပ်ပြီး ပျော်ရွှင်မြူးတူးနေပါတော့သည်။

သည်တွင် ကိုထွန်းနိုင်က…

"ဒေါ်ဖွား…ဘာလေးမွေးလဲ"

ဟု လှမ်းမေးလိုက်ရာ…

"ယောက်ျားလေး၊ ဖြူဖြူဖွေးဖွေး ဝဝတုတ်တုတ်ကြီး တော်"

"ဟုတ်လား"

"ဟုတ်ပါ့တော်…ဟုတ်ပါ့"

"ကျွန်တော်တော့ သားလေးမွေးလို့ ဝမ်းသာလိုက်တာ"

"အေး…ကလေးကိုရေချိုးပြီးရင် မင်းဆီကိုယူလာခဲ့မယ်"

"ဒေါ်ဖွား…ကလေးက ဘယ်သူနဲ့တူလဲဟင်"

"ဟယ်…အခုပဲ ကလေးကိုတွေ့ရမယ့်ဥစ္စာ အဖြစ်သည်းမနေနဲ့၊ ဘယ်သူနဲ့တူသလဲဆိုတာ မင်းဟာမင်းကြည့်"

"ဩော်…ဒေါ်ဖွားကလည်း…."

လက်သည်ဒေါ်ဖွားတင်က ကလေးကိုရေချိုးပြီး သန့်ရှင်းရေးလုပ်ကာ အနှီးဖြစ်ထုတ်လိုက်သည်။ ထို့နောက် ကလေးကိုပွေ့ချီလျက် အခန်းအပြင်ဘက်သို့ထွက်လာပြီး …

"ကဲ…မောင်ထွန်းနိုင်၊ ဒီမှာ မင်းရဲ့ကလေး"

"ဟုတ်ကဲ့ ဒေါ်ဖွား"

"အေး…ကလေးရဲ့မျက်နှာကို သေသေချာချာကြည့်ပြီးမှ ဘယ်သူနဲ့တူသလဲပြော"

"ဖြူဖြူတုတ်တုတ် ဝ,ဝပဲ၊ ကျွန်တော်နဲ့တူတာပေါ့"

"အေးပေါ့၊ မင်းနဲ့တူလို့ ကလေးကချောတာပေါ့၊

ကဲ…မင်းကို မြှောက်ပြောရတာနဲ့ ငါ ဝမ်းဆွဲခကို ပိုပေးရမယ် နော်"

"ပေးတယ်ဗျာ…ပေးတယ်၊ ဝမ်းဆွဲခအပြင် ဟင်းစားတွေလည်း အများကြီးပေးဦးမှာ"

"အေး…အေး"

ထိုသို့ ကိုထွန်းနိုင်နှင့် ဒေါ်ဖွားတင်တို့ စ,နောက်နေစဉ်…

"ဝုန်း"

"ဝုန်း"

"ဝုန်း"

ဟူ၍ အိမ်နောက်ဖေးမြစ်စပ်မှ အသံများကို ကြားလိုက်ရသည်။

ကိုထွန်းနိုင်က တဝုန်းဝုန်းအသံကြားသည့်အတွက် ဒေါ်ဖွားတင်အား …

"ဒေါ်ဖွား…ဘာသံတွေလဲ၊ တဝုန်းဝုန်းနဲ့"

ဟူ၍ မေးလိုက်သည်။

သည်တွင် ဒေါ်ဖွားတင်မှ …

"အဲဒါ ဘာသံရမလဲ၊ မိကျောင်းတွေရေကစားနေတဲ့ အသံပေါ့"

"အသံအကျယ်ကြီးပဲနော်၊ သူတို့ တစ်ခါမှ ဒီလို ရေကစားနေတဲ့အသံပေါ့"

"အေး…မင်းကလေးရဲ့ချက်ကြိုးဖြတ်ပြီး ဆေးထားတဲ့ ရေတွေလည်း မြစ်ကမ်းစပ်မှာပစ်လိုက်ရာ အဲဒီမိကျောင်းငါးကောင် က ရေထဲမှာ မြူးထူးပျော်ပါးပြီး တစ်ကောင်နဲ့တစ်ကောင် ကစား နေတာများ ကြည့်လို့တောင်ကောင်းသေးသပေါ့"

"ဒါဆို ကျွန်တော်သွားကြည့်လိုက်ဦးမယ်"

"သွားကြည့်…သွားကြည့်"

"ဟုတ်ကဲ့"

ထိုသို့ပြောဆိုပြီး ကိုထွန်းနိုင်က ခြံခတ်ကာ မိကျောင်း မွေးထားသည့်ရေစပ်အနီးသို့ သွားရောက်ကြည့်လိုက်သောအခါ…

"ဟယ်…မိကျောင်းငါးကောင်စလုံး ပျော်ရွှင်မြူးတူးနေ ပုံရတယ်၊ တစ်ကောင်နောက်တစ်ကောင်လိုက်ပြီး ရေကို အမြီးနဲ့ ရိုက်ပြီး ဆော့ကစားနေတာများ တစ်ခါမှမတွေ့ဖူးဘူး၊ ဒါဟာ အလွန်ထူးခြားတဲ့ဖြစ်ရပ်ပဲ"

"အင်း…အေးတင်မရဲ့အိပ်မက်ပဲ မှန်နေပြီလား၊ သူ့ အိပ်မက်ထဲကအတိုင်း ငါ့သားလေးဟာ ခေါင်းရှည်မိကျောင်းကြီး ဝင်စားတာလားမသိဘူး"

"ဒီမိကျောင်းပေါက်ငါးကောင်ကရော သူ့အဖေမိကျောင်း ကြီး ဝင်စားမှန်းသိလို့ ဒီလောက် မြူးတူးပျော်ပါးနေသလား"

ဟူ၍ အတွေးများဝင်လာခဲ့သည်။

"ဒီမိကျောင်းငါးကောင်က ထူးခြားတာတော့အမှန်ပဲ၊ ဒါပေမဲ့ သူ့အဖေမိကျောင်းကြီး ဝင်စားမှန်း ဘယ်လိုသိမလဲ၊ ငါ့သားလေးမှာ မိကျောင်းကြီးရဲ့အနံ့ပါလာလို့လား"

"ဟုတ်သေးပါဘူး၊ ငါ ဘာတွေ တွေးနေမိပါလိမ့်"

"ဘာပဲဖြစ်ဖြစ် မိကျောင်းတွေမြူးတာ ကောင်းတဲ့ အတိတ်နမိတ်ပဲဖြစ်မယ်"

ကိုထွန်းနိုင်မှာ သူ့အတွေးနဲ့သူ တွေးမိတွေးရာတွေးနေ သည်။ တစ်ခါတစ်ရံမှာ လောကကြီးကဆန်းကျယ်သည်။ လျှို့ဝှက်ချက်အပြည့်ရှိသည်။

မိကျောင်းမိမှန်းလွှန်လွှန်း၍ မိကျောင်းမုဆိုးအဖြစ်ခံယူ ကာ မိကျောင်းတစ်သိုက်ကို လိုက်လံသတ်ဖြတ်ခဲ့သည့် မိကျောင်း မုဆိုး ကိုထွန်းနိုင်က မိကျောင်းငါးကောင်ကို ကောင်းမွန်စွာ ကျွေးမွေးထားသတဲ့။ သည်တော့ မုန်းသည်ကလည်း သူ့ အကြောင်းနှင့်သူ မွေးထားရသည်ကလည်း သူ့ကြမ္မာနှင့်သူ။

မွေးထားရသည်ကလည်း သူ့ကြမ္မာနှင့်သူ။

သည့်မိကျောင်းငါးကောင်နှင့် ယခုမွေးသည့်သားကလေး၏ ကံကြမ္မာမှာ မည်သို့ ဆက်စပ်လေမည်နည်းဟူ၍ ကိုထွန်းနိုင်က တွေးတောရင်း မမြင်နိုင်သည့်အနာဂတ်အတွက် "ဟင်း" ချလိုက်ပါတော့သည်။

၀ ၀ ၀

## အခန်း (၈)

## "ကျောကုန်းပေါ်က မိကျောင်းကွက်"

"ကိုထွန်း…ကလေးကို ဘာနာမည်ပေးမှာလဲဟင်"

"စနေသားဆိုတော့ ငါ့နာမည်လည်းပါအောင် မင်းနာမည်လည်းပါအောင် မိကျောင်းစိန်လို့မှည့်မယ်"

"အမလေးတော် ကျုပ်သားလေးကို မဦးမချွတ် ဘာမှမဆိုင်တဲ့နာမည်ကိုလာပြီး ပြောနေသေးတယ်၊ ကျုပ်ကို လာနောက်မနေနဲ့နော်"

"အေးပါ…ငါက တမင်စတာပါ၊ ဗေဒင်ဆရာကြီး ဦးဒေဝကို သွားမေးပြီးပြီ၊ ထွန်းနိုင်လို့ နာမည်ပေးခိုင်းတယ်"

"ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆိုလည်း ထွန်းစိန်ပေါ့တော်၊ ကောင်းပါတယ်၊ ထွန်းနိုင်သား ထွန်းစိန်တဲ့"

အေးတင်မက သူ့သားကိုနို့တိုက်ရင် ဆေးပေါ့လိပ်ကို ဖွာကာ ရယ်ရယ်မောမော ပြောလိုက်သည်။

"အေးတင်မ"

"ဘာတုန်း"

"ငါ မင်းကို ထူးခြားချက်တစ်ခုပြောရဦးမယ်"

"ပြောလေ"

"ဒီကလေးမွေးမှ ငါလိုက်တဲ့ငါးလှေမှာ ငါးတွေ အများကြီးရတယ်"

"ငါးလှေတွေက ဒီလိုပါပဲတော်၊ ငါးအုပ်နဲ့တိုးရင် ငါးများများရတယ်၊ ဘာကောင်နဲ့မှမတိုးရင် ဘာကောင်မှမရဘူး"

"အေး...မင်းပြောတာမှန်ပါတယ်၊ အခု ကလေးမွေးတာ ငါးလရှိပြီ၊ အခု ငါးလအတော်အတွင်း ငါးတွေ လှိုင်လှိုင်ရတော့ ဟင်းစားလည်း ကောင်းကောင်းစားရတယ်၊ ငါးတွေပြန်ရောင်းတော့လည်း ငွေစလေးတွေ အတော်များများရလို့ စုနိုင်ဆောင်းနိုင်တယ်၊ ငါကတော့ ငါ့သားကလေးက အကျိုးပေးတယ်လို့ ထင်တာပဲကွာ"

"အေးပေါ့တော်၊ ဒီကလေးမွေးမှ ပိုက်ဆံတွေစုဆောင်း မိတာဆိုတော့ အကျိုးပေးကာယ်လို့ ပြောရမှာပဲ"

"ဒါပေါ့ကွာ၊ တို့သားကလေးက ဖြူဖြူဖွေးဖွေးနဲ့ ချစ်စရာလေး သူရောက်လာမှ ငါတို့မိသားစုလည်း ပျော်ပျော် ရွှင်ရွှင်ဖြစ်လာရတယ်"

"ဟုတ်ပါ့တော်…ဟုတ်ပါ့"

အေးတင်မက ယောကျ်ားဖြစ်သူ၏စကားကို ထောက်ခံ ပြောဆိုရင်း သားကလေးကို ရှုမဝဖြစ်ကာ ဖက်ရမ်းနမ်းရှုံ့လိုက် သည်။

ထိုသို့ဖြင့် သားကလေး နှစ်နှစ်အရွယ်သို့ ရောက်လာခဲ့ သည်။

အေးတင်မသည် သားကလေးကိုချီလိုက်ရာ ကလေးငယ် ၏ ကျောကုန်းတွင် ခပ်မာမာကလေးဖြစ်နေသည့်အတွက်…

"ကိုထွန်းရေ သားကလေးရဲ့ကျောကုန်းမှာ ဘာဖြစ်နေ လဲမသိဘူး၊ လာကြည့်ပါဦး"

"မှန်းစမ်း…ငါကြည့်မယ်"

ပြောပြောဆိုဆိုဖြင့် ကလေး၏ကျောကုန်းကိုကြည့်လိုက် ရာ ကျောပြင်တွင် အနီရောင်အဖုကလေးများ ခုနှစ်ခု၊ ရှစ်ခုခန့်

တွေ့လိုက်ရသည်။

"အနာစိမ်းအဖုကလေးတွေပဲ၊ ကလေးကို မသန့်တဲ့နေရာမှာထားလို့ အနာစိမ်းပေါက်နေတာဖြစ်မယ်"

"ကျုပ်က ကလေးကို သန့်အောင်ထားပါတယ်တော်၊ ဘယ်က အနားစိမ်းက လာပြီးပေါက်တယ်မသိဘူး၊ ညနေကျရင် ဗိန္ဓောဆရာကြီး ဦးဘခင်နဲ့သွားပြဦးမှပဲ"

"အေးကွာ…အနာစိမ်းကတော့ စိုးရိမ်စရာမရှိပါဘူး၊ ကလေးတွေမှာ ပေါက်တတ်ပါတယ်"

"ရှင်က စိုးရိမ်စရာမရှိဘူးလို့ပြောပေမယ့် ရွာတောင်ပိုင်းက မမြရင်ရဲ့သားလေး ဖိုးလပြည့်လေ အနာစိမ်းပေါက်တာက အစ ညှော်မိပြီး အနာကမန်းဝင်ပြီး သေပါရော်လား၊ ကျုပ်သားလေးတော့ ဒီလိုမဖြစ်မခံနိုင်ဘူး၊ ဆရာကြီးဆီသွားမှပဲ"

"အေး…အေး…ကြိုတင်ပြီးပြထားတာ မမှားဘူးပေါ့"

ထိုနေ့ညနေ၌ အေးတင်မသည် သားကလေးမောင်ထွန်းစိန်ကိုပိုက်ပြီး ဆေးဆရာကြီး ဦးဘခင်ထံသို့ သွားရောက်ပြသခဲ့သည်။

ထိုအခါ ဆရာကြီးဦးဘခင်မှ …

"ဒီအနာက အနာစိမ်းပါ၊ စားဆေးနဲ့သောက်ဆေးနဲ့

ယူသွား၊ ကိစ္စမရှိပါဘူး၊ သုံးရက်နေရင် ပျောက်သွားလိမ့်မယ်"

"ဟုတ်ကဲ့ဆရာကြီး"

ထိုသို့ဖြင့် အေးတင်မှာ သားလေးထွန်းစိန်အား ဆေးဆရာကြီးပေးသည့်ဆေးဖြင့် တိုက်ကျွေးခြင်း၊ လိမ်းပေးခြင်းတို့ပြုလုပ်ပေးခဲ့သည်။

သုံးရက်ခန့်ကြာသော် ထိုအနာစိမ်းမှာ မပေါက်ဘဲ အသားထူကြီးဖြစ်လာသည်။ ထို့ကြောင့် ဆရာကြီးထံသို့ပြသခဲ့ရာ အေးတင်မက ...

"အနာက မပေါက်ဘဲ မြုံနေသလိုပဲဆရာကြီး"

ဤသို့ ဆရာကြီးကိုပြောလိုက်သည်။

"ကိစ္စမရှိပါဘူး၊ အနာဆိုတာ ရင့်ရင်ပေါက်တယ်၊ နုရင်မပေါက်တော့ဘူး၊ အခုဟာ နုလို့ဖြစ်မယ်၊ နောက်နှစ်ရက်နေရင် လာပြဦး"

"ဟုတ်ကဲ့ ဆရာကြီး"

အေးတင်မှာ ကလေးကိုစောင့်ကြည့်ခဲ့ရာ နှစ်ရက်အကြာတွင် ထိုအသားမှာ အညိုရောင်သို့ပြောင်းလဲ့သွားသည်။ ထို့နောက် အသားပြင်မှာ မိကျောင်းအကွက်ကဲ့သို့ဖြစ်ကာ ဖြန်းကနဲကြည့်လိုက်လျှင် မိကျောင်းသားရေကွက်ပမာ ဖြစ်နေပါသည်။

"ဆရာကြီး…ကြည့်ပါဦး၊ အကွက်တွေထနေတယ်"

"ဟုတ်ပါ့ကွာ၊ မိကျောင်းသားရေကွက်နဲ့တူတယ်၊ ဘာပဲဖြစ်ဖြစ် ဆေးကို ဆက်ပြီးလိမ်းပါ၊ ကောင်းသွားပါလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာကြီး"

အေးတင်မမှာ ထိုအကွက်ကြီးဖြစ်လာသည့်အတွက် စိတမကောင်းဖြစ်ကာ ဆရာကြီးပေးသည့်ဆေးကို လိမ်းပေးခဲ့သည်။ ဆေးလိမ်းသော်လည်း ထိုမိကျောင်းကွက်ကလေးကားလေးလက်မအရွယ်ခန့်ရှိနေပြီး အမာရွတ်သဖွယ် ရှိနေဆဲပင်။

"ကိုထွန်းရယ် ကြည့်ပါဦး၊ ကလေးရဲ့ကျောကုန်းက အကွက်က မိကျောင်းတစ်ကောင်ရဲ့အကွက်အတိုင်းပဲ"

အေးတင်မက သားကလေး၏ကျောကုန်းမှအကွက်ကို ပြရင်း ပြောလိုက်ရာ ကိုထွန်းနိုင်က သေသေချာချာကိုင်ကြည့်ရင်း …

"ဟုတ်တယ် မိန်းမရေ"

"ဟုတ်ပါပြီ၊ သားကလေးတော့ အိပ်မက်ထဲကအတိုင်း ခေါင်းရှည်ဝင်စားတာ သေချာပြီနဲ့တူတယ်၊ ဒီအကွက်ဟာ အိပ်မက်အတွက် သက်သေပဲလားမသိဘူး"

"အရေးထဲ မင်းကတစ်မျှောင့်၊ ယောကျ်ားလေးပဲကွာ၊ ကျောပြင်မှာ အမှတ်အသားတစ်ခုပါတယ်လို့သာ မှတ်လိုက်ပေတော့၊ ကဲ...ကဲ...မင်းသားကို ရေချိုးပေးလိုက်ဦး"

"အင်းပါတော်"

ပြောပြောဆိုဆို အေးတင်မက ကလေး၏အင်္ကျီကို ချွတ်ပေးပြီး အိမ်နောက်ဖေးရှိ မြစ်ပြင်သို့ထိုးထားသည့် တံတားပေါ်မှ ကလေးအား ရေချိုးပေးလိုက်သည်။

ထိုစဉ် ခြံထဲရှိမိကျောင်းများမှာ မောင်ထွန်းစိန်ကလေးရှိရာဘက်သို့ဦးတည်ရင်း ရေကို အမြီးနှင့် တဝုန်းဝုန်းရိုက်ခတ်နေခဲ့သည်။

"အင်း...မိကျောင်းတွေရဲ့အမူအရာဟာ ထူးခြားတယ်၊ ငါ့သားလေး ရေထဲဆင်းလို့ သူတို့က ပျော်မြူးနေသလိုပဲ"

ထိုသို့ အေးတင်မ တွေးမိသည်။

နောက်ရက်များတွင်လည်း မောင်ထွန်းစိန်ကလေးအား ရေချိုးပေးရာ မိကျောင်းများ၏မြူးတူးပျော်ပါးသံ တဝုန်းဝုန်းကို ကြားရပြန်သည်။ အေးတင်မက ထိုမိကျောင်းပေါက်ကလေးများကို ငတိုး၊ ငမိုး၊ ငစိုး၊ ငမျိုးနှင့် ငကိုးဟူ၍ အမည်ပေးထားခဲ့သည်။

"ဟဲ့ ငတိုး၊ ငမိုး၊ ငစိုးတို့အုပ်စု ဘယ်လိုဖြစ်နေတုန်း"

"ဝုန်း…ဝုန်း…ဝုန်း"

ထို့နောက် မောင်ထွန်းစိန်ကလေးသည် သူ့မိခင် အေးတင်မ အစာကျွေးချိန်တွင် သူကပါ ငါးပေါက်ကလေးများကို ပစ်ကျွေးခဲ့ရာ ပါးစပ်ကြီးတဖြဲဖြဲနှင့် စားနေပါတော့သည်။

မိကျောင်းများမှာ အေးတင်မ အစာကျွေးစဉ်၌ ငြိမ်ငြိမ် သက်သက်စားသော်လည်း မောင်ထွန်းစိန် အစာကျွေးသည့်အခါ တစ်ကောင်နှင့်တစ်ကောင် တဝုန်းဝုန်းနှင့် ပျော်ရွှင်မြူးတူးစွာ စားလေ့ရှိသည်။ တစ်နေ့သော် …

မောင်ထွန်းစိန်ကလေးသည် မိခင်အေးတင်မနှင့်အတူ တံတားပေါ်မှ ခြံအတွင်းရှိမိကျောင်းများကို ငါးပေါက်ကလေးများ ပစ်ကာ အစာကျွေးနေစဉ် ခြေချော်ကာ မိကျောင်းများထားရှိ ရာ ခြံအတွင်းသို့ ဂျွမ်းဆိုက်ကျသွားပါတော့သည်။

"ဗွမ်း"

"အမလေး…လုပ်ကြပါဦး၊ သားလေး ရေထဲကျသွား ပြီ"

အေးတင်မမှာ ဤသို့အော်ဟစ်လိုက်စဉ် မိကျောင်းတစ် ကောင်က မောင်ထွန်းစိန်ရှိရာသို့သွားကာ သူ၏ကျောကုန်းပေါ်သို့

တင်ကာ ဆယ်ပေးလိုက်သည်။ ကျန်မိကျောင်းများက မောင်ထွန်း စိန်ကလေးကို ဝန်းရံကာ တံတားအနီးသို့ ပို့ပေးခဲ့သည်။ သည် တော့မှ အေးတင်မက သားကလေးကိုပွေ့ချီလိုက်သည်။

"အမလေး…ကံကြီးပေလို့၊ မိကျောင်းငမိုးက ကယ် တင်ပေးလိုက်တယ်၊ ကျေးဇူးပါပဲ ငမိုးရယ်"

ဤအဖြစ်အပျက်ကြောင့် အေးတင်မမှာ အံ့သြ၍နန်း ဖြစ်ခဲ့ရသည်။ နောက်နေ့များတွင် မောင်ထွန်းစိန်ကလေးမှာ ငမိုးတို့ကို ခြံအတွင်းဝင်ကာ အစာကျွေးပြီး ၄င်းတို့နှင့်အတူ ခြံ အတွင်း၌ ကစားနေသည်ကို တွေ့လိုက်ရသည်။ မိကျောင်းငမိုး တို့အုပ်စုနှင့် မောင်ထွန်းစိန်ကလေးမှာ မည်သို့သောကံကြမ္မာ ပါလာသည်မသိ။ မိကျောင်းများနှင့် လွန်စွာချစ်ခင်ရင်းနှီးကာ အတူတူဆော့ကစားနေပါတော့သည်။ ထိုသို့ဖြင့် နှစ်နှစ်သား အရွယ်မှစ၍ ကျွေးမွေးဆော့ကစားခဲ့ရာ မောင်ထွန်းစိန်ကလေး ငါးနှစ်သားအရွယ်သို့ ရောက်လာခဲ့ပါသည်။

ထို့နောက် မောင်ထွန်းစိန်ကလေးက ငါးပေါက်ကလေး ပစ်ကျွေးရာ ငမိုးတို့မိကျောင်းအုပ်စုမှာ တဝုန်းဝုန်းဖြစ်နေသည့် အတွက် ဤထူးခြားမှုကို အေးတင်မက ကိုထွန်းနိုင်ကို ပြောပြ ခဲ့သည်။

"ကိုထွန်းရယ်...သားလေး အစာကျွေးတိုင်း ငမိုးတို့ မိကျောင်းအုပ်စုတွေက ရေထဲမှာ တဝုန်းဝုန်းနဲ့ ပျော်နေတာ ထူးဆန်းလိုက်တာတော်"

"ဩော်...ငါတို့သားလေးက မိကျောင်းဝင်စားတာလို့ အိပ်မက်မက်ထားတယ်မဟုတ်လား၊ ဆွေမျိုးစပ်ရင်း သူ့အဖေ ဝင်စားတာဆိုတော့ ထူးခြားတဲ့အကျိုးအကြောင်းဆက်တွေ ရှိရင်ရှိမှာပေါ့၊ လောကကြီးမှာ ကိုယ်မသိတာ အများကြီးပဲ"

"ဟုတ်ပါ့တော်၊ ပြောမယုံကြုံမှသိဆိုသလိုပဲ"

"အိမ်း...မိကျောင်းငါးကောင်လည်း ခြောက်နှစ်သား အရွယ်ရောက်လာပြီဆိုတော့ ငါလည်း ဆက်မမွေးချင်တော့ဘူး၊ တိရစ္ဆာန်ရုံပို့ဖို့ကလည်း အဝေးကြီးပဲ၊ ပင်လယ်နဲ့ကမှနီးသေး တယ်၊ ဒီတစ်ခါ ပင်လယ်ကိုငါးဖမ်းထွက်ရင် ပင်လယ်ထဲကိုသွားပစ် လိုက်တော့မယ်"

"ကောင်းပါတော်၊ ရောင်းစားပြန်ရင်လည်း သူတို့ အရေခွံကို လိုချင်တဲ့သူတွေက သူတို့ကိုသတ်မှာ၊ ဒီတော့ ပင်လယ်ထဲသာပစ်လိုက်ပါတော်၊ ဒါဟာ အကောင်းဆုံးပဲ"

"အေး...အေး"

ထိုသို့ဖြင့် လင်မယားနှစ်ယောက် တိုင်ပင်ကာ ပင်လယ်

ထဲသို့ လှေထွက်မည့်နေ့တွင် မိကျောင်းငါးကောင်ကိုဖမ်းပြီး ကြိုးဖြင့်တုတ်ကာ လှေအတွင်း၌ ယူဆောင်လာခဲ့သည်။

အေးတင်မမှာမူကား ငယ်ငယ်ကတည်းက မွေးထားသည့်မိကျောင်းကလေးများဖြစ်၍ သံယောဇဉ်ကြီးလှသည်။

"ကဲ…ငမိုး၊ ငတိုး၊ ငစိုးတို့ရေ လွတ်ရာကျွတ်ရာကို သွားကြပေတော့၊ သားတို့ကိုရန်ရှာမယ့်မုဆိုးများရဲ့ ရန်က ကင်းဝေးပါစေ"

အေးတင်မက မျက်ရည်စက်လက်နှင့် ဆုတောင်းပေးလိုက်သည်။ ကိုထွန်းနိုင်ကဲ့သို့ ယောကျ်ားရင့်မာကြီးပင် မိကျောင်းများအပေါ် သံယောဇဉ်ရစ်နှောင်မိသဖြင့် ပင်လယ်အတွင်းသို့စွန့်ပစ်ရန် ဝန်လေးနေမိသည်။

သို့သော် မိကျောင်းဆိုသည်မှာ လူသားများနှင့် အတူနေ၍ရသည့် အိမ်မွေးတိရစ္ဆာန်မဟုတ်သည့်အတွက် တစ်ချိန်ချိန်တွင် ခွဲခွာရမည်ဆိုသည်ကို သိထားပြီးသားဖြစ်သည်။

ထိုသို့ဖြင့် ပင်လယ်သို့ရောက်သောအခါ မိကျောင်းငါးကောင်ကို ကြိုးဖြည်ပေးပြီး တစ်ကောင်ပြီးတစ်ကောင် ရေထဲလွှတ်ပေးလိုက်သည်။

မိကျောင်းများကား လှေနားမှ အဝေးသို့မသွားဘဲ

လှေကိုပတ်လျက် ကူးခတ်နေသည်ကိုတွေ့လိုက်ရသဖြင့် ထွန်းနိုင်က …

"ကဲ…ကဲ…သားငမိုတို့အားလုံး ရေပြင်ကျယ်ကြီးမှာ လွတ်လွတ်လပ်လပ်အစာရှာပြီး နေရစ်ခဲ့ပါတော့၊ အဖေ သွားတော့မယ်"

ထိုသို့ပြောလိုက်ရာ မိကျောင်းများမှာ သိသွားသည့်အလား လှေဆီသို့ဆက်မလိုက်တော့ဘဲ ထိုနေရာ၌ ကျန်ရစ်ခဲ့သည်။

ကိုထွန်းနိုင်မှာ မိကျောင်းများကိုထားရသည့်အတွက် စိတ်မကောင်းချေ။

သို့သော်လည်း ဝမ်းစာအရ ငါးလှေနှင့်လိုက်ရသဖြင့် မိကျောင်းများကိုထားရစ်ကာ လှေထွက်ခဲ့ရပါတော့သည်။

ကိုထွန်းနိုင်မှာ အိမ်ပြန်ရောက်သည့်တိုင် စိတ်မကောင်း ဖြစ်နေပါတော့သည်။ အေးတင်မက သားကလေးကို ရေချိုးတိုင်း မိကျောင်းများကို သတိတရဖြစ်နေခဲ့သည်။

"ကိုထွန်းရယ် ကျုပ်သားငမိုးတို့အုပ်စုကို လွမ်းလိုက်တာနော်"

ထိုသို့ဖြင့် သားကလေးမောင်ထွန်းနိုင်မှာ ခုနစ်နှစ်

အရွယ်သို့ရောက်လာခဲ့သည်။ မောင်ထွန်းစိန်ကလေးမှာ မြစ်ထဲသို့ ရေချိုးဆင်းလိုက်သည်နှင့်တပြိုင်နက် သည်မှဟိုဟို ကူးခပ်ပါတော့သည်။ သူသည် အရွယ်နှင့်မလိုက်အောင် ရေကူးကျွမ်းကျင်လှသည်။ ဒိုင်ဗင်လည်းထိုးတတ်သည်။ ဖားကူး၊ လိပ်ပြာကူးမှအစ ကိုယ်ဖော့ကူးနည်းကိုပါ ကောင်းစွာကူးနိုင်သည်။

ရေကူးသင်ပေးသူက ကိုထွန်းနိုင်ဖြစ်ပြီး ကိုထွန်းနိုင်က ရေကူးခြင်းနှင့်ပတ်သက်၍ သူ အမြဲပြောခဲ့သည်။

"ရေမှုဆိုးတစ်ယောက်ရဲ့သားဟာ ရေကို ကောင်းကောင်းကူးတတ်မှဖြစ်မယ်၊ ဒါ့ကြောင့် အရွယ်နှင့်မလိုက်အောင် ရေကူးသင်ထားရမယ်"

မောင်ထွန်းစိန်ကလေးကလည်း ရေထဲဆင်းသည်ဆိုလျှင် တော်တော်နှင့် ကုန်းပေါ်သို့ပြန်မတက်ပေ။ တစ်ခါတစ်ရံ တစ်နေကုန်တစ်နေခမ်း ရေထဲမှာ ကူးခတ်နေလေ့ရှိသည်။

ကိုထွန်းနိုင်က သားကလေးကိုကြည့်ရင်း ...

"အေးတင်မက နင့်သားကတော့ ဟိုဘဝကအကြောင်းတွေ ဒီဘဝအထိ ပါလာသလားမသိဘူး၊ အခုကတည်းက သတ္တိပြနေပြီ"

ထိုသို့ပြောတတ်သည်။

''ရှင်ကလည်းတော် တံငါရဲ့သား ရေထဲနေတာ အဆန်းလားလို့၊ နောင်လည်း တံငါပဲဖြစ်မှာ အခုကတည်းက ရေမှာ ကျွမ်းကျင်ထားတော့ ကောင်းတာပေါ့''

မောင်ထွန်းစိန်ကလေးမှာ မိဘများကလည်း စိတ်ချထားသည့်အတွက် ရေလွှာသင်ဖြူးတွင် ငါးဖျံကလေးများမြူးသကဲ့သို့ တစ်နေ့တစ်နေ့ မြစ်ကြီး၌ ကူးခတ်ရင်း ဆော့ကစားနေခဲ့သည်။

ထိုသို့ဖြင့် တစ်နေ့တွင် အဖော်မပါ မိဘမရှိခိုက်တွင် မောင်ထွန်းစိန်တစ်ယောက်မှာ မြစ်အတွင်း၌ ပျော်ရွှင်မြူးတူးစွာ ကူးခတ်နေစဉ်…

မည်းမည်းသဏ္ဌာန်သစ်တုံးကြီးများမျောလာပြီး သူ၏ အနီးသို့ရောက်ရှိလာခဲ့သည်။ မောင်ထွန်းစိန်ကလေးမှာ သစ်တုံးများမျောလာသည်ကို တွေ့ရသည့်အတွက် ပျော်ရွှင်မြူးတူးစွာဖြင့် ထိုအနီးသို့ ကူးခတ်သွားခဲ့သည်။

''ဟာ…သစ်တုံးတွေအများကြီးပဲ၊ သစ်တုံးကြီးတွေ ကိုစီးမယ်''

ထိုသို့ပြောဆိုပြီး သစ်တုံးကြီးတစ်တုံးကို လှမ်းဖက်လိုက်ရာ သစတုံးမဟုတ်ဘဲ မိကျောင်းကြီးဖြစ်နေပါတော့သည်။

ကလေးအရွယ်သာသာရှိသေးသည့် မောင်ထွန်းစိန်ကလေးမှာ ကြောက်လန့်ရမှန်းမသိပေ။ ၎င်း၏ပတ်ပတ်လည်တွင် မိကျောင်းများထပ်မံပေါ်လာသဖြင့် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားခဲ့သည်။

သည့်အပြင် ထိုမိကျောင်းများမှာ ၎င်းတို့ခြံမှ မွေးမြူထားသည့်မိကျောင်းများဟူ၍ ချက်ချင်းသိလိုက်သည်။ ထို့ကြောင့် ဝမ်းသာအားရသဖြင့် …

"ငမိုး…ငတိုးတို့ရေ စိန်…တစ်လိမ်တိမ်"

မိကျောင်းတစ်သိုက်နှင့် ကစားနေပါတော့သည်။

ထိုသို့ရေကစားနေသည်မှာ မည်မျှကြာသွားသည်မသိ။ ရွာသားတစ်ယောက် တွေ့မြင်သွားပြီး…

"အမလေး…မိကျောင်းတွေကြားမှာ မောင်ထွန်းစိန်ကလေး"

ဟူ၍ အံ့သြကြောက်လန့်စွာအော်လိုက်ရာ ရွာသူရွာသား အများအပြားလာရောက်ကြည့်ရင်း ရင်သက်ရှုမော အံ့သြစွာဖြင့် …

"ဟာ…အေးတင်မတို့မွေးထားတဲ့ မိကျောင်းတွေပြန်လာပြီ၊ ထွန်းစိန်ကလေးနဲ့ ဆော့ကစားနေကြပါလား၊ မဖြစ်ဘူး၊

အေးတင်မကို သွားခေါ်မှပဲ''

ဤမြင်ကွင်းကို မြင်လိုက်ရသော ရွာသူရွာသားအချို့က အေးတင်မကို အပြေးအလွှားလာခေါ်ကြသည်။

''အေးတင်မ…အေးတင်မ…နင့်သားလေးနဲ့ ငမိုးမိကျောင်းအုပ်စု ရေစပ်မှာ ကစားနေကြတယ်''

''ဟင်…ငမိုးတို့ပြန်လာပြီဟုတ်လား၊ သားလေးနဲ့ ကစားနေကြတာမှဟုတ်ရဲ့လား၊ ငါ့နှယ် စိတ်ပူလိုက်တာနော်''

ထိုသို့တွေးကာ မိကျောင်းငမိုးတို့အုပ်စုကို တွေ့ချင်တာကတစ်ကြောင်း၊ သားလေးကိုစိတ်ပူတာကတစ်ကြောင်း အေးတင်မမှာ ရွှယ်လယ်မှ ကဆုန်ပေါက်ကာ အပြေးလာခဲ့သည်။

''အမလေး…ငမိုးတို့တစ်သိုက်နဲ့ ငါ့သားလေး ဖြစ်မှဖြစ်ပါ့မလား''

အေးတင်မမှာ နီတွဲတို့ကိုချက်ချင်းသတိရကာ စိတ်ပူသွားပြီး မြစ်ကမ်းစပ်သို့အပြေးလာခဲ့ရာ မိကျောင်းတစ်သိုက်နှင့် မောင်ထွန်းစိန်တို့ မြူးတူးပျော်ပါးကစားနေသည်ကို တွေ့လိုက်ရသည်။

''အမလေး…အံ့သြစရာပါလား၊ ငါ့သားလေးနဲ့ ငမိုးတို့တစ်သိုက် မြူးတူးနေလိုက်ကြတာများ ပြောလို့တောင်ယုံပါ့

မလား''

''ဪ…ငယ်ငယ်လေးကတည်းက အစာကျွေးလာတာမို့ သားလေးကို မှတ်မိနေတယ်နဲ့တူတယ်''

''ဒါပေမဲ့ မိကျောင်းဆိုတာ ယုံရတာမဟုတ်ဘူး၊ ငါ့သားလေးကို ငါကိုယ်တိုင်သွားခေါ်မှပဲ''

အေးတင်မမှာ ထိုသို့စိတ်ကူးကာ ရေထဲသို့ဆင်းသွားပြီး…

''သား…ငမိုးတို့၊ ငစိုးတို့၊ ငတိုးတို့ရေ အမေလာပြီ ဒီ…ဒီ…ဒီ''

ဟူ၍ အစာကျွေးစဉ် ခေါ်လိုက်သည့်လေသံမျိုးနှင့် ဒီ… ဒီ…ဒီဟုခေါ်လိုက်ရာ မိကျောင်းအားလုံး အေးတင်မဆီသို့ ကူးခတ်လာကြသည်။

သည်တွင် အေးတင်မက ကုန်းပေါ်တွင်ရပ်ကြည့်နေသော ရွာသူရွာသားများဘက်သို့လှည့်ကာ …

''ကိုဟာန်ညွန့်တို့ မသန်းရင်တို့ ရပ်ကြည့်မနေနဲ့၊ ငါးပေါက်တွေပစ်ချပေးပါ''

ဟူ၍ လှမ်းတောင်းရင်း မောင်ထွန်းစိန်ကလေးကို ကုန်းပေါ်သို့တွန်းတင်လိုက်သည်။

"သားလေး…ငါးပေါက်တွေသွားယူချည်"

"ဟုတ်ကဲ့…အမေ"

ကိုဟာန်ညွှန့်တို့ မသန်းရင်တို့က ငါးပေါက်များယူလာပြီး မောင်ထွန်းစိန်ကလေးကို ပေးလိုက်သဖြင့် ငါးပေါက်ကလေးတွေ အများကြီးယူလာခဲ့သည်။

"အမေ…ငမိုးတို့အုပ်စုကို သား အစာကျွေးမယ်"

"အေး…အေး"

မောင်ထွန်းစိန်ကလေးက ငါးပေါက်များကိုပစ်ကျွေးရာ ငမိုးတို့မိကျောင်းတစ်သိုက်မှာ ပါးစပ်ကြီးများကိုဟကာ ပစ်လိုက်သည့်ငါးများကို မလွတ်အောင်ကိုက်ဖမ်းပုံမှာ လွန်စွာပင်ကြည့်ကောင်းလှပေသည်။

"ဟာ…မိကျောင်းတွေက ငါးလေးတွေကိုစားတဲ့ပုံက သိပ်ပြီးကြည့်လို့ကောင်းတာပဲ၊ တို့ပါ မိကျောင်းတွေကို အစာကျွေးမှပဲ"

အေးတင်မတို့မွေးထားသည့် မိကျောင်းငမိုးတို့အုပ်စုမှာ လူနှင့်ယဉ်ပါးနေသော မိကျောင်းအယဉ်မှန်းသိကာ ၄င်းတို့ကပါ ငါးပေါက်များကို ပစ်ကျွေးခဲ့သည်။

ဤသို့ မိကျောင်းနှင့်လူသားတို့၏ သဟဇာတဖြစ်မှုမှာ

သည့်နယ်တွင် မကြုံစဖူး ထူးကဲသည့်ဖြစ်ရပ်ဖြစ်ပြီး တစ်ရွာလုံး အုံးအုံးကျွတ်ကျွတ် ပျော်ရွှင်စွာဆင်နွှဲခဲ့သည့် မိကျောင်းအစာကျွေးပွဲကြီးပင် ဖြစ်ပါတော့သည်။

ထိုအချိန်မှစ၍ ဤရွာကြီးတွင် မိကျောင်းတစ်ကောင်တစ်လေမှ အန္တရာယ်မပေးတော့ပေ။ မကြာခဏဆိုသလို မိကျောင်းငမိုးတို့အုပ်စု ရောက်လာပြီး မောင်ထွန်းစိန်ကလေးနှင့် ပျော်ရွှင်မြူးတူးစွာ ရေကစားခဲ့ကြသည်။ မိကျောင်းအယဉ်များလာပါများသောအခါ ဤသို့ ရေကစားခြင်းမှာ အထူးအဆန်းမဟုတ်တော့ပေ။

မောင်ထွန်းစိန်ကလေးမှာလည်း တဖြည်းဖြည်းကြီးပြင်းလာခဲ့ပြီး ယခုဆိုလျှင် တက္ကသိုလ်ဝင်တန်းအောင်ခဲ့ပြီ။

မိဘနှစ်ပါးဖြစ်သည့် ကိုထွန်းနိုင်နှင့် အေးတင်မတို့က မောင်ထွန်းစိန်က ...

"သားလည်း ဆယ်တန်းအောင်ပြီ၊ သား ဘာဝါသနာပါသလဲ"

ဟူ၍ မေးလိုက်ရာ မောင်ထွန်းစိန်က ...

"သားက ကတာခုန်တာဝါသနာပါတယ်၊ ဆိုင်းသံဗုံသံကြားတာနဲ့ **ကချင်ခုန်ချင်နေတာ** အမေတို့အသိပဲ"

"အေး…ဒါဆို သားက ဇော်တိမင်းသားလုပ်ချင်တာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ အမေ"

"ဒါဆိုရင် ပန်တျာကျောင်းကိုပို့မှပဲ"

"ဟုတ်ကဲ့ အဖေ၊ ပန်တျာကျောင်းပဲပို့ပေးပါ"

ထိုသို့ဖြင့် မောင်ထွန်းစိန်ကို ပန်တျာကျောင်းသို့ပို့ကာ အကပညာများကို သင်ကြားစေခဲ့သည်။ ၎င်းကလည်း သူဝါသနာပါသည့် အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်၍ ကြိုးစားကာ သင်ယူခဲ့ရာ သူ့အတန်းတွင် သူ ပထမရရှိခဲ့သည်။ သူသည် အကကို ပိုင်နိုင်စွာကနိုင်သလို သီချင်းဆိုရာတွင်လည်း အသံကောင်းလှပြီး အဆွဲအငင် အရှိက်များတွင် သူမတူအောင် ဆိုနိုင်စွမ်းရှိသည်။

ပန်တျာကျောင်းတွင် ထူးချွန်သောကျောင်းသားတစ်ယောက်ဖြစ်ခဲ့သည်။ အတန်းတိုင်းတွင် ထူးချွန်စွာအောင်မြင်ပြီး နောက်ဆုံးနှစ်ကို အောင်မြင်ခဲ့သည်။

ပန်တျာကျောင်းဆင်းပွဲအပြီးတွင် ဆရာကြီးက မောင်ထွန်းစိန်၏မိဘနှင့် တွေ့ဆုံသောအခါ …

"ဒီကလေးက အကလည်းကောင်း၊ အသံလည်းရတယ်၊

ရုပ်ရည်ကလည်းချောတော့ ဇာတ်မင်းသားကောင်းတစ်ယောက်ဖြစ်ဖို့ သေချာတယ်''

''ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်တို့လည်း သားလေးကို ဇာတ်မင်းသားကောင်းတစ်ယောက်ဖြစ်အောင် ပြုစုပျိုးထောင်ပေးပါမယ်''

''အိမ်း…ကောင်းတာပေါ့''

''ဆရာကြီး ပြန်ခွင့်ပြုဦး''

''အိမ်း''

ပန်တျာကျောင်းမှဆင်းပြီးနောက် သားကလေးမောင်ထွန်းစိန်ကို ရန်ကုန် (၁၀)လမ်းရှိ ''မြ'' ဇာတ်အဖွဲ့ဟူ၍ ဇာတ်ထောင်စားသည့် ဦးမြမောင်ထံသို့ သွားရောက်ပို့ဆောင်ပေးခဲ့သည်။

မောင်ထွန်းစိန်မှာ အဆို၊ အငို၊ အပြော အက ပညာမှာ ပြည့်ဝသည့်အတွက် ဇာတ်ဆရာ ဦးမြမောင်က လက်ထောက်မင်းသားအဖြစ် ချက်ချင်းခန့်ခဲ့သည်။

''ကဲ…ဇာတ်မင်းသားလုပ်ပြီဆိုတော့ မင်းသားနာမည်ရွေးဦးမှ၊ နာမည်က အရေးကြီးတယ်၊ နာမည်ကြားတာနဲ့ လူကြိုက်တဲ့နာမည်မျိုး ဖြစ်ရမယ်''

''ဟုတ်ကဲ့၊ ဒါဆိုရင် ဇာတ်ဆရာကြီးပဲ မင်းသားနာမည်

ရွေးပေးပါ''

''ပန်တျာဘုန်းပွင့်ထွန်းဆိုရင် မကောင်းဘူးလား''

''ကောင်းပါတယ်၊ ဘုန်းပွင့်ထွန်းဆိုတော့ ပေါက်မြောက်မယ့်အဓိပ္ပါယ်ပဲ''

ကိုထွန်းနိုင်နှင့်အေးတင်မတို့နှစ်ဦးသားမှာ သားကလေးကို ဇာတ်ဆရာထံ၌ အပ်နှံခဲ့ပြီး ပြန်လာခဲ့သည်။

''ကိုထွန်းရေ…သားကလေးနာမည်က ဘုန်းပွင့်ထွန်းဆိုတော့ ထွန်းတောက်ကျော်ကြားမယ့်နာမည်ပဲ''

''ဟုတ်တာပေါ့ အေးတင်မရယ်၊ ငါ့သားက မင်းသားအဝတ်အစားနဲ့ သိပ်လိုက်တာပဲ''

''ဩော်…ကျုပ်မွေးထားတာပဲတော် ဒီလောက်တော့ ချောမှာပေါ့''

''မင်းကလည်း လင်မယားအချင်းချင်း ကပ်ပြီးကြွားနေပြန်ပြီ''

ကိုထွန်းနိုင်တို့လင်မယားမှာ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ရွာသို့ ပြန်လာခဲ့ကြသည်။

မောင်ထွန်းချိန်တစ်ဖြစ်လဲ ပန်တျာဘုန်းပွင့်ထွန်းမှာ မြဇာတ်သဘင်အဖွဲ့ဖြင့် မြန်မာပြည်အနှံ့အပြားသို့ ကပြဖျော်ဖြေ

လျှက်ရှိသည်။ ပန်တျာဘုန်းပွင့်ထွန်းမှာ လက်ထောက်မင်းသား ဖြစ်သဖြင့် ၎င်း၏အမည်မှာ များစွာ ထင်ပေါ်ခြင်းမရှိသေးပေ။

တစ်နေ့သော် ကိုထွန်းနိုင်တို့ရွာရှိ ဘုရားပွဲတွင် ဇာတ်အငြိမ့်တစ်ခုခု ကပြရန် အကြောင်းပေါ်ပေါက်လာခဲ့သည်။

ကိုထွန်းနိုင်မှ ဆံပင်များဖြူကာ ဦးထွန်းနိုင်အဖြစ်သို့ ရောက်ရှိခဲ့သည်။ ရပ်ရွာအကျိုးဆောင်သူများဖြစ်၍ သူကြီးကအစ ဦးထွန်းနိုင်ကို ခေါ်ယူတိုင်ပင် ဆွေးနွေးခဲ့သည်။

"ကျုပ်တို့ရွာမှာ ရွာဦးဘုရားပွဲအတွက် ဗုဒ္ဓပူဇနိယပွဲ လုပ်မယ်၊ ဇာတ်ငှားရင်ကောင်းမလား၊ အငြိမ့်ငှားရင်ကောင်း မလား၊ ဒါပေမဲ့ ကျုပ်သားပါတဲ့ဇာတ်အဖွဲ့ကိုငှားရင်တော့ သားအတွက်ညကြေးမယူဘူး၊ ဒါကြောင့် ဈေးသက်သက်သာ သာနဲ့ ငှားလို့ရမယ်"

"အေးဗျာ၊ ဇာတ်အဖွဲ့ကိုငှားကြတာပေါ့၊ ဒါမှ အော် ပရာတို့ ရှေ့ပိုင်းဇာတ်နောက်ပိုင်းဇာတ်တို့ အားလုံး တဝကြီး ကြည့်ရမှာ"

"ကောင်းပြီ၊ ဒါဆို မောင်ထွန်းစိန်တို့ဇာတ်အဖွဲ့ကို ငှားမယ်၊ ဦးထွန်းနိုင် ရန်ကုန်သွားပြီး ဇာတ်ငှားဗျာ"

"ကောင်းပါပြီ"

ထိုသို့ဖြင့် ဦးထွန်းနိုင်ခေါင်းဆောင်သော ရွာသားတစ်စု မှာ ဇာတ်ငှားရန် ရန်ကုန်သို့ထွက်လာခဲ့ကြသည်။

ဇာတ်ဆရာကလည်း သူ့ဇာတ်အဖွဲ့ကိုလာငှားသဖြင့် ပျော်ရွှင်စွာလက်ခံခဲ့သည်။

"ခင်ဗျားတို့ဘုရားပွဲမှာ လာပြီးကပြရမယ်ဆိုတော့ ကျုပ်လည်း ပျော်တာပေါ့ဗျာ၊ ဇာတ်မင်းသားပန်တျာစိန်အောင် ကြည့်ရယ်၊ မင်းသမီး စိန်ဒေါင်းမလေးရတနာလည်း ပါမယ်"

"ဟုတ်ကဲ့ပါ၊ အခုလို နာမည်ကြီးတွေပါမယ်ဆိုတော့ ကျွန်တော်တို့လည်း ဝမ်းသာအားရနဲ့ ကြိုနေပါ့မယ်"

ထိုသို့ဖြင့် ကိုထွန်းနိုင်တို့အုပ်စုမှာ ပွဲငှားခြင်းအစီအစဉ် ပြီးစီးသွားခဲ့သည်။

○ ○ ○

ဘုရားပွဲပြုလုပ်မည့်လပြည့်ညမတိုင်မီ၊ မောင်ထွန်းစိန် တို့ဇာတ်အဖွဲ့ ရောက်ရှိလာခဲ့သည်။ မောင်ထွန်းစိန်နှင့် မတွေ့ တာကြာပြီဖြစ်သည့် ရွာသူရွာသားများက မောင်ထွန်းစိန်ကို ဖက်လှဲတကင်းနှုတ်ဆက်ကြသည်။

အိုယွန်းယဉ်စာပေ

"မောင်ထွန်းစိန်က မင်းသားဖြစ်မှ ပိုပြီးချောလာတယ်"

"မနက်ဖြန်ညမှာ ကောင်းကောင်းကပြရမယ်နော်"

"ကပါမယ်ဗျာ၊ ဦးလေးတို့ ဦးကြီးတို့အကြိုက် ခုန်ပျံပြီးကပြမယ်"

"အေးပေါ့ကွာ၊ တို့ကလည်း မင်းကို အားပေးမှာပေါ့"

ထိုသို့နှုတ်ဆက်ပြီးနောက် ညနေခင်းအချိန်သို့ ရောက်ရှိလာသဖြင့် ကမ်းစပ်သို့ဆင်းကာ ရေချိုးခဲ့သည်။

မောင်ထွန်းစိန်ကလေးမှာ မြစ်လယ်သို့ကူးသွားပြီး…

"ငမိုးတို့အုပ်စုကို သတိရလိုက်ကာ ဒီ…ဒီ…ဒီ"

"ဒီ…ဒီ…ဒီ"

ဟူ၍ ခေါ်နေကြအသံဖြင့်ခေါ်ရင်း ရေကူးနေခဲ့သည်။ အတန်ကြာသောအခါ ပင်လယ်ဘက်မှ ဒီရေများနှင့်အတူ သစ်တုံးကြီးများ မျောလာသည်ကိုတွေ့လိုက်ရသည်။ အနီးသို့ အရောက်တွင် …

"ဟာ…ငမိုးတို့အုပ်စုပါလား၊ ငမိုး…ငတိုး…ငစိုး"

မောင်ထွန်းစိန်က အားရဝမ်းသာခေါ်လိုက်သည်။

သည်တွင် မိကျောင်းများမှာ အမြီးဖြင့် ရေကို တဝုန်းဝုန်းရိုက်ခတ်ပြီး မောင်ထွန်းစိန်ကို ကျောကုန်းပေါ်သို့တင်ကာ ကူး

ခတ်နေသည်။

မောင်ထွန်းစိန်ကလည်း အငြိမ်မနေ ၄င်းတို့၏ဦးခေါင်းများကိုဖက်ကာ ...

"ဟော့ကောင်...ငမိုး နင်တို့ကို ငါ သိပ်သတိရတာပဲ"

"ငတိုး...ငစိုး...မင်းတို့ရော ငါ့ကို သတိရရဲ့လား"

ထိုသို့ပြောပြီး မိကျောင်းများ၏ကျောကုန်းတစ်ခုပေါ်မှ တစ်ခုသို့ ခုန်တက် ခုန်ဆင်းပြုကာ ငယ်ဘဝကအတိုင်း ပျော်ရွှင်မြူးတူးနေသည်။

မိကျောင်းများနှင့် မောင်ထွန်းစိန်တို့၏ ရေကစားကလေးမှာ မြူးမြူးကြွကြွဖြစ်နေချိန်တွင် ရွာသူရွာသားများကလည်း ငါးပေါက်ကလေးများကိုပစ်ချကာ ငယ်ဘဝကအတိုင်း ပျော်ရွှင်စွာကစားနေခဲ့သည်။

သည်ရွာမှာ သည်ပွဲကလေးက မောင်ထွန်းစိန်၏ပွဲကလေးမှန်း ရွာသူရွာသားတိုင်းသိသဖြင့် အဆန်းတကြယ်မဟုတ်သော်လည်း ယခုမှရောက်လာသည့် ဇာတ်အဖွဲ့သားများအဖို့ အံ့ဩဘနန်း ဖြစ်နေပါတော့သည်။

"ဟယ်...ဘုန်းပွင့်ထွန်းဟာ အရမ်းထူးဆန်းတာပဲ၊

မိကျောင်းတွေနဲ့ကစားနေတာ ဒီလိုပုံစံမျိုး ဒီတစ်ခါပဲ မြင်ဖူးသေးတယ်''

''ဟုတ်ပါ့ရှင်၊ မိကျောင်းမြင်တာနဲ့ ကျွန်မတို့ဖြင့်ကြောက်လွန့်လွန်းလို့''

''ဟဲ့…သူ့ကျောကုန်းမှာ မိကျောင်းသားရေအကွက်ကြီးပါတယ်တော့''

''ဟုတ်တယ်၊ သူက အဲဒီမိကျောင်းတွေရဲ့ဖအေ၊ ခေါင်းရှည်မိကျောင်းကြီး ဝင်စားတာတဲ့တော့''

စိန်ဒေါင်းမလေးရတနာမှာ သူ၏ချစ်သူ ကိုထွန်းစိန်နှင့်မိကျောင်းကြီးများ ရေထဲတွင် ပျော်ရွှင်မြူးတူးစွာ ကစားနေသည်ကိုကြည့်ရင်း လွန်စွာ အံ့ဩနေပါတော့သည်။

''ဟင်…သူ တစ်ခါကပြောဖူးတယ်၊ သူဟာ မိကျောင်းဝင်စားတာတဲ့၊ မိကျောင်းတွေကလည်း သူ့ကိုခင်လိုက်တာကျောကုန်းပေါ်ကတောင်မချဘူး''

စိန်ဒေါင်းမလေးရတနာမှာ ပန်တျာဘုန်းပွင့်ထွန်း၏ထူးခြားဖြစ်စဉ်ကို တအံ့တဩငေးကြည့်နေမိသည်။

သည်တွင် မောင်ထွန်းစိန်က လှမ်းကြည့်လိုက်ရာ စိန်ဒေါင်းမလေးရတနာကိုတွေ့သွားသည့်အတွက် …

"ရတနာ အစ်ကိုလာပြီ"

ဟု ပြောဆိုကာ ကမ်းစပ်သို့ပြေးတက်လာခဲ့သည်။

"အစ်ကိုနဲ့မိကျောင်းတွေနဲ့ ဘယ်လိုဖြစ်တာလဲ အစ်ကို"

"ရတနာက အစ်ကိုနဲ့မိကျောင်းတွေနဲ့ ရေကစားနေတာတွေ့လို့ အံ့ဩနေသလား"

"ဟုတ်တယ်အစ်ကို၊ အစ်ကို့ကို မိကျောင်းတွေကြားထဲမှာတွေ့လိုက်ရတော့ အရမ်းစိုးရိမ်သွားပြီး မျက်လုံးတောင်ပြာသွားတာပဲ"

"ဒီမိကျောင်းတွေက အရိုးတွေမဟုတ်ပါဘူး၊ အစ်ကိုတို့မွေးထားတဲ့မိကျောင်းတွေပါ၊ အစ်ကိုရောက်မှန်းသိလို့ လာပြီးနှုတ်ဆက်တာပါ"

"အမလေး…သူတို့ကသာနှုတ်ဆက်တာ၊ ရတနာဖြင့်ကြောက်လွန်းလို့ သေတော့မယ်"

"ကဲ…ကဲ…ဓာတ်ရုံကစောင့်နေ၊ အစ်ကို အဝတ်လဲပြီး ပြန်လာခဲ့မယ်"

"ဟုတ်ကဲ့"

ဤသို့ပြောပြီး ရတနာတို့ဓာတ်သမားအုပ်စုက ပြန်သွားခဲ့ကြသည်။ မောင်ထွန်းစိန်က အဝတ်လဲပြီး ဓာတ်ရုံသို့ လိုက်သွား

ခဲ့သည်။ ဇာတ်ရုံထဲသို့ဝင်သည်နှင့် တပြိုင်နက် …

"မင်းသားဘုန်းပွင့်ထွန်း လာပြီဟေ့"

ဟူသောအသံဖြင့် ဇာတ်သမားများက ကြိုဆိုလိုက်သည်။

ထိုအသံကိုကြားသည်နှင့်တပြိုင်နက် ရတနာအပါအဝင် မင်းသမီးလေးများကပါ ဆီးကြိုကာ …

"မင်းသားဘုန်းပွင့်ထွန်းကတော့ တကယ့်ကို ဘုန်းပွင့်တော့မှာပဲ၊ နမိတ်တွေ အတိတ်တွေက ကောင်းသနဲ့"

"ဪ…ဒါက အရင်ကတည်းက ဒီအတိုင်းပါပဲ၊ သူတို့တွေကို ကျွေးမွေးစောင့်ရှောက်ထားတော့ သူတို့ကလည်း မေတ္တာရောင်ပြန်ပေါ့ဗျာ"

သည်တွင် မင်းသမီးစိန်ဒေါင်းမလေးရတနာမှ …

"အစ်ကိုနဲ့ မိကျောင်းတွေရဲ့အကြောင်းက အရမ်းထူးခြားတာပဲ၊ အဲဒီအကြောင်း အပြည့်အစုံကို ပြောပြပါလား အစ်ကို"

"ကျွန်တော့်ရဲ့ဘဝအကြောင်းကတော့ ကြားရသူအပေါင်း မယုံနိုင်အောင်ကို ထူးခြားဆန်းကြယ်လွန်းပါတယ်"

"ဒါဆို ပြောပြစမ်းပါ၊ မိကျောင်းအစာကျွေးပွဲမြင်တာနဲ့တင် အလွန်ထူးခြားမှန်းသိပါတယ်"

ဇာတ်သမားများက သိချင်သဖြင့် အားလုံးက ဝိုင်းဝန်း မေးမြန်းကြသည့်အတွက် ဤသို့ ထူးခြားဆန်းကြယ်သည်။

မိကျောင်းလူသား (သို့မဟုတ်) မိကျောင်းဝင်စားသည့် ပန်တျာဘုန်းပွင့်ထွန်းခေါ် မောင်ထွန်းစိန်၏ ဘဝဇာတ်ကြောင်းကို ကြားသိရပါတော့သည်။

၀ ၀ ၀

## အခန်း (၉)

## "စိန်မိကျောင်း ဘုန်းပွင့်ထွန်း"

ပန်တျာဘုန်းပွင့်ထွန်းနှင့် စိန်ဒေါင်းမလေးရတနာ အပါ အဝင် မင်းသမီးတစ်သိုက် နှစ်ပါးသွားအကကို စတင် ကပြ ဖျော်ဖြေချိန်တွင် ...

"ရှီး...ရှီး...ရှီး..."

"ဖြောင်း...ဖြောင်း...ဖြောင်း"

"ရှီး"

"ဟုတ်ပြီကွ၊ ပန်တျာဘုန်းပွင့်ထွန်းကွ"

ပရိသတ်များဆီမှ လက်ခေါက်မှုတ်သံများ လက်ခုတ် သံများ ပေါ်ထွက်လာခဲ့သည်။ ဤပွဲမှာ သံခိပ်ရွာ ဘုရားပွဲ အတွက် ကပြဖျော်ဖြေသည့်ပွဲဖြစ်ပြီး ဇာတိရပ်ရွာသား မင်းသား

ကလေးဘုန်းပွင့်ထွန်းက အကကောင်းအဆိုကောင်းဖြင့် ကပြသည့်အတွက် ပရိသတ်များက လက်ခုတ်သံတဖြောင်းဖြောင်းနှင့် အားပေးခဲ့ကြသည်။

"ပန်တျာဘုန်းပွင့်ထွန်းရေ မိကျောင်းလေးလို ကပြပါဦး"

"ဖြောင်း…ဖြောင်း…ဖြောင်း"

ထိုသို့ ပွဲကြည့်ပရိသတ်က တောင်းဆိုရာ …

"အောင်ပါစေ၊ သပြေပန်းနဲ့ရေချမ်းကိုလောင်း…"

အစရှိသော ရှေးခေတ်ဇာတ်မင်းသားကြီး ဦးစိန်ကတိုး၏ ဇာတ်ထွက်သီးချင်းကိုဆိုကာ မိကျောင်းသွားသည့်ပုံသဏ္ဌာန်နှယ် ဟန်နှင့်ပန်နှင့်ကလိုက်ရာ ပရိသတ်ကြီးမှာ လွန်စွာ သဘောကျလှသည့်အတွက် …

"ဟုတ်ပြီကွ…စိန်မိကျောင်းကွ"

"မိကျောင်းလေးလို…ကလိုက်ပါဦး"

"ချမ်း…ချမ်း…ချမ်း"

"ပတ်…ပတ်…ဘေးတိုးဗုံ"

အစရှိသော ဆိုင်းချက်နှင့် အံ့ဝင်ခွင်ကျစွာ လှလှပပ ကပြဖျော်ဖြေနေပါသည်။

အိုပွန်းယုဉ်စာပေ

ဘုန်းပွင့်ထွန်း၏ကဟန်မှာ အခြားမင်းသားများနှင့်မတူ တမူခြားနားပြီး သူ့အကမှာ လွန်စွာ ကြည့်ကောင်းလှသည်။

"စိန်မိကျောင်းရေ နှစ်ပါးသွားကလေးလုပ်စမ်းပါဦး"

"ဟုတ်ပြီကွ၊ အခုန်အပျံကလေးနဲ့ ခပ်သွက်သွက် ကလိုက်ပါဦး"

ပရိသတ်များက တောင်းဆိုသည့်အတိုင်း ခပ်သွက်သွက် ခပ်မြူးမြူးကလေးကပြရာ ...

"စိန်မိကျောင်းရေ...ကြိတ်လိုက်စမ်း"

"ဖုံ...ဖုံ...ဖုံ"

"ချမ်း...ချမ်း...ချမ်း"

သည်ပွဲကလေးကား ပန်တျာဘုန်းပွင့်ထွန်းတဖြစ်လဲ စိန်မိကျောင်း၏ပွဲကလေး ဖြစ်သွားပါသည်။ ပထမ မင်းသား စိန်အောင်ကြည်ပင် သည်ပွဲကို မတိုးနိုင်တော့ပေ။

ဘုန်းပွင့်ထွန်းမှ ဘုန်းပွင့်ထွန်းဖြစ်နေပါတော့သည်။ သည်ပွဲမှစ၍ မောင်ထွန်းစိန်တစ်ယောက်မှာ "စိန်မိကျောင်း" ဟူသောဘွဲ့ကိုရရှိသွားပြီး အမှန်တကယ်ပင် ဘုန်းပွင့်ခဲ့လေပြီ။ ခေတ္တအကနားစဉ် ရတနာက သူ့ကို...

"အစ်ကိုရယ်...အစ်ကိုတို့ရွာကလူတွေက ရတနာတို့

ဇာတ်အဖွဲ့ကို အရမ်းအားပေးတာပဲနော်"

"ဟုတ်တယ်၊ အဖေတို့အမေတို့မျက်နှာ၊ ဆွေမျိုးတွေရဲ့ မျက်နှာကလည်းရှိတယ်၊ နောက်ပြီး အစ်ကို့ကို အစ်ကိုတို့ တစ်ရွာလုံးက ငယ်ငယ်ကတည်းကချစ်ကြတာ"

သည့်တွင် မောင်ထွန်းစိန်ခေါ်ဘုန်းပွင့်ထွန်း၏ မိဘ နှစ်ပါးကလည်း ဇာတ်စင်နောက်သို့ရောက်ရှိလာပြီး…

"ငါ့သားလေးကတော့ ကောင်းလိုက်တာ"

ဟူ၍ ဖက်လှဲတကင်း ချီးကျူးဂုဏ်ပြုလိုက်သည်။

"အဖေတို့အမေတို့ရဲ့သားက ပန်တျာကျောင်းဆင်းပဲ၊ ဒီလောက်တော့ အကကောင်းရမှာပေါ့၊ ဒါတောင် အဖေ့ကို မမီသေးဘူး"

"ငါ့သားကတော့ စကားပြောတာလည်း အတော်မြှောက် ပြီးပြောတတ်သားပဲ"

"အဲဒီလို မြှောက်ပြောတာမဟုတ်ပါဘူး အဖေ"

"ကဲ…ကဲ…ငါ့သားလေး တစ်ကျော့ကရဦးမှာ မဟုတ် လား၊ အဖေတို့လည်း ပွဲခင်းထဲကနေပြီး အားပေးမယ်"

"ကောင်းပါပြီ အဖေ"

သည်ညတစ်ညလုံး ပန်တျာဘုန်းပွင့်ထွန်းဟူသည့်အမည်

နှင့် လိုက်အောင် အကမျိုးစုံ ခုန်ပျံကျော်လွှားကာ ပရိသတ် အကြိုက်တွေ့စေမည့် ကကွက်ဆန်းများနှင့် ကပြဖျော်ဖြေခဲ့ပါ သည်။

"စိန်မိကျောင်းကတော့ကွာ၊ အကမှာဝိဇ္ဇာပဲ၊ သူက တာက ဘယ်သူနဲ့မှမတူဘူး၊ အကအဆန်းတွေထွင်ပြီး ကတာ"

"စိန်မိကျောင်းရဲ့ကကွက်ကတော့ အရမ်းကိုမိုက်တယ် ကွာ"

"ဟုတ်ပါ့တော်၊ ဟုတ်ပါ့၊ ဒီကလေးဟာ ဒီကကွက် ကြောင့် တော်တော်နာမည်ကြီးဦးမှာပဲ"

"ခေါင်းရှည်ကြီးဝင်စားတာဆိုတော့ ကိုထွန်းနိုင်တိုက် လင်မယားကို အကျိုးပေးမယ်ဆိုပြီး အိပ်မက်နဲ့လာတာမို့ ဒီကောင်လေးဟာ ပေါက်မြောက်အောင်မြင်မယ့်ကလေးပဲ"

ထိုသို့ဖြင့် ဘုန်းပွင့်ထွန်းတို့၏ မြဇာတ်ပွဲသဘင်မှာ နေ့ချင်းညချင်း နာမည်ကြီးသွားခဲ့သည်။ ထို့ကြောင့် ၄င်းရွာ ၏ရွာနီးချုပ်စပ်မှရွာများကလည်း ဘုရားပွဲတော်၌ ၄င်းတို့ကို ငှားရမ်းကပြဖျော်ဖြေစေခဲ့ရာ စိန်မိကျောင်း ဘုန်းပွင့်ထွန်း၏အက ကို လွန်စွာ သဘောကျနှစ်သက်ခဲ့ကြသည်။

"မရန်းရွာမှာ စိန်မိကျောင်းတို့အဖွဲ့ ကမယ်တဲ့"

"ကျုံပုတ်ရွာမှာ လပြည့်နေ့ စိန်မိကျောင်းတို့အဖွဲ့ ကမယ်"

ကျုံကျပ်၊ ကျုံဒါး ရေကျော် အကယ် သံဒိတ်ရွာများမှ အစ ထရော်ရွာ ကျိုက်ထော် အစရှိသည့် ရောဝတီတိုင်းရှိ ကျေးရွာအသီးသီးက စိန်မိကျောင်းဘုန်းပွင့်ထွန်း မင်းသားပါသည့် ဇာတ်များကို ငှားရမ်းခဲ့ကြသည်။

ထို့နောက် တခဲနက်အားပေးကြသဖြင့် ဇာတ်သဘင် လောကတွင် စိန်မိကျောင်းမင်းသားဟူ၍ ထင်ပေါ်ကျော်ကြား လာခဲ့ပါသည်။

ထိုစဉ် မိဘသဖွယ်ဖြစ်နေသော ဇာတ်ဆရာ ဦးမြမောင် မှာ နာမကျန်းဖြစ်ကာ ကွယ်လွန်အနိစ္စရောက်သွားခဲ့ပါသည်။

"အဘဦးမြမောင် ဆုံးပြီတဲ့"

"အဘဦးမြမောင်ရယ် ကျွန်တော်တို့ကို ခွဲသွားပြီလား"

စိတ်စေတနာကောင်းမွန်လှသည့် အဘဦးမြမောင်တစ် ယောက် ကွယ်လွန်အနိစ္စရောက်သွားသည့်အတွက် ဇာတ်အဖွဲ့သား အားလုံးမှာ ယူကျုံးမရဖြစ်ခဲ့ကြသည်။

သည်တွင် မင်းသားစိန်အောင်ကြည်မှာ အခြားဇာတ် သဘင်သို့ ပြောင်းသွားခဲ့သည်။ ဤသို့ဖြင့် မြဇာတ်သဘင်ကြီး

မှာ ဓာတ်ခေါင်းကွဲခဲ့လေပြီ။

မြဓာတ်အဖွဲ့သားများမှာ ဓာတ်ခေါင်းကွဲသွားသည့်အတွက် လွန်စွာစိတ်မချမ်းသာဖြစ်နေချိန်တွင် ဦးမြမောင်၏တူတော်သူ ကိုကံလှဆိုသူရောက်ရှိလာခဲ့သည်။ ကိုကံလှကလည်း အရင်က ဦးမြမောင်နှင့်အတူ ဤဓာတ်သဘင်၌ လက်ထောက်တစ်ဦး ဖြစ်ခဲ့သည်။ သို့သော် ဦးမြမောင်၏တင်းကြပ်သည့်စည်းကမ်းကို မလိုက်နာနိုင်သဖြင့် မြဓာတ်သဘင်မှထွက်ကာ အငြိမ့်ထောင်ခဲ့သည်။ သူသည် အသက်လေးဆယ်ကျော်ခန့်ရှိပြီး မိန်းမကိစ္စတွင် ဝါသနာပါသဖြင့် အငြိမ့်မင်းသမီးများနှင့် ကြာရှည်စွာလက်မတွဲနိုင်ဘဲ အငြိမ့်ဓာတ်ခေါင်းကွဲခဲ့သည်မှာ အကြိမ်ကြိမ် ယခုမူ သားထောက်သမီးခံမရှိသော ဦးမြမောင်ကွယ်လွန်သွားသည့်အတွက် မြဓာတ်သဘင်ကို သူ အမွေဆက်ခံရရှိခဲ့သည်။

"ကဲ...ဓာတ်သမားတွေအားလုံး လာကြပါ၊ ကျွန်တော်ပြောစရာရှိတယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ဓာတ်သမားများအားလုံး စုဝေးလာရောက်ခဲ့ကြသည်။

"ကျွန်တော်က ဦးမြမောင်ရဲ့တူ ကိုကံလှဖြစ်ပါတယ်၊

ဦးလေးရွှေးသွားတော့ ဒီဇာတ်သဘင်ကို ကျွန်တော်ကိုယ်တိုင် အမွေဆက်ခံပြီး ကြီးပွားတိုးတက်အောင်မြင်အောင် လုပ်မယ်၊ အဲဒါ ခင်ဗျားတို့ သဘောတူကြသလား''

''တူပါတယ်''

''မင်းသားစိန်အောင်ကြည်က ဇာတ်ခွဲထွက်သွားပြီဆိုတော့ ပန်တျာဘုန်းပွင့်ထွန်းကို ခေါင်းဆောင်မင်းသားခန့်မယ်၊ ခေါင်းဆောင်မင်းသမီးကတော့ စိန်ဒေါင်းမလေးရတနာပေါ့''

ကိုကံလှက ထိုသို့ပြောရင်း ရတနာဘက်သို့လှည့်ကြည့်လိုက်သည်။ ရတနာကား သည်ဇာတ်အဖွဲ့မှာ အချောဆုံး၊ အလှဆုံး မိန်းကလေးဖြစ်ပြီး မျက်လုံးကလေးက သမင်မျက်လုံးကဲ့သို့ ဝိုင်းစက်ပြီး အရည်လဲ့နေသည်။ ဇာတ်ကရာတွင် သည်မျက်လုံးဝိုင်းကလေးနှင့် ကြာမူမူကာကသဖြင့် စိန်ဒေါင်းမလေးဟူသည့် နာမည်တစ်လုံး ရရှိခဲ့သည်။ သည်တုန်းကတည်းက စိန်ဒေါင်းမလေး၏ကဟန်နှင့် ကြာမူမူသည့်သူမကို မျက်စေ့ကျခဲ့သည်။ ဒါကို ဦးမြမောင်က မကြိုက်သဖြင့် ဆူပူကြိမ်းမောင်းရာမှအစ ဦးမြမောင်၏စည်းကမ်းကို မလိုက်နာနိုင်ဘဲ အခြားနေရာသို့ ပြောင်းရွှေ့သွားခဲ့သည်။

ယခုတော့ စားနေကျကြောင်ဖားကြီး သည်ဇာတ်

သဘင်သို့ တစ်ကျော့ပြန်ရောက်လာခဲ့သည်။ ကိုကံလှသည် အခြားဇာတ်အဖွဲ့သားများကို နဂိုမူလနေရာတွင် ကပြစေခဲ့သည်။ ဦးမြမောင်ရှိတုန်းက ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ နေလာရသမျှ ယခုမူ ဇာတ်ဆရာဟူသည့်အရှိန်အဝါကြောင့် ရှုထောင်ထောင် ထောင်ထောင်ဖြစ်လာခဲ့သည်။

ငယ်ငယ်ရွယ်ရွယ်နှင့်သေသွားသည့် လူပျက်သောကြာ၏ မိန်းမလက်ထောက်မင်းသမီး မနှင်းဆီကို အခန်းထဲခေါ်ကာ ဆွေးနွေးရတာအမော။ ဘာတွေဆွေးနွေးနေမှန်းမသိ။

နောက်တော့ အသံထွက်လာသည်။ ခေါင်းဆောင်မင်းသမီးရတနာ၏နေရာကို မနှင်းဆီကိုပေးမည်တဲ့။ ဖြစ်နိုင်ပါသည်။ မနှင်းဆီက သူခိုင်းစေရာရသည့် သူ့လူဖြစ်နေသည်။

"မနှင်းဆီကို ခေါင်းဆောင်မင်းသမီးခန့်မတဲ့"

"ဒါဆို ရတနာကရော"

"ရတနာက လက်ထောက်မင်းသမီးပဲဖြစ်မှာပါ"

သည်သတင်းစကားကိုကြားရတော့ ရတနာက မခံမရပ်နိုင်ဖြစ်ကာ သူ့ချစ်သူ ဘုန်းပွင့်ထွန်းနှင့် တစ်နေရာတွင်တွေ့ဆုံရန် ချိန်းလိုက်သည်။

"အစ်ကို…ကျွန်မကတော့ မနှင်းဆီကို ခေါင်းဆောင်

မင်းသမီးတင်မယ်လို့ ကြားနေတယ်''

''ဟုတ်တယ်...အစ်ကိုလည်းကြားတယ်''

''အဲဒါ ကိုကံလှက သက်သက်အကျင့်ယုတ်တာ၊ ပြော ရရင်မကောင်းဘူး၊ နှင်းဆီက အကပညာမှာ ဘယ်လောက်တော် နေလို့လဲ၊ ရတနာနဲ့ပြိုင်ကမလား၊ ပြိုင်လိုက်မယ်၊ ရတနာ အရမ်း ဝမ်းနည်းတာပဲသိလား...အဟင့်...အဟင့်''

''မငိုပါနဲ့ရတနာရယ်၊ သူက ခေါင်းဆောင်တင်ရင် ခေါင်းဆောင်လုပ်လိုက်ပေါ့၊ ဒီတစ်နှစ်ပါပဲ၊ အစ်ကိုလည်း ခေါင်းဆောင်မင်းသားဖြစ်ပြီဆိုတော့ ညကြေးတွေစုထားမယ်၊ ဒီနှစ်ကုန်ရင် ရတနာ့ကို အဲဒီငွေနဲ့တင်တောင်မယ်၊ လက်ထပ်ပြီး တာနဲ့ မကနဲ့တော့၊ အိမ်မှာပဲ ကောင်းကောင်းအနားယူလိုက်ပေါ့၊ အစ်ကိုရှာဖွေပြီးကျွေးပါ့မယ်''

''အစ်ကို့အစီအစဉ်က အရမ်းကောင်းတာပဲအစ်ကိုရယ်''

ဘုန်းပွင့်ထွန်းက ရတနာ့ကို ရင်ခွင်ထဲထားကာ အနမ်း ကလေးဖြင့် ဖြေသိမ့်လိုက်သည်။

အစ်ကိုလည်း ကြိုးစားပြီးကမယ်၊ ကြိုးစားပြီးငွေစုမယ်၊ ဒီနှစ်မိုးတွင်း ဇာတ်ခေါင်းကွဲတာနဲ့ ရတနာကိုလက်ထပ်မယ်၊ အခုတော့ သည်းခံနေပါဦးရတနာရယ်''

"ကောင်းပါပြီ အစ်ကို"

ချစ်သူနှစ်ဦးမှာ အနာဂတ်အရေး ပျော်စရာအတွေး ကလေးများနှင့် ဆွေးနွေးတိုင်ပင်ကာ လမ်းခွဲခဲ့ကြသည်။

ဘုန်းပွင့်ထွန်းတို့နှစ်ဦးသားမှာမူကား ချစ်သူဖြစ်ခဲ့သည့် ချစ်သက်တမ်းမှာ တစ်နှစ်ကျော်ပြီဖြစ်သော်လည်း ဓာတ်သမား တို့၏စည်းမျဉ်းအရ ဓာတ်ခုံအတွင်း၌ မေးထူးခေါ်ပြောရုံသာရှိ သည်။ ရင်းရင်းနှီးနှီးစကားပြောခွင့်မရှိပေ။ ထို့ကြောင့် ချစ်သူ နှစ်ဦးမှာ အကြောင်းတစ်စုံတစ်ရာရှိ၍ ဆုံတွေ့လိုလျှင် ဓာတ်နား သည့်နေ့၌ တစ်နေရာရာသို့ မည်သူမျှမသိအောင် ချိန်းကြရသည်။

ယခုလည်း ချိန်းဆိုစကားပြောပြီးနောက် ရတနာက အရင်ပြန်သွားခဲ့သည်။ ရတနာ ဓာတ်ရုံသို့ပြန်အရောက်တွင် ဓာတ်ဆရာကခေါ်သဖြင့် ဓာတ်ဆရာ၏အခန်းသို့ သွားခဲ့သည်။

"ရတနာ့ကို ဆရာ ပြောစရာရှိလို့ခေါ်ခိုင်းလိုက်တာပဲ"

"ဟုတ်ကဲ့...ပြောပါဆရာ"

"ရတနာဟာ ဒီဓာတ်အဖွဲ့ရဲ့ ခေါင်းဆောင်မင်းသမီး နော်"

"ဟုတ်ပါတယ်...ဆရာ"

"အိမ်း...အခုဓာတ်အသစ်ထောင်တော့ လူတွေက ပြော

ကြတယ်၊ ရတနာ့အကက မနှင်းဆီလောက်မကောင်းဘူးတဲ့၊ ဒါကြောင့် မနှင်းဆီကို ခေါင်းဆောင်မင်းသမီးခန့်ဖို့ ပြောနေကြတယ်"

"ဒါကတော့ဆရာရယ် ဆရာကိုယ်တိုင်ကြည့်ကြည့်ပါ၊ သူနဲ့ကျွန်မ အကချင်းယှဉ်ပြိုင်နိုင်ပါတယ်"

ရတနာက မျက်နှာညိုးငယ်စွာ ပြောလိုက်သည်။

"အို…ရတနာလေး မငိုလိုက်ပါနဲ့၊ အကိုက နဂိုကတည်းက ဒီဇာတ်အဖွဲ့မှာနေခဲ့ဖူးတာပဲ၊ ရတနာလေးရဲ့အကကိုလည်း ကောင်းကောင်းကြည့်ဖူးတာပဲ၊ ရတနာလေးက အကလည်းကောင်း၊ ရုပ်ကလည်းချောဆိုတော့ ပြောစရာမရှိပါဘူး၊ ဒါပေမဲ့ တခြားလူတွေက ရတနာကို မနာလိုလို့သွေးထိုးပေးတာပါ"

"ကျွန်မကတော့ ဒီသတင်းကြားရတာ အရမ်းကို စိတ်မကောင်းဖြစ်မိတယ်"

"စိတ်မကောင်းမဖြစ်ပါနဲ့၊ ဆရာက ရတနာ့ကို အစကတည်းက နှမလေးလိုချစ်ခင်ပြီးသားပါ၊ အခုဆိုရင် မနှင်းဆီက ဆရာ့ဆီ ခဏခဏလာပြီး ခေါင်းဆောင်မင်းသမီးတင်ဖို့ ပြောတာတောင် ဆရာက ရတနာမှဆရာပဲ"

အိုယွန်းယှဉ်စာပေ

"ကျေးဇူးတင်ပါတယ် ဆရာ"

"ဆရာကတော့ ရတနာ့ကိုချစ်ခင်လို့ ခေါင်းဆောင်မင်းသမီးနေရာမှာထားတာ၊ ရတနာကလည်း တစ်နေ့မှာ ဆရာရဲ့ကျေးဇူးကို ပြန်ဆပ်ရမယ်နော်…ဟဲ…ဟဲ…ဟဲ"

ဇာတ်ဆရာကိုကံလှ၏ ရီသွဲ့သွဲ့စကားကို ရတနာ နားလည်သဘောပေါက်သဖြင့် …

"ဆရာ…ရတနာပြန်လိုက်ပါဦးမယ်"

"ကောင်းပါပြီ၊ ဆရာပြောတာမမေ့နဲ့ဦးနော်၊ တစ်နေ့မှာ ဆရာ့ရဲ့ကျေးဇူးကို ပြန်ဆပ်ရမယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ"

ရတနာက ပြောပြောဆိုဆို အခန်းထဲကထွက်လာခဲ့သည်။

"အင်း…ဒီလူကြီးကြည့်ရတာ ငါ့ကို ကြိုက်နေတဲ့ပုံပဲ၊ အခုလည်း စကားပြောတာ ရီသွဲ့သွဲ့နဲ့၊ ဒါပေမဲ့ ငါကလည်း ဒီဇာတ်ထဲက ချက်ချင်းမထွက်နိုင်သေးတော့ မီးစင်ကြည့်ပြီး ကရမှာပဲ"

ထိုသို့စိတ်ကူးဖြင့် ရတနာမှာ အဆင်ပြေအောင်နေခဲ့သည်။ ကိုကံလှမှာ အခွင့်ရလျှင်ရသလို ထိကပါး ရိကပါးလုပ်လာခဲ့သည်။ ရတနာလည်း ဒီအကြောင်းကို ဘုန်းပွင့်ထွန်းအား

မပြောခဲ့ပေ။

"ငါ အခုနေ ဒီအကြောင်းပြောလိုက်ရင် အစ်ကိုလည်း ဇာတ်ကရမှာမဟုတ်တော့ဘူး၊ ဒါဆိုရင် ငါတို့ ငွေမရတော့လို့ ဇာတ်ကွဲရင် လက်ထပ်ဖြစ်မှာမဟုတ်ဘူး၊ ဒီလောက်အချိန်အတွင်း မှာ သည်းခံနေမှပဲ"

ထိုသို့သောအချိန်တွင် … ဘုန်းပွင့်ထွန်းကပဲ ကံ အလွန် ကောင်းနေသည်လားမပြောတတ်ပါ။ သည်နှစ်နွေဦးပေါက်မှ စ၍ တစ်နွေလုံး ပွဲစဉ်မပြတ်အောင် ပွဲကရက်များပြည့်နေခဲ့သည်။

ဤသို့ ဘုန်းပွင့်ရသည်မှာ အကြောင်းရင်းတစ်ခုရှိ သည်။ သူ့အတွက် ကျော်ကြားရသည့် ထူးခြားသောအကြောင်း တစ်ခု ဖန်လာခဲ့သည်။

ဤအကြောင်းတစ်ရပ်ကား …

ဘုန်းပွင့်ထွန်းက ပွဲသဘင်ကြီးသည် ကျုံကတွင်းရွာသို့ ကပြဖျော်ဖြေရန် တစ်ရက်ကြိုတင်၍ရောက်ရှိလာခဲ့သည်။ ကျုံကတွင်းရွာသည် ဧရာဝတီတိုင်းအတွင်း၌ရှိပြီး မြစ်ချောင်း ပေါများသည့်နေရာတွင်တည်ရှိသော ရွာကလေးတစ်ရွာ ဖြစ် သည်။

ဤရွာကလေးသည် မြစ်ကမ်းနဖူးကိုမေးတင်နေပြီး

သည်ညနေတွင် ဒီရေများတိုးကာ မြစ်ကမ်းနားအထိ ရေတွေ တက်လာခဲ့သည်။

ဘုန်းပွင့်ထွန်းသည် ဒီရေတက်နေသည်ကိုကြည့်ရင်း…

"ဒီရေတွေတက်လာပြီ…ရေဆင်းကူးချင်လိုက်တာ"

ရေမြင်လျှင် လွန်စွာကူးခတ်ချင်သည့်စိတ်က ထိန်း မရအောင်ဖြစ်နေသည်။ သူ့တစ်ကိုယ်လုံး ပူလောင်လာပြီး ရေထဲသို့ဆင်းပြီး ရေစိမ်ချင်သည့်စိတ်များ တဖွားဖွားပေါ်ပေါက် လာခဲ့သည်။

ဘုန်းပွင့်ထွန်းတစ်ဖြစ်လဲ စိန်မိကျောင်းမှာ နဂိုကပင် လွန်စွာအိုက်တတ်သူဖြစ်၍ သာမန်နေ့များတွင် တစ်နေ့လျှင် ရေသုံးခါလောက်ချိုးမှ နေသာတိုင်သာရှိသည်။ ယခုလို ပူအိုက် သောရာသီတွင် ဒီရေတဖွေးဖွေးတက်လာသည်ကိုတွေ့ရသဖြင့် မည်သို့မျှ မနေနိုင်တော့ပဲ ဇာတ်ရုံအတွင်းသို့ပြန်ကာ ရေကူးရန် အသင့်ပြင်ဆင်ပြီး ကမ်းစပ်သို့ ပြန်လာခဲ့သည်။

မြစ်အတွင်းသို့ တဖြည်းဖြည်းဆင်းလိုက်သည်။ ရေထဲ သို့ရောက်သည်နှင့်တပြိုင်နက် ရေတွေ့သည့် မိကျောင်းတစ်ကောင် ကဲ့သို့အေးချမ်းသွားပြီး သည်မှဟိုဟို ကူးခတ်နေပါတော့သည်။ ထိုသို့ကူးခတ်နေစဉ် …

"ငမိုးတို့အုပ်စုကို သတိရလိုက်တာနော်"

ငမိုးတို့အုပ်စုကို သတိရသဖြင့် သူ ခေါ်နေကျအတိုင်း…

"ဒီ…ဒီ…ဒီ"

"ဒီ…ဒီ…ဒီ"

"ဒီ…ဒီ…ဒီ"

ဟူ၍ ခေါ်ကြည့်လိုက်သည်။ သည့်နောက် သူသည် ရေကူးလိုက် ကိုယ်ဖော့လိုက်နှင့် တဒီဒီခေါ်ရင်း ရေထဲတွင်ကူးခတ်နေခဲ့ရာ တစ်နာရီကျော်ခန့်အကြာတွင် ၄င်း၏မနီးမဝေးနေရာမှ ခပ်မည်းမည်းသဏ္ဌာန်တစ်ခုကို သူ မြင်လိုက်ရသည်။ ထိုမည်းမည်းသဏ္ဌာန်မှာ သူ့ဆီသို့မျောလာသဖြင့် သူ ချက်ချင်းသိလိုက်သည်။

"ဟာ…ငမိုးလား…ငတိုးလားမသိဘူး လာနေပြီ"

ဘုန်းပွင့်ထွန်း လွန်စွာဝမ်းသာသွားပြီး …

"ငမိုးလား…ငတိုးလား…ငါ ဒီမှာ…ဒီ…ဒီ…ဒီ"

ဟူ၍ပြောပြီး ၄င်းမည်းမည်းသဏ္ဌာန်ရှိရာ ကူးခတ်သွားရာ မိကျောင်းကြီးဖြစ်နေပါသည်။ သူသည် မိကျောင်းကြီး၏ဦးခေါင်းကိုဖက်ပြီး ပါး၏ဘယ်ဘက်ခြမ်းသို့ကြည့်လိုက်ရာ ခပ်မည်းမည်းအဝိုင်းကြီးကို တွေ့သဖြင့် …

"ဟော့ကောင်…ငမိုးမဟုတ်လား၊ မင်းပါးပြင်ကအမှတ်ကြီးကိုကြည့်ပြီး ငါသိတယ်၊ ဟိုကောင်တွေရော မပါဘူးလား"

မိကျောင်းငမိုးမှာ သူ၏သခင်ကို မှတ်မိသည့်အလား ဦးခေါင်းကြီးကို တယမ်းယမ်းနှင့် နှုတ်ဆက်နေပါတော့သည်။

"သြော်…မင်းတို့က ကြီးလာတော့ တစ်မြစ်ကိုတစ်ကောင်ခွဲနေပြီး ရေဘုရင်လုပ်နေကြတယ်ပေါ့…ဟုတ်လား…ဖွေ့သားကြီး"

ဘုန်းပွင့်ထွန်းကလည်း မိဘများပြောထားသဖြင့် သူ့ကိုယ်သူ ခေါင်းရှည်မိကျောင်းဝင်စားသူဟူ၍လည်းကောင်း၊ မိကျောင်းငမိုး ငတိုးတို့၏ ဖခင်ဝင်စားသူဟူ၍လည်းကောင်း ထင်မှတ်ကာ သူ့စိတ်ထဲကအရှိအတိုင်း ပြောဆိုနေပါသည်။

မိကျောင်းငမိုးကလည်း သူ့အား ငယ်စဉ်ကတည်းက ငါးပေါက်များကျွေးလာခဲ့သဖြင့် သခင်မှန်းသိနေဟန်တူပါသည်။

"ငမိုးရယ်…မင်းတို့နဲ့တွေ့ရတာ အရမ်းဝမ်းသာတာပဲ၊ ငါ ငယ်ငယ်ကလို မင်းတို့ကို ငါးပေါက်တွေ အစာကျွေးချင်ပါတယ်၊ ဒါပေမဲ့ ဒီနယ်က ငါ့နယ်မဟုတ်လို့ ငါးပေါက်တွေ မကျွေးနိုင်ဘူး၊ မနက်ဖြန်ကျရင် ငါးပေါက်တွေကျွေးမယ်၊ ငမိုး မင်း လာခဲ့နော်"

ဘုန်းပွင့်ထွန်းက မိကျောင်းငမိုး၏ခေါင်းကိုပွတ်သပ်ကာ ကိုယ်ဖော့ရင်းပြောနေသည်။ ငမိုးကတော့ ဘုန်းပွင့်ထွန်း၏စကား ကို နားလည် မလည်မသိရသော်လည်း ၄င်းတို့ဖြစ်ရပ်ဆန်းကို ရွာသူရွာသားများက ကမ်းလုံးညွတ်မျှ တအံ့တသြ ကြည့်နေကြ သည်။

"ဟာ…မင်းသားနဲ့မိကျောင်း မိကျောင်းနဲ့မင်းသား ရေ ကစားနေကြပါလား"

"ဟုတ်ပါ့တော်၊ မိကျောင်းကတောင် မကိုက်ဘူးတော်"

"ဘုန်းပွင့်ထွန်းဆိုတဲ့အတိုင်း အတော်ဘုန်းပွင့်တဲ့မင်းသား ပဲတော်"

"ဒီလိုဘုန်းပွင့်တတဲ့မင်းသားရဲ့ကပွဲကို သွားကြည့်မှ ပဲ"

"ဟုတ်တယ်…ဟုတ်တယ်၊ မင်းသားက ရေပြင်မှာ တစ်ပွဲ၊ ကုန်းပေါ်မှာတစ်ပွဲကနေတာ၊ အခုရေပြင်မှာ မိကျောင်းနဲ့ ကပြနေတာ"

"ဟုတ်တယ်၊ ဒါကြောင့် စိန်မိကျောင်းဘွဲ့ကိုရထား တာ"

"ဟုတ်တယ်၊ မိကျောင်းနဲ့လူသား ဒီလိုရေကစားတာ

တစ်ခါမှမကြားဘူး မမြင်စဖူး အံ့ဖွယ်ပါပဲဗျာ"

သည်ဖြစ်ရပ်ကား ဘုန်းပွင့်ထွန်းက တမင်ဖန်တီးသည့် ဖြစ်ရပ် မဟုတ်ပါ။ သူ့ဘဝသူ့အကြောင်းနှင့် တိုက်ဆိုင်သည့် ဖြစ်ရပ်တစ်ခုဖြစ်သည်။ သို့သော် ဤဖြစ်ရပ်မှာ အဆန်းတကြယ် မကြုံစဖူး ထူးကဲလှသည့်ဖြစ်ရပ် ဖြစ်နေသည့်အတွက် လူအများ က အံ့ဩစွာ လာကြည့်ကြသည်။

ဘုန်းပွင့်ထွန်းလည်း လူအများက လာကြည့်နေသဖြင့်…

"ကဲ…ငမိုးရေ မင်းပြေးပေတော့၊ တော်ကြာ မိကျောင်း မုဆိုးနဲ့တွေ့လို့ မင်းကို အန္တရာယ်ပေးနေဦးမယ်"

ဟူ၍ပြောပြီး ဦးခေါင်းကို လက်နှင့်သပ်လိုက်ရာ မိကျောင်းငမိုးမှာ အခြေအနေကိုသိသည့်အလား မြစ်ထဲသို့ ငုပ် လျှိုးကာ ပျောက်ကွယ်သွားပါတော့သည်။

ဘုန်းပွင့်ထွန်းလည်း လူရှင်းသည့်မြစ်ကမ်းဘက်သို့ ကူး ခတ်ရင်း ဇာတ်စင်နောက်သို့လာခဲ့သည်။ ဤသည်မှာ ရွာကလေး ဖြစ်၍ ဤသတင်းကား အချိန်အနည်းငယ်အတွင်း တစ်ရွာလုံး ပျံ့နှံ့သွားပါတော့သည်။

"ဇာတ်မင်းသားဘုန်းပွင့်ထွန်းကို မိကျောင်းကတောင် လာပြီး မကိုက်ရဲဘဲ ဦးကိုတောင် နှိမ့်ပေးရတယ်တဲ့"

အိုယွန်းယှဉ်စာပေ

"ဒီမင်းသားက တော်တော်အစွမ်းရှိတဲ့မင်းသားပဲ၊ မိကျောင်းနဲ့တောင် ရေကစားသတဲ့"

ဘာမှန်းညာမှန်းမသိဘဲ မြှောက်ပင့်ပြောသူကပြောနှင့် ဘုန်းပွင့်ထွန်းတစ်ယောက် နာမည်ကြီးသွားပါတော့သည်။

ဘုန်းပွင့်ထွန်းနှင့်မိကျောင်း ရေကစားနေသည်ကိုတွေ သည့်သူများက ...

"ဟုတ်တယ်၊ မြစ်လယ်မှာ မင်းသားနဲ့မိကျောင်း ရေ ကစားနေတာများ လှလိုက်တာဗျာ၊ ကျုပ်တို့က မျက်မြင်ကိုယ် တွေ့ပဲ"

စသဖြင့် မြင်တွေ့ရသူများကလည်း ပုံကြီးချဲ့၍ပြောရ မမြင်မတွေ့ရသည့်သူများက ...

"ဟယ်...ငါတို့တောင် မမြင်လိုက်ရဘူး၊ မြင်ချင်လိုက တာ"

အထူးအဆန်းကို ကြည့်ချင်သူများက သည်လိုပြောပြ သည်။

"မိကျောင်းကိုမတွေ့ရပေမယ့် မင်းသားကတော့ ကမ္ ပဲ၊ **ဆဲဒီ**တော့ မင်းသားကို သွားကြည့်ကြတာပေါ့"

"ဟုတ်တယ်...ဟုတ်တယ်၊ ဒီလောက်နာမည်ကျေ

ကြားတဲ့မင်းသားကို အဘိုးတို့လည်း ကြည့်မယ်"

"အဘိုးကြီး ရှင်တစ်ယောက်တည်းမသွားနဲ့၊ ကျုပ်ပါ လိုက်မယ်"

"အေးပါကွာ၊ တို့နှစ်ယောက် အတူတူသွားကြည့်ကြ တာပေါ့"

ဘုန်းပွင့်ထွန်း၏ကံဇာတာမှာ မည်မျှ ဘုန်းကြီးသည်မသိ။ မိကျောင်းတစ်ကောင်နှင့် ရေကစားရာမှ ရပ်ရွာထဲရှိ သက်ကြီး ရွယ်အို အဘိုးအဘွားပါမကျန် တွေ့ဖူးချင်၊ မြင်ဖူးချင်သည့် အတွက် လာရောက်အားပေးကြရာ ဇာတ်ပွဲရုံကြီးပင် ပြည့်လျှံ သွားပါတော့သည်။

သည်ဇာတ်ပွဲတွင် ဘုန်းပွင့်ထွန်းမှာ ပရိသတ်များ၏ တခဲနက်အားပေးမှုကြောင့် အနုအလှအရွ အကကလေးများဖြင့် ကပြတင်ဆက်ရာ ...

"စိန်မိကျောင်းဘုန်းပွင့်ထွန်းက အကကောင်းတာပဲ"

"စိန်မိကျောင်းကွ…ဘုန်းပွင့်ထွန်းကွ"

"သူတတူအောင် အကကောင်းတဲ့ အကဝိဇ္ဇာန်စိန် မိကျောင်းကွ"

ထိုသို့ဖြင့် ပရိသတ်များက သောင်းသောင်းဖျဖျ လက်ခုပ်

ဩဘာသံတညံညံနှင့် အားပေးခဲ့ပါတော့သည်။

ထိုမှတဆင့် အမာ ဇရာ အစရှိသော ရွာများသို့သွား ရောက်ကပြဖျော်ဖြေခဲ့သည်။ သူသွားလေရာနေရာတွင် မိကျောင်း မင်းသား၊ စိန်မိကျောင်းဘုန်းပွင့်ထွန်းဟူ၍ နာမည်ကျော်ကြားခဲ့ သည်။

ရောဝတီတိုင်းအတွင်းရှိရွာများတွင် သူ ကပြဖျော်ဖြေခဲ့ ရာ သူရောက်သည်နှင့်တပြိုင်နက် ထိုရွာများတွင် မိကျောင်းများ ပေါ်လာခဲ့သည်။

"မြစ်ထဲမှာ မိကျောင်းပေါ်သတဲ့"

"ပေါ်မှာပေါ့အေ၊ စိန်မိကျောင်းကတဲ့ပွဲဆိုရင် မိကျောင်း တွေပေါ်တတ်တာပဲ"

"ဟုတ်ပ့ါအေ…ဒီလူက ထူးကိုထူးပါတယ်"

စိန်မိကျောင်းသွားသည့်မြို့ရွာများတွင် ထိုမြို့ရွာရှိ မြစ် ထဲတွင် မိကျောင်းပေါ်တတ်သည့်အတွက် အားလုံးမှာ အထူး အဆန်းဖြစ်ခဲ့ကြသည်။ ထိုမိကျောင်းမှာ မြစ်ထဲတွင် ပေါ်ရုံသာ ပေါ်ပြီး ကျန်သူများကို အန္တရာယ်မပေးခဲ့ပေ။ ထို့ကြောင့် မိကျောင်းပေါ်သည်ဟုကြားသည်နှင့် မြို့ခံလူ နယ်ခံလူများက တအံ့တဩ သွားကြည့်တတ်သည်။

သည်လိုနှင့်ပင် စိန်မိကျောင်းဘုန်းပွင့်ထွန်းမှာ နာမည်ကြီးဇာတ်မင်းသားတစ်လက် ဖြစ်လာသည်။ နာမည်ကြီးလာပြီဆိုတော့ ငွေတွေ အများကြီးရလာသည်။ သူသည် မိဘနှစ်ပါးဖြစ်သူကို ရရှိသည့်ငွေများကို အကုန်အပ်ကာ ...

"အဖေနဲ့အမေ သား ရှာဖွေလို့ရတဲ့ငွေနဲ့ အဖေတို့အမေတို့ သုံးချင်တာသုံးပါ၊ စားချင်တာစားပါ၊ ဒီနှစ်ကုန်ရင်တော့ စိန်ဒေါင်းမလေးရတနာကို တောင်းပေးပါ"

"အေးပါကွာ၊ ငါ့သားက အရမ်းလိမ္မာတယ်၊ ငါ့သားဖြစ်စေချင်တာကို အဖေနဲ့အမေက လုပ်ပေးရမှာပါ"

"ဟုတ်ပါ့ကိုထွန်းရယ်၊ ဒီဇာတ်နားတာနဲ့ ရတနာလေးရဲ့ မိဘတွေဆီသွားတောင်းပြီ ကျုပ်အိမ်မှာ ခေါ်ထားလိုက်မယ်"

"အေးပါကွာ...ငါက မြေးချီချင်တာနဲ့အတော်ပဲ"

"ရှင်ကလည်း စကားအကောင်းပြောနေရင် ဖောက်ဖောက်လာတယ်"

"ငါ့သား မိန်းမယူမယ်ဆိုတော့ ငါလည်း ပျော်တာပေါ့ကွာ"

⚙ ⚙ ⚙

## အခန်း (၁၀)

## "ရမ္မက်သားကောင်နှင့် မရဏကမ္ဘာ"

လောကကြီးက မာယာများသည်။

လူသားများ၏ကံကြမ္မာအလှည့်အပြောင်းကား ဆန်းကြယ်သည်။

ဘုန်းပွင့်ထွန်းနှင့်ရတနာတို့ ချစ်သူနှစ်ဦးမှာ ဓာတ်နားလျှင် လက်ထပ်မည်ဟု ဆုံးဖြတ်ထားခဲ့သည်။ ယခုမူ ဓာတ်နားရန် တစ်လခန့်သာလိုတော့သည်။

ဆိုးဝါးသောကံကြမ္မာအလှည့်အပြောင်းတစ်ခုသည် မုန်တိုင်းပမာ အမှတ်မထင် ဝင်ရောက်လာခဲ့သည်။ ကြမ္မာဆိုးကို ခေါ်ဆောင်လာသူမှာ ဓာတ်ဆရာ ကိုကံလှပင်ဖြစ်သည်။ သူ၏ ဓာတ်အဖွဲ့ဖြစ်သော ပန်တျာဘုန်းပွင့်ထွန်းဓာတ်ပွဲသဘင်မှာ

နာမည်ကြီးလာသည်နှင့်အမျှ က်မလည်အောင် ပွဲငှားရသဖြင့် သူ၏ လက်ထဲသို့ ငွေအလုံးအရင်းနှင့်ဝင်လာကာ ငွေကြေး အမြောက် အမြား စုဆောင်းမိခဲ့သည်။

သည်တော့ သူ အင်မတန်လိုချင်လှသဖြင့် ထိကပါး ရိကပါးလုပ်ခဲ့သော ရတနာ့ကို တရားဝင်လက်ထပ်ရန် ကမ်းလှမ်း ဖို့အတွက် သူ့အခန်းသို့ခေါ်လိုက်သည်။

"ရတနာ အခု ဆရာ့ရဲ့ဇာတ်သဘင်ဟာ နာမည်ကြီး ဇာတ်သဘင်တစ်ခုဖြစ်လာပြီး ဆရာ့မှာလည်း ငွေကြေး ချောင် လည်လာပြီဆိုတော့ အဲဒီငွေကြေးကို ထိန်းသိမ်းဖို့ လူလိုလာပြီ"

ဤသို့ ကိုကံလှက လှည့်ပတ်ကာပြောလိုက်ရာ ရတနာ က ...

"ဆရာမှာ ငွေကြေးထိန်းသိမ်းမယ့်လူလိုတာနဲ့ ကျွန်မ နဲ့ ဘာဆိုင်လို့လဲဆရာ"

"ဆိုပါသကော ရတနာရယ်၊ မင်းလေးကို ဟိုးအရင် ကတည်းက အရမ်းချစ်ခဲ့မိတယ်၊ ဒါပေမဲ့ လက်ထဲမှာ ငွေမရှိတဲ့ ဘဝမို့ ဖွင့်မပြောနိုင်ခဲ့ဘူး၊ အခု ငွေရှိလာပြီဆိုတော့ မနှင်းဆီ

အပါအဝင် မိန်းမတွေ ဝိုင်းဝိုင်းလည်နေခဲ့တယ်၊ ဒါတောင် အခြားမိန်းမတွေကို စိတ်မဝင်စားဘူး၊ ရတနာ့ကိုပဲချစ်တယ်၊ ဒါကြောင့် ရတနာ့ကို လက်ထပ်ပါရစေ"

"မဖြစ်ပါဘူးဆရာရယ်၊ ဆရာ့ကို ကိုယ့်ဆရာရင်းလိုပဲ သဘောထားပါတယ်"

"ဘာလို့မဖြစ်ရမှာလဲ၊ မင်းလဲလွတ်လပ်သူ၊ ငါလည်း လွတ်လပ်သူပဲ၊ ဘာပဲဖြစ်ဖြစ် မင်းကို ငါလက်ထပ်မယ်"

"မဖြစ်နိုင်ပါဘူးဆရာရယ်။ ကျွန်မမှာ လက်ထပ်ရမယ့် သူရှိပြီးသားပါ"

"ဟင်...လက်ထပ်မယ့်သူရှိတယ်၊ ဘယ်သူလဲပြော"

"မပြောပါရစေနဲ့ ဆရာရယ်"

"အင်း...မင်းနဲ့ မင်းသားဘုန်းပွင့်ထွန်းနဲ့ ကြိုက်နေတာ မဟုတ်လား၊ ငါ အကဲခပ်နေတာကြာပြီ၊ မင်းတို့နှစ်ယောက်ကို သိပ်မသင်္ကာဘူး"

"မဟုတ်ပါဘူးဆရာရယ်"

"ဒါဆို မင်း ငါ့ကို လက်ထပ်ရမယ်"

"လက်မထပ်နိုင်ဘူး ဆရာ"

"အိမ်း…ဒါဆို ငါ့အကြောင်းသိရမယ်၊ မင်းဟာ ငါ့ကို ပဲယူရမဲ့ယ်"

ပြောပြောဆိုဆို ရမ္မက်ဇောဖြင့် အတင်းဖက်လိုက်သည်။ ရတနာက ကြောက်အားလန့်အားနှင့်ရုန်းကန်သည်။ ထိုစဉ် ဘုန်းပွင့်ထွန်းမှာ ရတနာ အခန်းထဲဝင်သွားသည်မှာ ကြာပြီဖြစ်၍ နေမထိထိုင်မသာဖြစ်နေစဉ် ပွဲငှားသူလာသည့်အတွက် …

"ဒုန်း…ဒုန်း…ဒုန်း"

"ဆရာ တံခါးဖွင့်ပါဦး၊ ပွဲငှားတဲ့သူလာနေတယ်"

"ဩော်…အေး…အေး…ဝင်ခဲ့ပါ"

ရမ္မက်သားကောင်ကိုကံလှက ဣန္ဒြေမပျက် တံခါးဖွင့်ပေးလိုက်သည်။

သည်တွင် ရတနာက အခန်းထဲမှထွက်လာခဲ့သည်။ ကိုကံလှမှာမူကား စားရခါနီးမှ ပြုတ်ကျသွားသည့်အမဲသား သဖွယ် အောင့်သက်သက်ဖြစ်နေပါသည်။ ထို့နောက် ပွဲငှားသူနှင့် စကားဆက်ပြောနေပါတော့သည်။

အိုယွန်းယုဉ်စာပေ

ရတနာ၏အရိပ်အခြေကိုကြည့်ပြီး ဘုန်းပွင့်ထွန်းက …

"ရတနာ ကိုကံလှက ဘာပြောတာလဲ"

"ဪ…ကောင်းကောင်းကဖို့နဲ့ နောက်ကပွဲတွေမှာ ညကြေးတိုးပေးမယ့်အကြောင်းကို ပြောတာပါ"

"အစ်ကိုမယုံဘူး၊ မင်းကို တစ်ခုခုလုပ်ဖို့ ကြံစည်တာလား"

"ဘာမှမဟုတ်ပါဘူး"

"ငါမယုံဘူး၊ ဇာတ်ဆရာနဲ့မင်းနဲ့ ဘာတွေဇာတ်ရှုပ်ထားလဲ"

"ကျွန်မက ဘာမှဇာတ်ရှုပ်မထားဘူး"

"အေး…ဇာတ်ထဲကလူတွေက ဇာတ်ဆရာနဲ့မင်းကို ခပ်ရှုပ်ရှုပ်လို့ ပြောကုန်ကြပြီ"

"ရှင်နဲ့တော့ ဒုက္ခပါပဲ"

"ဒီကိစ္စကို ဇာတ်ဆရာနဲ့ငါနဲ့ရှင်းမယ်"

"ရှင်းမှ ပိုပြီးရှုပ်ကုန်တော့မှာပဲ"

ဘုန်းပွင့်ထွန်းကလည်း နာမည်ကြီးမင်းသားပီပီ သည်

ပြသနာကို ချက်ချင်းရှင်းချင်သည်။ နဂိုကပင် ဖွင်းဖွင်းရှင်းရှင်း ပြောတတ်သူဖြစ်၍ ပိုဆိုးသည်။ ဇာတ်ငှားသူအပြန်တွင် ဘုန်းပွင့်ထွန်းက ဇာတ်ဆရာအခန်းထဲသို့ ဝင်သွားခဲ့သည်။

"ဩော်…မင်းသားပါလား…လာပါ…လာပါ"

သူက ချက်ချင်း မျက်နှာချိုသွေးလိုက်သည်။

"အခုတလော ပွဲငှားတဲ့သူတွေက ဆက်တိုက်လာနေတယ်၊ အဲဒါ မင်းသားကိုကြိုက်လို့တဲ့"

မင်းသားကို မြှောက်ပင့်ပြီးပြောလိုက်ပြန်သည်။

"ကဲ…မင်းသား ဘာကိစ္စရှိသလဲ ပြော"

"ဩော်…ညကြေးငွေတိုးပေးမယ်လို့ ရတနာ့ကို ပြောလိုက်တယ်ဆို"

"ဟုတ်တာပေါ့၊ မင်းသားတို့ ရတနာတို့က ဆရာ့ရဲ့ ဘယ်လက်ရုံး ညာလက်ရုံးတွေပဲ၊ ညကြေးငွေတိုးပေးမယ်၊ တိုးပေးမယ်"

"ဟုတ်ပါပြီ၊ ကျွန်တော်ကလည်း ဇာတ်ဆရာကို ကြိုတင်သတိပေးစရာရှိလို့ လာတာပါ"

"ပြောပါ…ပြောပါ"

"ဒီတစ်ခါ ဓာတ်နားရင် ကျွန်တော်ဟာ ရတနာ့ကို တောင်းရမ်းယူမယ်ဆိုတာ ကြိုတင်ပြောပြထားတာပါ"

"ဟင်"

ကိုကံလှမှာ ခဲလေသမျှ သဲရေကျဆိုသလိုဖြစ်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားပါတော့သည်။

သို့သော် ဟန်မပျက်ရန်အရေး မျက်နှာကို အမြန်ဆုံး ပြင်ပြီး အချိုဆုံးပြုံးကာ …

"ဩော်…ဒါဆို မင်္ဂလာကောင်းသတင်းပေါ့၊ တပည့် သားသမီးနှစ်ယောက် မင်္ဂလာဆောင်မှာဆိုတော့ ဆရာက ဝမ်းသာ ရမှာပေါ့၊ အိမ်း…ဆရာပဲ ကမကထလုပ်ပြီး မင်္ဂလာဆောင်ပေး မယ်၊ အေး…အေး…ဝမ်းသာပါတယ်ကွာ"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်ပြန်ပါဦးမယ်"

"အေး…အေး"

ဘုန်းပွင့်ထွန်းက ဤသို့ပြောပြီး ပြန်ထွက်လာခဲ့သည်။

"တောက်"

"မင်းလိုအကောင်ကများ ငါစားမယ့်ရွှေခွက်ကို အနူလက်နဲ့ လာနှိုက်တယ်ပေါ့၊ ဟင်း…ငါ့ရဲ့လမ်းကြောင်းထဲမှာ အန္တရာယ်လာပေးလို့ကတော့ ပေးတဲ့သူဟာ သေဒဏ်ပဲ"

"ဘုန်းပွင့်ထွန်းဆိုတဲ့အန္တရာယ်ကောင် မင်း ထမင်း ဝ,ဝစားထား"

"မင်းနဲ့ငါ ဒီတစ်ကြွေ့မှာ တွေ့ကြသေးတာပေါ့၊ ရတနာနဲ့ပေါင်းဖို့ မစဉ်းစားနဲ့၊ မင်းကိုသတ်မယ်၊ မင်းကိုသတ်မယ်"

ရည်းစားလူလု အူနုကျွဲခတ်ဆိုသလို ကိုကံလှ၏ရင်၌ တဆတ်ဆတ်နာနေသည်။ နဂိုကပင် လူမိုက်ဆန်ဆန်နေခဲ့သည့် လူတစ်ယောက်ဖြစ်သည့်အတွက် လူတစ်ယောက်သတ်ဖို့ရာ ပုရွတ်ဆိတ်တစ်ကောင်ကို သတ်ဖို့လောက်ပင် ဝန်မလေးချေ။ သည်တော့ သူက အကွက်ကျကျစီမံဖို့ စဉ်းစားခဲ့ပြီ။

သူကား…ကံကြမ္မာဆိုးကို ယူဆောင်လာဖို့ အမျိုးမျိုး စဉ်းစားခဲ့ပြီ။ မဟုတ်မခံ မှန်တာကိုပြောတတ်သည့် ဘုန်းပွင့်ထွန်း၏ကံကြမ္မာက မကြာမီ အပြောင်းအလဲတစ်ခု ဖြစ်ပေတော့သည်။ အနာဂတ်ကို ကြိုတင်မသိသည့် ဘုန်းပွင့်ထွန်းမှာမူကား

အကာမပျက် ကပြနေဆဲ။

သည်လိုနှင့်ပင် တစ်လပြည့်ရန် ရက်ပိုင်းသာလိုပါတော့

သည်။

၄င်းတို့ဇာတ်သဘင်မှာ နောက်ဆုံးနတ်ဆက်ပွဲအဖြစ် ကျ

သင်တိုင်းရွာသို့ ကပြဖျော်ဖြေရန် ရောက်ရှိလာခဲ့သည်။ ထိုရွာ

သုံးညကပြီးပါက ရန်ကုန်သို့ပြန်ပြီး ဇာတ်ခေါင်းကွဲရန်သာ

ပါတော့သည်။

ကျူသင်တိုင်းရွာကား အမာ ဇရာရွာအနီးရှိ ရွာတစ်ရွ

ဖြစ်ပြီး မြစ်ကို မေးတင်ကာထားသည့်ရွာဖြစ်သည်။ ထိုမြစ်

တစ်မိုင်ကျော်ကျော်သွားပါက ကပ္ပလီပင်လယ်ပြင်သို့ ရောက်

သွားလေသည်။

(မှတ်ချက်။ ။ ရွာအမည်ပြောင်းထားပါသည်။)

ထိုရွာကလေးကား ပင်လယ်နှင့်အလွန်နီးသဖြင့် ဘုန်းမွ

ထွန်းမှာ ငမိုးတို့အုပ်စုကို သတိရမိသည်။ ဇာတ်မကမီ တစ်ရေ

အလို စောရောက်သဖြင့် ထိုမြစ်အတွင်း ရေဆင်းကူးရင်း···

“ငမိုးရေ···ဒီ···ဒီ···ဒီ”

"ငတိုးရေ…ဒီ…ဒီ…ဒီ"

ထိုသို့ခေါ်ရင်း ရေဆင်းကူးနေခဲ့သည်။

များမကြာမီ ပင်လယ်ဘက်မှ ဒီရေနှင့်အတူ မိကျောင်းသုံးကောင်သည် ဦးခေါင်းကြီးများကိုဖော်လျှက် ဘုန်းပွင့်ထွန်းဆီသို့ ရေစုန်ပြီးလာခဲ့သည်။

"ဟာ…ငမိုးတို့အုပ်စုလာပြီ…ဒီ…ဒီ…ဒီ…ငါ ဒီမှာဟေ့"

ဟူသောအသံပေးလိုက်ရာ အမြီးကို ရေဖြင့်ရိုက်ခတ်ပြီး တဝုန်းဝုန်းအသံပေးကာ ကူးလာပါတော့သည်။

ဘုန်းပွင့်ထွန်းက သူတို့ကို သေသေချာချာကြည့်လိုက်သောအခါ ..

"ဒါ ငတိုးတို့ ငစိုးတို့ပါလား၊ ငမိုးတစ်ကောင် ဘယ်ရောက်နေပါလိမ့်"

ထိုသို့ပြောရင်း ဦးခေါင်းကိုကိုင်ကာ ကူးခတ်နေပါတော့သည်။

ဤရွာမှာ နောက်ဆုံးကပြရမည့်ရွာဖြစ်ပြီး သည်ပွဲပြီး

လျှင် ဓာတ်နှားရမည်ဖြစ်၍ …

ငစိုး၊ ငတိုးနဲ့ ငမျိုးတို့ရေ ဒီတစ်ခါတွေ့ပြီးရင် တစ်နှစ်လောက်ခွဲရဦးမယ်၊ နောက်ထပ်နွေဦးပေါက်မှ မင်းတို့နဲ့ ပြန်တွေ့ရမှာ”

ဟူ၍ ဝမ်းနည်းစကားပြောကာ ၄င်းတို့၏ဦးခေါင်းများကို ပွတ်သပ်လိုက်၊ ပြောလိုက်နှင့် အတူတူကူးခတ်နေခဲ့သည်။

ယနေ့အဖို့ ဆောင်ရွက်ရန်ကိစ္စများရှိသဖြင့် ကြာကြာမနေနိုင်တော့ပေ။

“ကဲ…မင်းတို့လည်းပြန်ကြတော့၊ ငါလည်း လုပ်စရာတွေရှိတယ်၊ နောက်နေ့မှာလည်း ငါလာခဲ့ဦးမယ်”

ထိုသို့ပြောပြီး ကမ်းစပ်သို့ပြန်လာခဲ့သည်။ ကမ်းစပ်ရောက်သည်နှင့် မိကျောင်းများမှာ ရေတွင်ငုပ်လျှိုးကာ ပျောက်ကွယ်သွားပါတော့သည်။

နောက်တစ်နေ့ညနေတွင် ကမ်းစပ်၌ ဘုန်းပွင့်ထွန်းရောက်ရှိနေစဉ် ရေလယ်ခေါင်မှ သူတို့၏ဦးခေါင်းကြီးများပေါ်လာခဲ့သည်။

"အေး…အေး…ဒီနေ့တော့ ဓာတ်ကရမှာမို့ ရေမကူး နိုင်တော့ဘူး၊ မင်းတို့ရှိမှန်းငါသိတယ်"

ဘုန်းပွင့်ထွန်းက သူတို့ကိုကြည့်ပြီး စိတ်မကောင်းဖြစ် မိသည်။ သို့သော် ညရောက်သည်နှင့် ဘုန်းပွင့်ထွန်းက နောက်ဆုံးနှုတ်ဆက်ပွဲကလေးကို မြိုင်မြိုင်ဆိုင်ဆိုင် ကခဲ့သည်။ ရွာသူရွာသားများကလည်း လက်ခုပ်သံတဖြောင်းဖြောင်းနှင့် အလွန်အမင်း အားပေးခဲ့ကြသည်။

သည်လိုနှင့် သုံးညဆက်တိုးကပြပြီး နောက်ဆုံးနှုတ် ဆက်ပွဲကလေးကို အောင်မြင်စွာ ကပြဖျော်ဖြေနိုင်ခဲ့သည်။

"အင်း…ဒီတစ်နှစ်အတွက်တော့ ပွဲခွင်ပြီးဆုံးသွားပြီ"

"ဟုတ်ကဲ့…ဓာတ်ဆရာ"

"ဒီတစ်ညတော့ ဒီရွာမှာနားမယ်၊ မနက်ဖြန်မှ ရန်ကုန် ကိုပြန်မယ်"

"ဟုတ်ကဲ့ပါဆရာ"

ဓာတ်ဆရာ ကိုကံလှ၏အလိုအရ သည်တစ်ညအဖို့ ဤရွာ၌ အိပ်ရပေတော့မည်။ ယနေ့ကား ပွဲခွင်မရှိတော့ဘ

ပြန်ရန်သာရှိသည့်အတွက် ဇာတ်သမားများ ပြန်ရန် အထုတ်အပိုးပြင်နေကြသည်။

ရတနာနှင့်ဘုန်းပွင့်ထွန်းတို့နှစ်ဦးမှာမူ လက်ထပ်ရန်အလွန်နီးကပ်လာပြီဖြစ်၍ ပျော်ရွှင်နေခဲ့သည်။

"ရတနာရေ…အစ်ကိုတို့ ရန်ကုန်ရောက်တာနဲ့ အဖေတို့အမေတို့ကို ရက်ကောင်းရက်မြတ်ရွေးပြီး လာရောက်တောင်းခိုင်းမယ်"

"အစ်ကိုရယ်၊ အစ်ကိုနဲ့အတူနေရမယ်ဆိုတော့ ရတနာလည်း အရမ်းဝမ်းသာတာပဲ"

ထိုသို့ပြောနေစဉ် ယိမ်းသမတစ်သိုက်မှာ …

"ရတနာရေ…တို့ အပြန်စားဖို့ ငါပိတို့ ငါးခြောက်တို့ သွားဝယ်ဦးမယ်၊ လိုက်ဦးမလား"

"အေး…အေး…လိုက်မယ်"

ရတနာက ပြောပြောဆိုဆို ကောင်မလေးတစ်သိုက်နှင့်လိုက်သွားခဲ့သည်။ သည်တွင် အကြံသမားကိုကံလှမှာ သူ၏အကြံအစည်ကို အကောင်အထည်ဖော်ခဲ့သည်။

အိုယွန်းယုဉ်စာပေ

ကိုကံလှမှာ လူဆိုးများငှားရမ်းပြီး အခြေအနေကိုစောင့်ကြည့်နေစဉ် ရွာသို့ထွက်သွားသည့်ရတနာကို လမ်းမှဖြတ်၍ပြန်ပေးဆွဲခဲ့သည်။

"ဟဲ့…ကောင်မလေးတွေ နင်တို့ရဲ့မင်းသမီး မသေစေချင်ရင် ဒီစာထဲမှာပါတဲ့နေရာမှာ ညနေခြောက်နာရီ ငွေခြောက်သိန်းနဲ့လာရွေးခိုင်း…ကြားလား"

"ဟုတ်ကဲ့"

"ဒီနေ့ညနေ ခြောက်နာရီမှာ ငွေခြောက်သိန်းနဲ့ လာမရွေးရင် ဒီမင်းသမီးကို သတ်ပစ်ပြီးမှတ်လိုက်…ကြားလား"

"ဟုတ်ကဲ့…ကြားပါတယ်"

"သွား…ပြန်တော့"

ယိမ်းသမလေးများမှာ ကြောက်လန့်တကြားဖြင့် ဇာတ်ရုံသို့ အပြေးပြန်လာခဲ့ကြသည်။

"ဇာတ်ဆရာကြီး…ဇာတ်ဆရာကြီး"

"ဟဲ့…ဘာတုန်းဟ"

"မင်းသမီးရတနာကို လူဆိုးတွေက ပြန်ပေးဆွဲသွားပြီ"

"ဟာ...ဒါဆို ဘယ်လိုလုပ်ကြမလဲ"

ကိုကံလှက အထိတ်တလန့်ဟန်ဆောင်ကာ မေးလိုက်သည်။

"ဒီမှာ စာပေးလိုက်တယ်၊ ဒီနေ့ညခြောက်နာရီမှာ စာထဲမှာပါတဲ့နေရာကို ငွေခြောက်သိန်းလာပေးပါတဲ့"

"ဟာ...ဒုက္ခပဲ၊ မင်းသားကိုခေါ်မှဖြစ်မယ်၊ မင်းသားကို သွားခေါ်ချည်"

"ဟုတ်ကဲ့"

ဇာတ်သမားတစ်ဦးက ဘုန်းပွင့်ထွန်းကို သွားခေါ်ခဲ့သည်။

"အဖြစ်ကတော့ ရတနာ့ကို ပြန်ပေးဆွဲသွားလို့ပဲ"

"ဒါဆို ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"ဒီစာမှာပါတာ ဖတ်ကြည့်ဦး"

"ပေး...ပေး"

"ပေပင်ကုန်းမှာ ညနေခြောက်နာရီစောင့်မယ်၊ ငွေခြောက်သိန်းနဲ့ လာရွေးပါဆိုပဲ"

အိုယွန်းယှဉ်စာပေ

"ပေပင်ကုန်းဆိုတာ ဘယ်နေရာမှာလဲ"

ဘုန်းပွင့်ထွန်းက မေးလိုက်ရာ ကိုကံလှက ...

ပေပင်ကုန်းဆိုတာ ဒီမြစ်ရဲ့ ဟောဟိုဘက်ကမ်းက ထန်းတောနားမှာရှိတယ်၊ ငါတို့ အရင်ဇာတ်က,ကတည်းက ထန်းရေသောက်ရင်း ရောက်ဖူးနေတာ၊ အဲဒီနေရာကို ငါ သိတယ်"

ထိုနေရာမှာ လူဆိုးများနှင့် သူ တိုင်ပင်ထားသည့်နေရာ ဖြစ်၍ ဤနေရာကို သူက ကောင်းကောင်းသိသည်။ သို့သော် လွန်စွာစိတ်ထိခိုက်ဟန်ဆောင်၍ ...

"ကဲ...ဘုန်းပွင့်ထွန်း ဘယ်လိုလုပ်ကြမလဲ"

"ဒါကာ သက်သက်လူပါးဝတာ၊ ဒီတော့ ပိုက်ဆံ မပေးဘဲ အဲဒီနေရာသွားပြီး လူဆိုးတွေနဲ့ တိုက်ခိုက်မယ်"

"ဟာ...စိတ်လိုက်မာန်ပါမလုပ်ပါနဲ့၊ သူတို့လိုချင်တဲ့ ငွေခြောက်သိန်း ပေးလိုက်ပါကွာ၊ ငါစိုက်ပေးပါ့မယ်၊ နောက်တော့ ပြန်ဆပ်ပေါ့"

ကိုကံလှက သူတော်ကောင်းဟန်ဆောင်ပြီး ပြောလိုက်

သည်။

"ဆရာ ငွေချေးခြောက်သိန်းဆိုတာ နည်းတာမဟုတ်ဘူး၊ ကျွန်တော်တို့အတွက် တစ်နှစ်စာလောက်ရှိတယ်၊ ကျွန်တော်တော့ မပေးချင်ဘူးဗျာ"

"မင်း...တဖွတ်ထိုးမလုပ်ပါနဲ့၊ ငွေမပါရင် လူကို သတ်ပစ်လိမ့်မယ်၊ မင်းရဲ့ချစ်သူကို အသေခံနိုင်သလား"

"ဘယ်ခံနိုင်ပါ့မလဲ ဆရာရယ်"

"ဒါဆို ငါ့ဆီက ငွေခြောက်သိန်းယူသွား၊ မင်းရယ် အဖော်နှစ်ယောက်ခေါ်သွား၊ ငါလည်းလိုက်မယ်"

"ဟုတ်ကဲ့"

"ငွေခြောက်သိန်းပေးပြီးတော့ ရွေးယူလိုက်ပေါ့၊ ပြီးရင် ရတနာ့ကို ပြန်ခေါ်လာခဲ့ပေါ့ကွာ"

"ကောင်းပါပြီဆရာ"

"အေး...ဒီအတိုင်းပဲလုပ်ရမှာပဲ"

ကိုကံလှက ငွေခြောက်သိန်းကို အလွယ်တကူထုတ်ပေး လိုက်သည်။

"ပေပင်ကုန်းကိုသွားဖို့ လှေတစ်စင်းငှားရမယ့်ငွေပေးပြီး ရတနာ့ကို အဲဒီလှေနဲ့ ပြန်ခေါ်ခဲ့ရမယ်"

"ဟုတ်ကဲ့ပါဆရာ"

ပြုလုပ်ရမည့်အကြောင်းအချက်များကို ကိုကံလှက အစီအစဉ်ချမှတ်ခဲ့သည်။ ထိုသို့စောင့်ဆိုင်းနေစဉ် ညနေငါးနာရီထိုးခဲ့ပြီ။

"ကဲ…ဘုန်းပွင့်ထွန်းရေ ငါးနာရီထိုးတော့မယ်၊ လှေလှော်ရမှာဆိုတော့ ငွေထုတ်ယူပြီးသားကြစို့"

"ဟုတ်ကဲ့ဆရာ"

ထိုသို့ပြောပြီးနောက် ဘုန်းပွင့်ထွန်း၊ ကိုကံလှနှင့် လူကြမ်းနှစ်ယောက်နှင့်အတူ သည်ဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ လှေကလေးကို လှော်ခတ်လာခဲ့သည်။

ရတနာ့အတွက် စိုးရိမ်ပူပန်လွန်းလှသဖြင့် …

"လှေကို မြန်မြန်လှော်ကြပါ"

ဟူ၍ပြောရင်း ဘုန်းပွင့်ထွန်းက ပါဝင်ပြီးလှော်ခဲ့သည်။ မကြာမီ ကမ်းစပ်သို့ရောက်လာခဲ့သည်။ သူနှင့် လူ

ကြမ်းနှစ်ယောက်က ရှေ့မှသွားပြီး ကိုကံလှက ငွေထုတ်ပိုက်ကာ နောက်မှလိုက်လာခဲ့သည်။

ဘုန်းပွင့်ထွန်းတို့လူစုမှာ မကြာမီ ပေပင်ကုန်းသို့ ရောက်ရှိသွားခဲ့သည်။

ပေပင်ကုန်းသို့အရောက်တွင် အမေရိကန်ကောင်းဘွိုင် ဦးထုပ်ဆောင်းထားပြီး ဘောင်းဘီရှည်ဝတ်ထားသူက …

"ဟေ့ကောင်တွေ…ဘယ်မှာလဲငွေထုတ်"

"ပါတယ်၊ နောက်မှာ"

"ဒါဆို ထန်းတောထဲလိုက်ခဲ့"

ထိုသို့ပြောပြီး ထန်းတောထဲသို့ဝင်သွားသဖြင့် ၄င်းတို့ အုပ်စုက နောက်မှလိုက်၍ ထန်းတောထဲသို့ဝင်ခဲ့ရာ…

"အစ်ကို…ရတနာ…ဒီမှာ…"

"ရတနာ"

ထန်းပင်တစ်ပင်၌ ကြိုးဖြင့်ချည်ထားသည့်ရတနာကို တွေ့လိုက်ရာ သူက…

"အစ်ကို…လာပြီ၊ ဘာမှမစိုးရိမ်နဲ့"

"ဟော့ကောင်…ဘယ်မှာလဲ ငွေခြောက်သိန်း"

"ဒီမှာ…ပါတယ်"

သူက ကိုကံလှဆီမှ ငွေထုတ်ကိုပြပြီး …

"ရှော့ပတ္တမြား၊ ရှော့နဂါးပဲဟော့၊ ဒီမှာ ငွေကို လာယူ၊ ရတနာ့ကို တစ်ခါတည်းဒီဘက်ကိုပို့"

"ရှော့…ဒီမှာငွေထုတ်"

"ရှော့…ဒီမှာရတနာ"

သူက ငွေထုတ်ကိုဖစ်အပေးတွင် လူဆိုးများကလည်း ရတနာကို သည်ဘက်သို့ပို့ပေးလိုက်သည်။

"အစ်ကို"

ရတနာက အပြေးကလေးလာရင်း သူ့ကိုဖက်လိုက်ရာ…

"ရတနာ…မကြောက်နဲ့နော်"

ဤသို့ အားပေးစကားပြောစဉ်…

"ဖြောင်း"

"ဖြောင်း"

"ဖြောင်း"

"ဒါကတော့ မင်းသားနဲ့မင်းသမီးရဲ့ အကယ်ဒမီရှော့ပဲ"

"ဟား…ဟား…ဟား…"

ကိုကံလှနှင့်လူဆိုးများက ဟားတိုက်ရယ်မောလိုက်ရာ…

"ဒါ…ဒါ…ဘာသဘောလဲ"

"ဒါ…ရယ်စရာမဟုတ်ဘူး"

ဘုန်းပွင့်ထွန်းက ကိုကံလှတို့လူတစ်စုကို အံ့သြစွာကြည့်ပြီး မေးလိုက်သည်။ သည်တွင် ကိုကံလှက …

"မင်းဟာ တော်တော်တုံးတဲ့အကောင်ပဲ၊ ဘာဖြစ်လို့ရယ်တာလဲသိလား၊ ဒါဟာ ဘကယ့်ပြန်ပေးဆွဲတာမဟုတ်ဘူး၊ မင်းကို ဒီဘက်ကမ်းရောက်အောင် မျှားပြီးခေါ်တာ"

ဤသို့ပြောလိုက်သည်။

"ခင်ဗျားက ကျုပ်ကိုမျှားပြီးခေါ်တာ၊ ဟုတ်လား"

"ဟုတ်တယ်"

"ခင်ဗျားနဲ့ကျုပ်၊ ဘာရန်ညှိုးရန်စရှိလို့ ဒီလိုလုပ်ရတာလဲ"

"မင်းကမသိသေးတော့ ပြောရတာပေါ့ကွာ"

"ရည်းစားလူလု…အူနုကျွဲခတ်ဆိုတဲ့စကားပုံကို ကြားဖူးလား"

"သိပ်ကြားဖူးတာပေါ့ဗျာ၊ ဒီနေရာမှာ ခင်ဗျားဟာ ဒီစကားပုံနဲ့မတန်ဘူး၊ သူများမယားလိုချင်ရင် သူ့လင်ကို လှံနဲ့ထိုးဆိုတဲ့စကားပုံနဲ့မှ တန်တာ"

"ဟား…ဟား…ဟား…ရယ်စရာကောင်းလိုက်လေကွာ၊ ဘာပဲဖြစ်ဖြစ် ရတနာနဲ့မင်းက ယူတော့မှာဆိုတော့ ရတနာကို မင်းလက်ထဲအပါမခံနိုင်ဘူး၊ ဒါကြောင့် မင်းကို လက်စဖျောက်ပြီး ငါက ရတနာလေးနဲ့ ပျော်ပျော်ကြီး လက်ထပ်မလို့"

"ခင်ဗျားကြီးက လူယုတ်မာကြီး"

"ခွပ်"

"ခွပ်"

"ဘုန်း"

"ဘုန်း"

ထိုသို့ပြောနေစဉ် လူဆိုးမျိုးက သူ့ကိုချုပ်ပေးပြီး လူဆိုး တစ်သိုက်က ဝိုင်းဝန်းထိုးကြိတ်ကြသည်။ ဘုန်းပွင့်ထွန်းကလည်း ပြန်ပြီးထိုးကြိတ်ကြရာ ...

"အစ်ကို့ကို ဘာမှမလုပ်ကြပါနဲ့၊ တောင်းပန်ပါတယ်"

ဟူ၍ ငိုယိုကာ ရတနာက တောင်းပန်ခဲ့သည်။

သားကောင်ကို အကြင်နာမထားသည့် ကျားစဉ်းလဲကဲ့သို့ တစ်ယောက်နှင့်အများ ဝိုင်းပြီးထိုးကြိတ်ခဲ့ရာ ဘုန်းပွင့်ထွန်းမှာ သတိလစ်ပြီး လဲကျသွားပါတော့သည်။

"အမလေး...လုပ်ကြပါဦး၊ အစ်ကိုသေပါပြီ"

"ဒီလောက်တောင် အသံထွက်ချင်တဲ့ကောင်မ၊ ကဲကွာ"

"ဖြောင်း"

"ဖြောင်း"

ရတနာက ဘုန်းပွင့်ထွန်းလဲကျသွားသဖြင့် အော်လိုက်

ရာ ရဟန်းကိုပါ လက်ပြန်ထပ်ဆင့်ရိုက်လိုက်သည့်အတွက် သူမပါ မေ့လဲကျသွားခဲ့သည်။

"ဆရာကြီး ဒီကောင်မေ့နေပြီ၊ ဘယ်လိုလုပ်ရမလဲ"

"သူ့ကိုထမ်းလာပြီး ရေထဲပစ်ချလိုက်"

"ဒါဆို မင်းသမီးကိုရော ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"အေး...သူ့ကိုတမ်းပြီး လှေပေါ်တင်လိုက်၊ ငါတို့ ဇာတ်ရုံဘက်ကိုပြန်မယ်"

"ဒါဆို မင်းသားဘယ်မှာလဲလို့မေးရင် ဘယ်လိုပြောမလဲ"

"လူဆိုးတွေနဲ့တိုက်ခိုက်ရင်း ကျန်ရစ်ခဲ့တယ်လို့ ပြောပေါ့ကွာ၊ ဒီကောင့်ကို ရေထဲပစ်ချမှတော့ သေပြီပေါ့၊ ဘာပြောစရာရှိသေးလဲ"

"ဟုတ်တယ်...ဟုတ်တယ်...ဆရာကြီးက အကြံသိပ်ကောင်းတယ်"

"အကြံကောင်းတယ်လုပ်မနေနဲ့၊ ဟိုကောင်က မင်းသား မသာကိုထမ်း၊ နောက်တစ်ကောင်က မင်းသမီးကိုထမ်းပြီး ကမ်းစပ်ကိုလိုက်ခဲ့"

"ဟုတ်ကဲ့ဆရာကြီး"

ထိုဘက်ကမ်းမှာ ရွံ့နွံများသာရှိသဖြင့် လူအသွားအလာ မရှိသလောက် ကျဲပါးလှသည့်အတွက် ၎င်းတို့ကို မည်သူမျှ မမြင်ကြပေ။

မြစ်ဆိပ်ကမ်းရောက်သည်နှင့် ၎င်းတို့နှစ်ယောက်ကို လှေပေါ်တင်ပြီး လှေလှော်လာခဲ့သည်။ မြစ်ကမ်းမှခွာပြီး မကြာခင် ကိုကံလှက ...

"သွားပေတော့...မသာမင်းသားရေ"

ဟုပြောကာ ရေထဲသို့ကန်ချလိုက်သည်။

ဘုန်းပွင့်ထွန်းလည်း ထိုမြစ်ကြီးထဲသို့ကျသွားပြီး တဖြည်းဖြည်း နစ်မြုပ်သွားရာ သူ၏ဦးခေါင်းနှင့် မြစ်ကြမ်းပြင်တိုက်မိပြီး ...

"ဝုန်းကနဲ"ဖြစ်ကာ သတိပြန်ရလာပါတော့သည်။

"ဟာ…ငါဘယ်ရောက်နေတာလဲ"

"ရေအောက်ရောက်နေပါလား"

သူက သီလျှင်သီချင်း ရေကို ခြေထောက်ဖြင့်ယက်ပြီး မြစ်ပြင်ပေါ်သို့ပြန်တက်လာရာ …

"သြော်…ကိုကံလှနဲ့အဖွဲ့က ငါ့ကိုထိုးကြိတ်ပြီး ရေထဲပစ်ချတာကိုး၊ ဒါဆို သူတို့ ရဘာနှာ့ကို ခေါ်သွားကြပြီနဲ့တူတယ်"

ထိုသို့တွေးမိပြီး ခပ်လှမ်းလှမ်းသို့ရောက်နေသောလှေအား လှမ်းကြည့်လိုက်ရာ လှေပေါ်တွင် ပက်လက်လန်လဲနေသည့် ရတနာ့ကို မသဲမကွဲတွေ့လိုက်ရသည်။

"လက်စသတ်တော့ သူ့မယားလိုချင် သူ့လင်ကိုလံနဲ့က ထိုးတာပါလား"

"ဒီတော့ ငတိုးတို့ ငစိုးတို့ကို ခေါ်ကြည့်ဦးမှပဲ"

"ငတိုးရေ…ဒီ…ဒီ…ဒီ"

"ငစိုးရေ…ဒီ…ဒီ…ဒီ"

ဟူ၍ခေါ်လိုက်ရာ မကြာမီ မိကျောင်းများရောက်ရှိလာ

ပါတော့သည်။

"တိုးရေ…ငါ့ကိုတင်ပြီး လှေနောက်လိုက်"

သူက လှေကို လက်ညှိုးညွှန်ပြပြီးလိုက်ခိုင်းရာ မိကျောင်

ကြီးကလည်း တရှိန်ထိုးလိုက်ရာ မကြာမီ မီလာပါတော့သည်

"ဟော့ကောင်…လူယုတ်မာကံလှ"

ဟူ၍လှမ်းအော်လိုက်ရာ လှေပေါ်တွင်ရှိသည့်ကံလှမှ

ဘုန်းပွင့်ထွန်းအား မြင်သွားရာ …

"ဘုန်း…ဘုန်းပွင့်…ဘုန်းပွင့်ထွန်း…"

ဟူ၍ တစ္ဆေတစ်ကောင်ကိုမြင်၍ ကြောက်လန့်သကဲ့

အထစ်ထစ်အငေါ့ငေါ့နှင့် ပြောလိုက်သည်။

"အေး…ဟုတ်တယ်၊ ငါ ဘုန်းပွင့်ထွန်းပဲ၊ မင်းသတ်

မသေတဲ့ ဘုန်းပွင့်ထွန်းပဲ"

"ဟာ…ဟိုမှာ…မိကျောင်းတွေပါလား၊ လှေကို မြန်

လှော်ပါကွ"

"ဘာလဲ…မိကျောင်းတွေတွေ့လို့ မင်းတို့ ကြောက်နေလား၊ အဲဒါ မင်းတို့ကို ငရဲကိုပို့မယ့် မရဏသားကောင်ပဲ"

"ငါတို့တောင်းပန်ပါတယ်ကွာ၊ မိကျောင်းနဲ့တော့ မတိုက်ပါနဲ့"

"ဘာအခုမှ တောင်းပန်နေတာလဲ၊ လုပ်တုန်းက လုပ်ထားပြီးတော့ အလှည့်ကျရင် မနွဲ့စတမ်းပေါ့"

"မလုပ်ပါနဲ့ ဘုန်းပွင့်ထွန်းရယ်၊ ငါ အထူးတောင်းပန်ပါတယ်ကွာ၊ ထိုသို့ပြောနေစဉ် ရတနာ သတိရလာပြီး…

"အစ်ကိုရေ…သူတို့ကိုအလျော့မပေးနဲ့၊ အစ်ကို့ကို သူတို့ အသေသတ်တာ"

"တယ်…ဒီကောင်မက တစ်မျောင့်"

"ကဲ…ဒါဆိုရင် ကံလှနဲ့အဖွဲ့သားများ ဘုရားတရားသာ တ,ပေတော့"

ထိုသို့ပြောပြီး လှေကိုဆွဲမှောက်လိုက်ရာ …

"အမလေး…လုပ်ကြပါဦး"

အိုယွန်းယုဉ်စာပေ

"အမလေး…မိကျောင်းကြီးဗျ"

ကိုကံလှတို့အဖွဲ့သားများအားလုံး ရေထဲသို့ထိုးကျသွားသည်။

သည်တွင် ဘုန်းပွင့်ထွန်းမှာ ရတနာ့အားလှမ်းပွေ့ပြီး ကူးခတ်လိုက်သည်။

"ကဲ…ငါ့သားကြီး ငတိုးတို့ ငစိုးတို့ရေ မင်းတို့အတွက် အစာတွေပဲ၊ ငါ့ရဲ့ရန်သူတွေကို တုန့်ပြန်တိုက်ခိုက်တော့"

ဟူ၍ ကျယ်လောင်သောအသံကြီးဖြင့် အမိန့်ပေးလိုက်ရာ မိကျောင်းများမှာ အမြီးဖြင့် ရေပြင်ကို တဝုန်းဝုန်းရိုက် ကာ…

"ဝုန်း"

"ဝုန်း"

"ဝုန်း"

ဟူသောအသံများနှင့်အတူ ပါးစပ်ကြီးဖြဲပြီး ရမ္မက်၏ သားကောင် ကိုကံလှ၏လည်ပင်းကိုကိုက်ပြီး ရေအောက်ကြမ်းပြင်ဆီသို့ ခေါ်ဆောင်သွားသည်။

ကျန်မိကျောင်းများကလည်း လူဆိုးအဖွဲ့သားများနှင့် လူကြမ်းတို့ကို ကိုက်လိုက်ရာ …

"အမလေး…လုပ်ကြပါဦး"

"ကယ်ကြပါဦး"

"နောက်မလုပ်တော့ပါဘူး"

ဟူသောအသံများ ဆူညံစွာပေါ်ထွက်လာခဲ့ပြီး ထိုနေရာ တစ်ဝိုက်ရှိရေပြင်မှာ သွေးချင်းချင်းနနေသည်။ မိကျောင်းတစ်သိုက်က ထိုလူများအားလုံးကို ကိုက်ချီပြီး ရေအောက်ကြမ်းပြင်သို့ ဆွဲချသွားခဲ့သည်။ ဤသို့ဖြင့် ရမ္မက်သားကောင် ကိုကံလှနှင့်အဖွဲ့သားများမှာ မရဏကမ္ဘာသို့ ရောက်ရှိသွားပါတော့သည်။

သည်တွင် မှောက်ခုံဖြစ်နေသောလှေကလေးကို ပြန်လှန်ပြီး ရတနာ့ကိုတင်ကာ …

"ကျေးဇူးပဲ ငတိုးတို့ ငစိုးတို့ ငမျိုးတို့ရေ၊ ဒီတစ်ခါ ငါ့ရဲ့အသက်ကိုကယ်တာ မင်းတို့ပါပဲ"

ထိုသို့ပြောရင်း လှေကလေးကိုလှော်ခတ်လာခဲ့သည်။

အိုယွန်းယုဉ်စာပေ

"ငတိုးတို့ရေ နောက်နှစ်နွေဦးမှာ ငါ မင်းတို့ဆီကို ပြန်လာခဲ့ဦးမယ်၊ မင်းတို့ရဲ့ကျေးဇူးကို ငါ တစ်သက် ဘယ် တော့မှမမေ့ပါဘူးကွာ၊ အဲဒီအခါကျရင် ငါးပေါက်တွေ အများကြီး ယူခဲ့မယ်နော်"

ထိုသို့ပြောရင်း လက်ကို ဝှေ့ယမ်းပြလိုက်ရာ မိကျောင် များမှာလည်း အမြီးတယမ်းယမ်းဖြင့် ပင်လယ်ဘက်သို့ဦးတည် လျက် ...

"ရတနာရယ် အစ်ကိုတို့ဟာ ဖူးစာမှန်လို့ သေမင် နူတ်ခမ်းက ထွက်လာခဲ့တာ၊ ရန်ကုန်ရောက်တာနဲ့ လက်ထပ် မယ်"

"ဟုတ်ပါတယ်အစ်ကိုရယ်၊ အစ်ကို့လိုအဖြစ်မျိုးက တစ်ထောင်မှာ တစ်ယောက်ဆိုသလို အင်မတန်ရှားပြီး ထူးခြာ တဲ့ချစ်သူမျိုး၊ ရန်ကုန်ရောက်တာနဲ့ တစ်ခါတည်းကို လက်ထပ် ပစ်လိုက်မှာ"

"ဖြည်းဖြည်းပြောပါရတနာရယ်၊ အသံကျယ်လွန်းလို

လှေလန်ပြီး လှေမှောက်သွားမှ"

"သွား…မဟုတ်ကဟုတ်က"

ထိုသို့ပြောပြီး ရတနာက ဘုန်းပွင့်ထွန်းကို လက်သီး ဆုတ်ကလေးဖြင့် မနာအောင် အသာထုလိုက်ရာ …

"အား…အမလေး…နာလိုက်တာ"

ဟူ၍ ဘုန်းပွင့်ထွန်းထံမှ ကျယ်လောင်သောအသံကြီးဖြင့် အော်ရင်း ရတနာကလေးကို လှမ်းဖက်လိုက်ပါတော့သတည်း။

---

ရိုရိုငွေး

စာရေးဆရာမကြီး **ဂျူးဂျူးငွေး**

၏

ထွက်ရှိပြီးသော ဂမ္ဘီရလုံးချင်းဝတ္ထုများ

၁။ ပန်းဒဏ္ဍာရီ
၂။ စိတ်လှုပ်ရှားဖွယ် ဖန်ခွက်ကလေး
၃။ လူးရတနာသိုက်
၄။ မြွေဖြူတောင်ရှင်မ
၅။ နဂါးကိုးကောင်ဒေဝီ
၆။ ဘီလူးမျက်ရည်
၇။ မြစိမ်းရောင်ဂူနန်းရှင်
၈။ ကပ္ပတိန်ဇော်ထက်နှင့်ရုပ်ထုကမ္ဘာကျွန်း
၉။ အဏ္ဏဝါကျူရိုးရှင်
၁၀။ ခြေရာတစ်ထောင်မောင်မဲခေါင်နှင့် မနုဿဝံပုလွေ
၁၁။ ကောသံဗြီမျက်ရှင့်
၁၂။ တွံတေးတောကြီးတန်းမှ ဆေးရည်စိမ်မင်းသားလေး
၁၃။ စက္ကောမ မှတ်တမ်း
၁၄။ မော်ကင်းလိပ်ပြာ၏ လွမ်းသံစဉ်
၁၅။ မြောက်ကျွန်းသူဖိုခနောက်
၁၆။ အန္တရာယ်ချစ်သူ့ကောရီ
၁၇။ သွေးစက်သခင်
၁၈။ မြွေနတ်သမီး၏ သွေးစက်မျက်ရည်
၁၉။ နဂါးနက်ရေအိုင်

၂၀။ ယက္ခညီနောင်နှင့် ပျောက်ဆုံးနေသောမြို့တော်
၂၁။ ဝိညာဉ်ခုနစ်ဖော်နှင့် လောကဓာတ်နတ်ဆိုး
၂၂။ မဏိပူရ၏ သွေးဝိညာဉ်
၂၃။ လူသေ့သမီး
၂၄။ ရေခဲတောင်ဝိညာဉ်နှင့် လူစွန့်စားရဲခေါင်
၂၅။ ပန်းဒါရှူ၏ချစ်သူ
၂၆။ လူးရတနာသိုက်
၂၇။ စကြာနွယ်စဉ်အကျဉ်းသား
၂၈။ ကညင်ပင်ကွေ့ ကိုးလောင်းတွေ့
၂၉။ မြွေဖြူနန်းရှင်သခင်မ
၃၀။ ဝိညာဉ်ဖြူကျိန်စာနှင့် သွေးစွန်းသောပတ္တမြားကြီး
၃၁။ ဂူနန်းရှင်နှင့် မြစိမ်းကျွန်း
၃၂။ နက္ခတ္တဒေဝီနှင့် ပုတ္တကျိန်စာ
၃၃။ မာယာတစ္ဆေ
၃၄။ ထူးခြားဖြစ်စဉ် ကျိုက်ထီးရိုးတစ်ခွင်
၃၅။ အတ္တအကျဉ်းသား
၃၆။ မိစ္ဆာတောင်ကြားမှ ဒေါ်မဲဝါ
၃၇။ တစ်ကျော့ပြန်ဝိညာဉ်ကျိန်စာ **ယခုလ** ထွက်ပြီ